မြားမှ်
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၈ ရက် တွင် စတင်ထုတ်ဝေခဲ့သည်။
၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (8-1-2014) (၇၇၁၉)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ယနေ့ မာတိကာ

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသား ကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

စာမျက်နှာ - ၇

တစ်နာရီလျှင် ၁၁၀၀ မိုင် နှုန်းဖြင့် ပျံသန်းမည့် Spike Aerospace S-512

စာမျက်နှာ - ၇

တက္ကသိုလ်အဆောင်တွေ ပြန်ဖွင့်ပြီတဲ့

စာမျက်နှာ - ၁၀

ကမ္ဘာကျော် မျက်လှည့်ပညာရှင် ဒေးဗစ် ကော်ပါဖီးလ် ပြင်သစ် ဒီဇိုင်နာတစ်ဦးနှင့် စေ့စပ်

စာမျက်နှာ - ၁၂

အသင်းကို သွေးသစ် လောင်းရန်အတွက် ပေါင်သန်း ၂၀၀ ခန့် မိုယက်စ် သုံးစွဲမည်

စာမျက်နှာ - ၁၃

လာမည့်ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်၊ ပင်စင်လစာနှင့်ဆုကြေးငွေများ တိုးမြှင့်ပေးရေးဆောင်ရွက်မည်

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၁၄) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။(အောက်ပုံ)

ယင်းအစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ အသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၁၄ ခုနှစ်အခွန်အကောက်ဆိုင်ရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

❖ နှစ်စဉ် အရ အသုံးခန့်မှန်းခြေလျာထားချက်များ ပြုလုပ်သည့်အခါ ယခင်နှစ် အရအသုံးများကိုသာ အခြေခံခန့်မှန်းခြင်းမျိုးမဟုတ်ဘဲ အစိုးရ၏မူဝါဒကို အခြေခံသော၊ ဌာနအဖွဲ့အစည်း၏ စွမ်းဆောင်ရည်ကိုအခြေခံသော အရအသုံး စာရင်းများဖြစ်လာစေရန် မိမိတို့ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

❖ ဤဘဏ္ဍာငွေ အရအသုံးစာရင်းများသည် မိမိတို့ရည်မှန်းထားသော ပြည်သူ ဗဟိုပြုဖွံ့ဖြိုးမှုစီမံကိန်းများကို အချိန်တိုအတွင်း လျင်လျင်မြန်မြန် ဖော်ဆောင်နိုင်စေရန်အတွက် အထောက်အပံ့ဖြစ်စေရမည်။

အာဆီယံအစည်းအဝေးများအတွက် ပြင်ဆင်လျက်ရှိ

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အလှည့်ကျဥက္ကဋ္ဌတာဝန် တစ်နှစ်သက်တမ်းအတွင်း ကျင်းပမည့် ဆွေးနွေးပွဲများအတွက် မြန်မာနိုင်ငံသည် အပြည့်အဝ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိများ အစည်းအဝေးအပါအဝင် အစည်းအဝေးပေါင်း ၃၀၀ ကျော်ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပုဂံမြို့တို့၌လက်ခံကျင်းပသွားမည်ဖြစ်သည်။

ပထမဆုံးအကြိမ်ကျင်းပမည့် ဒေသတွင်းဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ပြည်တွင်းပြည်ပ ကိုယ်စားလှယ် ၁၅၀၀၀ ကျော်တက်ရောက်နိုင်ရန် စီစဉ်ထားရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အစည်းအဝေးများသို့ တက်ရောက်လာမည့် ဧည့်သည်တော်များနှင့် အစည်းအဝေးများအတွက် တည်းခိုနေထိုင်ရေး၊ လုံခြုံရေး၊ သယ်ယူပို့ဆောင်ရေးနှင့် သတင်းထုတ်ပြန်ရေးတို့အတွက်လည်း ပြင်ဆင်ထားပြီးဖြစ်သည်။ နိုင်ငံတော်ဧည့်ဂေဟာတွင် အခန်းပေါင်း ၁၈၄၈ ခန်းရှိပြီး ဧည့်သည်တော် ၃၀၀၀ ခန့် တည်းခိုနေထိုင်နိုင်သည်။ နေပြည်တော်တွင် ဟိုတယ် ၇၇ လုံးရှိပြီး အခန်းပေါင်း ၄၀၀၀ ရှိသည်။

ဒေသတွင်းထိပ်သီးအစည်းအဝေးများနှင့် အခြားအစည်းအဝေးများလက်ခံကျင်းပမည့် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❐

ကြေးမုံစာတည်းရှုထောင့် ၈-၁-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

စိတ်ဓာတ်ခွန်အား ပေးကြပါစို့

"မသန်စွမ်း" ဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် မသန်မစွမ်းဖြစ်နေကြသော်လည်း ဘဝကို အရှုံးမပေးကြဘဲ ကိုယ်စွမ်းဉာဏ်စွမ်းပြနိုင်သောသူများ "မသန်သော်လည်း စွမ်းနိုင်သူ" တို့ကို ဂုဏ်ပြုတင်စားကာ "မသန်စွမ်း" ဟု ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် မသန်မစွမ်းဖြစ်နေကြသူများကို ပစ်ပယ်ထားခြင်းမရှိပါ။ နိုင်ငံတော်နှင့် အဖွဲ့အစည်းများက ၎င်းတို့၏ ဘဝများကို မြှင့်တင်ထူထောင်ပေးနိုင်သဖြင့် မသန်စွမ်းသူတို့၏ ဘဝအတွက် စိတ်အားငယ်စရာမလိုဘဲ မြင့်မားတိုးတက်လာသည်ကို တွေ့ရမည် ဖြစ်ပါသည်။

ထိုသို့သော မသန်စွမ်းသူများအနေဖြင့် နိုင်ငံတကာအလယ်တွင် အစွမ်းအစပြနိုင်မည့် အခွင့်အလမ်းတစ်ရပ်ကို ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ရကြတော့မည်ဖြစ်သည်။ ထိုအခွင့်အရေးမှာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် သတ္တမအကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကြီးပင် ဖြစ်သည်။

အဆိုပါ အားကစားပြိုင်ပွဲကြီးကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး လက်ရှိတွင်လည်း မသန်စွမ်းအားကစားသမားများက အင်တိုက်အားတိုက် လေ့ကျင့်ပြင်ဆင်နေကြပါသည်။ ပြီးစီးခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး နောက်ပိုင်းတွင် တစ်ဆက်တည်းကျင်းပမည့် ဒုတိယမြောက် အိမ်ရှင်နိုင်ငံ အားကစားပြိုင်ပွဲဟုလည်း ဆိုနိုင်ပါသည်။

ပထမကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် မြန်မာအားကစားပရိသတ်ကြီးက တစ်ခဲနက်အားပေးထောက်ခံကြသောကြောင့် မြန်မာအားကစားသမားများ စိတ်ဓာတ်ခွန်အား ပိုမိုတက်ကြွကာ အောင်မြင်မှုများ အသီးသီးရရှိခဲ့သည်မှာ ငြင်းနိုင်ဖွယ်မရှိပါ။ ယခုကျင်းပမည့် ပြိုင်ပွဲကြီးမှာ ကိုယ်လက်အင်္ဂါချို့တဲ့နေကြသော မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများဖြစ်၍ အဆိုပါအားကစားသမားများ အောင်မြင်မှုများရရှိစေရန် ပြည်သူအားလုံးက ပိုမိုအားပေးမြှင့်တင်ရမည့် တာဝန်ရှိပါသည်။

အကြောင်းအမျိုးမျိုးကြောင့် ကိုယ်လက်အင်္ဂါချို့ယွင်းပြီး စိတ်အားငယ်နေသူများ၊ မသန်စွမ်းဖြစ်နေကြသူများအား စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးဖို့ လိုအပ်ပါသည်။ နိုင်ငံတော်နှင့် အဖွဲ့အစည်းများက အားပေးစောင့်ရှောက်မြှင့်တင်မှုနှင့်အတူ ၎င်းတို့၏ဘဝကို အရှုံးမပေးဘဲ ကြိုးစားအားထုတ်နိုင်မှုတို့ကြောင့် အားကစားပညာရပ်တွင် ထူးချွန်စွာ စွမ်းဆောင်နိုင်သူများ ဖြစ်နေကြပါသည်။

ခြေနှစ်ဖက်၊ ခြေတစ်ဖက်နှင့် ခန္ဓာကိုယ်အောက်ပိုင်း မသန်စွမ်းတော့သော အားကစားသမားများမှာ လက်ဖြင့် သံလုံးပစ်၊ လှံတံပစ်၊ သံပြားပစ်၊ ဘီးချဲပြေး၊ ထိုင်လျက်ဘော်လီဘော ပြိုင်ကြမည်။ လက်မရှိသော မသန်စွမ်းအားကစားသမားများက ခြေထောက်ဖြင့် ရေကူး၊ ခြေထောက်ဖြင့် အပြေးပြိုင်ကြမည်။ မျက်စိမမြင်ကြသော မသန်စွမ်း အားကစားသမားများကလည်း ခြေထောက်ဖြင့် အပြေးပြိုင်မည်။ လက်ဖြင့် စစ်တုရင်ကစားကြမည်ဖြစ်သည်။

ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အတော်ဆုံးနှင့် အကောင်းဆုံး မသန်စွမ်းအားကစားသမား ၅၈ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရွှေတံဆိပ်ဆု အနည်းဆုံး ၁၅ ဆုရရှိမည်ဟု မျှော်မှန်းထားသည်။ မသန်စွမ်းသူတို့၏ မသန်သော်လည်း စွမ်းဆောင်မှုများသည် ကိုယ်လက်အင်္ဂါမပြည့်စုံဘဲ နိုင်ငံ့ဂုဏ်တက်အောင် စွမ်းဆောင်ခြင်းဖြစ်၍ ထိုမသန်စွမ်းသူများကို စိတ်ဓာတ်ခွန်အား ပိုမိုမြှင့်တင်ပေးကြရမည်ဖြစ်သည်။

မြန်မာအားကစားပရိသတ်ကြီးအနေဖြင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားသမားများကို တစ်ခဲနက်အားပေးခဲ့ကြသလို ယခုကျင်းပမည့်ပြိုင်ပွဲတွင် မသန်စွမ်း အားကစားသမားများကို အားပေးခြင်းသည် နိုင်ငံ့ဂုဏ်တက်အောင် ဆောင်ရွက်ခြင်းဖြစ်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းလည်း မည်ပေသည်။

သို့ဖြစ်ရာ သတ္တမအကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခြင်းမှာ နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်သလို မသန်စွမ်းအားကစားသမားများကို တစ်ခဲနက်အားပေးခြင်းမှာ လူမှုမေတ္တာတရား စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်းလည်းဖြစ်၍ ဇန်နဝါရီ ၁၄ ရက်တွင် ပြည်သူတစ်ရပ်လုံးက တစ်ခဲနက်အားပေးကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပျူမြို့ဟောင်းများကြီးကြပ်ညှိနှိုင်းရေး ပဥ္စမအကြိမ်ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၇

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ဖွဲ့စည်းထားသော ပျူမြို့ဟောင်းများ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ (Pyu Ancient Cities Coordinating Committee)(PYU COM) ပဥ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်၌ ကျင်းပရာ ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီနာယက ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပျူရှေးဟောင်းမြို့ သုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် ကမ္ဘာ့အမွေအနှစ်ကော်မတီမှ ရွေးချယ်သတ်မှတ်ပေးသော အကြံပေးအဖွဲ့ (ICOMOS) မှ ကျွမ်းကျင်ပညာရှင်သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင် လာရောက်စစ်ဆေးမည်ဖြစ်ပြီး ကြိုတင်စီစဉ်ဆောင်ရွက်ထားရမှုများနှင့် သုတေသနလုပ်ငန်းများ၊ ထိန်းသိမ်းရေးလုပ်ငန်းများ၊ ပြတိုက်ဆိုင်ရာလုပ်ငန်းများနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ၊ ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စများကို ဆွေးနွေးကြသည်။

ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် လူသိများထင်ရှားသည့် (Maha Lawkamarazein or Kuthodaw Inscription Shrines)ကုသိုလ်တော်ကျောက်စာတွင် ကျောက်စာချပ်ပေါင်း ၇၂၉ ချပ်ရှိပြီး ဗုဒ္ဓပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ထားခြင်းဖြစ်သည်။ ယင်းကျောက်စာများကို ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးက စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမွေအနှစ်ကို တောင်ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့၌ ၂၀၁၃ ခုနှစ် ဇွန် ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် အစည်းအဝေးတွင် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က သဘောတူအတည်ပြုခဲ့ပြီး ၂၀၁၃ ခုနှစ် UNESCO Memory of the World စာရင်းတွင် ထည့်သွင်းအတည်ပြုခဲ့ခြင်းသည် မြန်မာနိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ဆောင်ရွက်ပြီးဖြစ်သည့်အပြင် ပျူခေတ် မြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရွှေဈေး ဇန်နဝါရီ ၇

ရန်ကုန် ရွှေဈေး	၆၅၅၂၀၀	- ၆၅၆၂၀၀
မန္တလေး ရွှေဈေး	၆၅၅၂၀၀	- ၆၅၆၂၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၅. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၄၁. ၉
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၆. ၁၄
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၇၄
(င)	ထိုင်း	တစ်ဘတ်	= ၂၉. ၇၄၉
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၉. ၆၂
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၀၇
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၄၂. ၈၁
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၂၁၆
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၀. ၀၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ မြန်မာဝူရှူး အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ မြန်မာဝူရှူး အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ Alpine သောက်ရေသန့်ရုံးချုပ်၌ ပြုလုပ်ရာ ဝူရှူးပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ်ငါးခု ရရှိခဲ့သည့် မြန်မာအားကစားသမားများကို ရွှေတံဆိပ်တစ်ဆုလျှင် ကျပ်သိန်း ၅၀၊ ငွေတံဆိပ်တစ်ဆုလျှင် ကျပ်သိန်း ၃၀၊ ကြေးတံဆိပ်တစ်ဆုလျှင် ကျပ်သိန်း ၂၀ စုစုပေါင်း ကျပ်သိန်း ၅၀၀ အား မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂျပန် – မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော်　ဇန်နဝါရီ　၇

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံလွှတ်တော် ဥပဒေရေးရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr. Ichiro AISAWA နှင့် Liberal Democratic Party (LDP), Democratic Party, Japan Restoration Party တို့မှ လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့်အတူ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဌေးဦး၊ ဒေါက်တာခင်ရွှေ၊ ဦးဌေးမြင့်၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသော ဦးစောလှထွန်း၊ ဦးကြည်သာ၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ ဂျပန်-မြန်မာ နှစ်နိုင်ငံ လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံလွှတ်တော်ချစ်ကြည်ရေးအသင်း ဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ဂျပန်-မြန်မာ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း၊ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း ကဏ္ဍစုံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

✱ ဒဂုံမြို့သစ်မှ

အဆိုပါ တိုက်ခန်းများအား နည်းလမ်း(၂)သွယ်ဖြင့် ရောင်းချရန်ဖြစ်ပြီး နည်းလမ်း(၁) အရစ်ကျဝယ်ယူမှု၊ နည်းလမ်း (၂) ဘဏ်ချေးငွေဖြင့် ဝယ်ယူမှုတို့ဖြစ်သည်။ ဘဏ်ချေးငွေမှာ လေးနှစ်အများဆုံး သတ်မှတ်ထားပြီး အစိုးရဝန်ထမ်းဖြစ်ပါက လုပ်သက်အနည်းဆုံး အနှစ်(၂၀) ရှိရမည်ဖြစ်ပြီး အမှန်တကယ်နေထိုင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်ပါရှိရမည်ဖြစ်သည်။ အခြားလျှောက်ထားမည့်သူများအနေဖြင့် နိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်သူ အိမ်ထောင်ဦးစီးဖြစ်ရမည်။ လျှောက်ထားမည့်သူ၏ မိသားစုလစဉ်ဝင်ငွေသည် အနည်းဆုံး ကျပ်သုံးသိန်းရှိရပါမည်။

ဗိုလ်ဗထူးတန်ဖိုးမျှ အိမ်ရာစီမံကိန်းအား ၂၀၁၃ ခုနှစ် မေလတွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းကာလ နှစ်နှစ်ကြာမြင့်မည်ဖြစ်သည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်သူလူထုသို့ ကြိုတင်ရောင်းချမည် ဖြစ်သဖြင့် ဖော်ပြပါစည်းကမ်းချက်များနှင့် ကိုက်ညီသူများသည် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ ကိုယ်တိုင်ရေး လက်ရေးမူလျှောက်လွှာဖြင့် လျှောက်ထားရမည်ဖြစ်ပြီး လက်ရေးမူ နမူနာပုံစံနှင့် ပူးတွဲရမည့် အချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)မြေညီထပ် ကြော်ငြာဘုတ်တွင် ကပ်ထားပေးသည့်အတွက် အများပြည်သူများနှင့် ဝန်ထမ်းများသည် တန်ဖိုးရှိသော အချိန်ကိုမဖြုန်းနိုင်သဖြင့် အနီးရှိ မိတ္တူကူးဆိုင်မှ တစ်စောင်လျှင်ငွေကျပ် ၃၀၀ ဖြင့် ဝယ်ယူအားပေးလျက်ရှိကြောင်း သိရသည်။

(ဌေးခိုင်)

❑ ကျောဖုံးမှ

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် အိန္ဒိယနိုင်ငံဘက်မှ ICP ဆောက်လုပ်ရန်အတွက် မြန်မာ-အိန္ဒိယနယ်နိမိတ် တမူးမြို့အနီး၌ မြေဖို့ခြင်း၊ မြေတူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ဟု သတင်းရရှိခဲ့ကြောင်း၊ ၎င်းတို့ဆောင်ရွက်သည့်နေရာမှာ နယ်နိမိတ်မှတ်တိုင် ၇၈ အနီးတွင်ဖြစ်ပြီး ယင်းမှတ်တိုင်မှာ နှစ်နိုင်ငံသဘောတူညီချက် မရ၍ မစိုက်ထူရသေးသည့် နယ်နိမိတ်မှတ်တိုင်ဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် မေလကလည်း အိန္ဒိယနိုင်ငံဘက်မှ အထက်ပါနေရာ၌ ICP ဆောက်လုပ်ရန်မြေပြုပြင်၊ မြေတူးခြင်း ဆောင်ရွက်နေကြောင်းသိရှိရသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၁၃ ခုနှစ် ဇွန်လအတွင်းတွင် အိန္ဒိယနိုင်ငံဘက်သို့ ကန့်ကွက်ကြောင်း အကြောင်းကြားခဲ့သဖြင့် တည်ဆောက်ရေးလုပ်ငန်းများရပ်တန့်ပေးခဲ့ကြောင်းသိရသည်။

ယခုအကြိမ်တွင် အိန္ဒိယနိုင်ငံဘက်မှ ICP ဆောက်လုပ်ရန် မြေဖို့ခြင်းဆောင်ရွက်နေကြောင်း သိရှိရသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် အိန္ဒိယသံအမတ်ကြီးအားခေါ်ယူတွေ့ဆုံကန့်ကွက်ပြောဆိုခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်း ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် အိန္ဒိယသံအမတ်ကြီးအားခေါ်ယူတွေ့ဆုံ၍ အိန္ဒိယဘက်မှ တည်ဆောက်ရေးလုပ်ငန်းများရပ်ဆိုင်းရန်နှင့် မတိုင်းတာရသေးသည့်နေရာတွင် နှစ်နိုင်ငံပူးတွဲကွင်းဆင်းစစ်ဆေးရန် အဆိုပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အထက်ပါအဆိုပြုချက်ကို အိန္ဒိယနိုင်ငံဘက်မှ သဘောတူခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ရပ်တန့်ပေးခဲ့ကြောင်း၊ ထို့နောက် နှစ်နိုင်ငံမြေတိုင်းအဖွဲ့များ ပူးတွဲကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါအဖွဲ့များ၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံကာ ဆက်လက်ဆွေးနွေးညှိနှိုင်း ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံတွင် မြန်မာ ၁၀ ဦးအား လူကုန်ကူးသူထံမှ ကယ်ဆယ်

ကျောက်တောင်း　ဇန်နဝါရီ　၇

မလေးရှားနိုင်ငံရဲတပ်ဖွဲ့မှ ရွှေ့ပြောင်းမြန်မာအလုပ်သမား ၁၀ ဦးကို Perai မြို့နယ်လမ်းလေးခုဆုံရာ နေအိမ်တစ်ခုတွင် ကယ်ဆယ်ပြီး ၎င်းတို့ကို ပြန်ပေးဆွဲသော ဇနီးမောင်နှံနှစ်ဦးအား ဖမ်းဆီးထားပြီဖြစ်ကြောင်း ဇန်နဝါရီ ၇ ရက်ထုတ် စတားသတင်းစာတွင် ဖော်ပြထားကြောင်း သိရသည်။

(UNHCR) ၏ ဒုက္ခသည်ကတ် ကိုင်ဆောင်ထားသော အဆိုပါ လူကုန်ကူးသူ မြန်မာအမျိုးသား အသက်(၃၅) နှစ်နှင့် ဇနီးသည် (၂၁)နှစ်တို့အား လူကုန်ကူးပွဲစားမှုဖြင့် ဖမ်းဆီးထားကြောင်းသိရပြီး သတင်းအရ ရဲအဖွဲ့မှ Jalan Besar တွင် ပြီးခဲ့သောစနေနေ့ မလေးရှားစံတော်ချိန် ည ၈ နာရီတွင် ဝင်ရောက်ဖမ်းဆီးရာ အင်အားချည့်နဲ့ နေပြီး ကြမ်းပြင်၌ လေးဖက်ထောက်သွားလာနေသော အသက်(၂၂)နှစ်အရွယ်နှင့် ရှစ်နှစ်အရွယ်ကလေးငယ်များအား ကယ်ဆယ်ရရှိခဲ့ကြောင်း သိရသည်။

Penang ပြည်နယ်ဒုတိယရဲချုပ် Datuk Abdul Rahim Hanafi က ဖြတ်စက်များအသုံးပြုကာ နေအိမ်အတွင်းသို့ ဝင်ရောက်ချိန်တွင် မသင်္ကာစရာလူများ အိမ်အတွင်း မတွေ့ရှိကြောင်း ပြောဆိုခဲ့ပြီး "ကျွန်တော်တို့တွေ့ရှိချက်က လူကုန်ကူးသူက tekong ကနေ လူတွေကို လာလာပို့တယ်လို့ သတင်းရပါတယ်"ဟု ပြောကြားကြောင်း သိရသည်။ ယမန်နေ့က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် SDCP Abdul Rahim က "ဒီရွှေ့ပြောင်းကူးလာတဲ့သူတွေဟာ သူတို့ လွတ်မြောက်ဖို့အရေးအတွက်ကို မိသားစုဝင် ဒါမှမဟုတ် အလုပ်ရှင်ကို မျှော်ကိုးစောင့်နေရရှာပါတယ်"ဟု ဆိုသည်။

ဖမ်းဆီးခံရသော မြန်မာဇနီးမောင်နှံနှစ်ဦး အမှုမှပြန်လည်ထုချေသက်သေပြနိုင်ရန် ရမန် ၇ ရက်ပေးထားကြောင်း သိရပြီး ပထမပိုင်းအနေဖြင့် စုံစမ်းဖော်ထုတ်ချက်များအရ အထက်ပါရွှေ့ပြောင်းလာသူများအား ဇနီးမောင်နှံနှစ်ဦးက ခေါ်ဆောင်ဖမ်းဆီးထားသည်မှာ သီတင်းတစ်ပတ်ကြာမြင့်ပြီဖြစ်ကြောင်း၊ လွတ်မြောက်ရန်အတွက် မြန်မာနိုင်ငံသို့မဟုတ် အလုပ်ရှင်ထံမှ ရင်းဂစ်ငွေ ၄၀၀၀ နှင့် ၆၀၀၀ အတွင်း ထိုလင်မယားမှ တောင်းယူထားကြောင်းလည်း သိရသည်။

အခင်းဖြစ်နေရာ၌ မလေးရှားနိုင်ငံသုံး ရင်းဂစ်ငွေ ၁၀၀၀၊ ဟန်းဖုန်း ငါးလုံး၊ လူကုန်ကူးမှတ်တမ်းစာအုပ်နှင့် ငွေလက်ခံဖြတ်ပိုင်းတို့ကို သိမ်းဆည်းရမိကြောင်း၊ အဆိုပါအမှုကို ဆက်လက်စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း SDCP Abdul Rahim က ပြောကြားထားကြောင်းလည်း သိရသည်။

(စိုးဝင်း-MLA)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော်　ဇန်နဝါရီ　၇

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် ရဲတံခွန်ပလက်ဖောင်း "D" တပ်ဆင်ခြင်းနှင့် Sub-marine pipe line တည်ဆောက်ခြင်းလုပ်ငန်းများကို Installation Barge HYUNDAI 2500 (Call Sign:3 FRA3) ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် ဇန်နဝါရီ ၁၄ ရက်မှ မတ် ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

ပွိုင့် (အေ) မြောက်လတ္တီကျု ၁၃ ဒီဂရီ ၂ စက္ကန့် ၅၉ ဒသမ ၂၅၂ မိနစ်၊ အရှေ့လောင်ဂျီကျု ၉၆ ဒီဂရီ ၅၂ မိနစ် ၁ ဒသမ ၆၉၁ စက္ကန့်၊ ပွိုင့် (ဘီ) မြောက်လတ္တီကျု ၁၃ ဒီဂရီ ၂ စက္ကန့် ၅၉ ဒသမ ၂၅၂ မိနစ်၊ အရှေ့လောင်ဂျီကျု ၉၆ ဒီဂရီ ၅၂ မိနစ် ၃ ဒသမ ၉၆၉ စက္ကန့်၊ ပွိုင့်(စီ) မြောက်လတ္တီကျု ၁၃ ဒီဂရီ ၈ စက္ကန့် ၄၆ ဒသမ ၂၃၀ မိနစ်၊ အရှေ့လောင်ဂျီကျု ၉၆ ဒီဂရီ ၅၂ မိနစ် ၄၁ ဒသမ ၆၄၅ စက္ကန့်၊ ပွိုင့်(ဒီ) မြောက်လတ္တီကျု ၁၃ ဒီဂရီ ၈ စက္ကန့် ၄၆ ဒသမ ၂၃၀ မိနစ်၊ အရှေ့လောင်ဂျီကျု ၉၆ ဒီဂရီ ၅၂ မိနစ် ၃၉ ဒသမ ၄၆၅ စက္ကန့်အတွင်းဖြစ်သည်။

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော်　ဇန်နဝါရီ　၇

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E & P) သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-7 တွင် 3D Marrine Seismic Acquisition Survery လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV RAMFORM EXPLORER (Call Sign: LAWP4) ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် ဇန်နဝါရီ ၁၀ ရက်မှ မတ် ၁၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

ပွိုင့်(အေ) မြောက်လတ္တီကျု ၁၉ ဒီဂရီ ၅၈ မိနစ် ၃၇ စက္ကန့်မှ အရှေ့လောင်ဂျီကျု ၉၁ ဒီဂရီ ၄၉ မိနစ် ၀၂ စက္ကန့်အတွင်း၊ ပွိုင့်(ဘီ) မြောက်လတ္တီကျု ၁၉ ဒီဂရီ ၅၄ မိနစ် ၄၉ စက္ကန့်မှ အရှေ့လောင်ဂျီကျု ၉၁ ဒီဂရီ ၅၅ မိနစ် ၅၆ စက္ကန့်အတွင်း၊ ပွိုင့်(စီ) မြောက်လတ္တီကျု ၁၉ ဒီဂရီ ၃၉ မိနစ် ၁၂ စက္ကန့်မှ အရှေ့လောင်ဂျီကျု ၉၂ ဒီဂရီ ၀၅ မိနစ် ၄၂ စက္ကန့်အတွင်း၊ ပွိုင့်(ဒီ) မြောက်လတ္တီကျု ၁၉ ဒီဂရီ ၃၆ မိနစ် ၀၁ စက္ကန့်မှ အရှေ့လောင်ဂျီကျု ၉၂ ဒီဂရီ ၀၃ မိနစ် ၂၁ စက္ကန့်အတွင်း၊ ပွိုင့်(အီး) မြောက်လတ္တီကျု ၁၉ ဒီဂရီ ၃၆ မိနစ် ၀၃ စက္ကန့်မှ အရှေ့လောင်ဂျီကျု ၉၁ ဒီဂရီ ၄၅ မိနစ် ၂၇ စက္ကန့်အတွင်း၊ ပွိုင့်(အက်ဖ်)မြောက်လတ္တီကျု ၁၉ ဒီဂရီ ၄၅ မိနစ် ၃၅ စက္ကန့်မှ အရှေ့လောင်ဂျီကျု ၉၁ ဒီဂရီ ၃၉ မိနစ် ၃၃ စက္ကန့်အတွင်းဖြစ်သည်။

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဟိုပုံးမြို့၌ သံကူကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်

ဟိုပုံး　ဇန်နဝါရီ　၇

ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကဏ္ဍတစ်ရပ်ဖြစ်သည့် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဟိုပုံး-ရန်ကင်းလမ်းအပိုင်းရှိ ပေ ၄၀ သံကူကွန်ကရစ်တံတား နှစ်စင်းကို ကျပ်သန်း ၄၀ စီဖြင့် စုစုပေါင်းငွေကျပ်သန်း ၈၀ ခွင့်ပြုခဲ့ရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ထုတ်ပေးသည့် မြေကော်စက်ဖြင့် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွင် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ပါလက်စတိုင်း လျှပ်စစ်ဓာတ်အားကုမ္ပဏီ အစ္စရေးရေနံမြေမှ ဓာတ်ငွေ့ဝယ်ယူမည်

ဂျေရုဆလင် ဇန်နဝါရီ ၇

အစ္စရေးနိုင်ငံရှိ ရေနံမြေမှ ဓာတ်ငွေ့ဝယ်ယူမည့် ပထမဆုံးသောဖောက်သည်မှာ ပါလက်စတိုင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကုမ္ပဏီဖြစ်လာမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါလက်စတိုင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး ကုမ္ပဏီသည် အစ္စရေးနိုင်ငံရှိ ရေနံမြေမှ ဓာတ်ငွေ့ထုတ်လုပ်မှု စတင်သည့်အခါ ဓာတ်ငွေ့ဝယ်ယူသွားရန် သဘောတူညီထားသည်။

အစ္စရေးနိုင်ငံရှိ ကြီးမားကျယ်ပြန့်လှသော လီဗီယာသန်ရေနံမြေမှ ဓာတ်ငွေ့ဝယ်ယူနိုင်ရန် ပါလက်စတိုင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီက ဂျီနင်မြို့အနီး၌ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို တည်ဆောက်နေသည်။

အဆိုပါကုမ္ပဏီသည် နှစ် ၂၀ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံဖိုးရှိ ဓာတ်ငွေ့ကိုဝယ်ယူရန် သဘောတူညီထားကြောင်း လီဗီယာသန်ဖက်စပ်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ခိုင်မာသော စီးပွားရေးဆက်ဆံမှု တည်ဆောက်နိုင်ခြင်းဖြင့် ဒေသတစ်ခုလုံးတွင် တည်ငြိမ်အေးချမ်းမှုရရှိလာမည်ဟု မိမိယုံကြည်ကြောင်း ကုမ္ပဏီအထက်တန်းတာဝန်ရှိသူ ယစ်ဇက်ရှူဗာက ပြောကြားသည်။

လီဗီယာသန်ရေနံမြေ၌ ဓာတ်ငွေ့ကုဗမီတာ ၅၃၈ ဘီလီယံခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း ၎င်းက ပြောကြားသည်။

ပါလက်စတိုင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ကုမ္ပဏီသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ အကုန်အကျခံကာ တည်ဆောက်လျက်ရှိသည်။ **ပီတီအိုင်။**

အစ္စရေးနိုင်ငံ အက်ရှ်ကီလွန် ကမ်းလွန်ရှိ ဓာတ်ငွေ့ထုတ်လုပ်ရေးစခန်းကို တွေ့ရစဉ်။

အာသံပြည်နယ်တွင် လူမျိုးနွယ်စုများ တိုက်ခိုက်မှုဖြစ်ပွား ဒေသခံများ နေအိမ်များကို စွန့်ခွာထွက်ပြေးရ

နယူးဒေလီ ဇန်နဝါရီ ၇

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ်တွင် လူမျိုးနွယ်စုများအကြား တိုက်ခိုက်မှုများဖြစ်ပွားခြင်းကြောင့် ထောင်နှင့်ချီသော ဒေသခံပြည်သူများမှာ ၎င်းတို့၏ နေအိမ်များမှ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုများကြောင့် လူကိုးဦးထက်မနည်း သေဆုံးရကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အာသံပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ကာဘီနှင့် ရမ်ဂမာနာဂလူမျိုးနွယ်ဝင်ဦးရေ ၃၀၀၀ ကျော်တို့ကို ကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံခွင့်ပေးထားသည်။

အာသံပြည်နယ်တွင် မကြာသေးမီနှစ်များမှစ၍ ဒေသဆိုင်ရာလူမျိုးနွယ်စုများအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး ခွဲထွက်ရေးဝါဒီများ၏ အကြမ်းဖက်တိုက်ခိုက်မှုများလည်း ဖြစ်ပွားလာသည်။

အာသံပြည်နယ်အတွင်း နေထိုင်သည့် လူမျိုးနွယ်စုများအကြား ပိုင်နက်နယ်မြေအငြင်းပွားမှုများသည် လူမျိုးနွယ်စုများအကြား ပဋိပက္ခဖြစ်ပွားရသည့် အခြေခံအကြောင်းတရားဖြစ်သည်။

ရမ်ဂမာနာဂမျိုးနွယ်စုဝင်ဦးရေ ၁၆၀၀ ကျော်နှင့် ကာဘီမျိုးနွယ်ဝင်ဦးရေ ၁၅၀၀ ခန့်ကို ကယ်ဆယ်ရေးစခန်းများ၌ နေရာချထားပေးသည်။ ကယ်ဆယ်ရေးစခန်းအများစုကို ဒေသအတွင်းရှိစာသင်ကျောင်းများ၌ ဖွင့်လှစ်ထားကြောင်း အာသံပြည်နယ် ကာဘီအန်ဂလောင်းခရိုင် တာဝန်ရှိသူများက ပြောကြားသည်။

ယမန်နှစ် ဒီဇင်ဘာလနှောင်းပိုင်းမှစ၍ အာသံပြည်နယ် ဒေသခံလူမျိုးနွယ်စုနှစ်စုအကြား တိုက်ခိုက်မှုများကြောင့် ရွာသူရွာသားများမှာ အစုလိုက်အပြုံလိုက် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ယမန်နှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ကာဘီပြည်သူ့လွတ်မြောက်ရေးကျားအဖွဲ့အမည်ရှိ သူပုန်များက ကာဘီအန်ဂလောင်းခရိုင်အတွင်း ဘိုဂါဂျန်ဒေသရှိ ရမ်ဂမာနာဂ ကျေးရွာများကို တိုက်ခိုက်ခဲ့ရာ ရမ်ဂမာနာဂလူမျိုးခြောက်ဦး သေဆုံးခဲ့ပြီး ငါးဦးမှာအမျိုးသမီးများဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

လူမျိုးနွယ်စုအကြား တိုက်ခိုက်မှုများကြောင့် အာသံပြည်နယ်မှ ဒေသခံများ ပြောင်းရွှေ့မှုအား တွေ့ရစဉ်။

အစိုးရနှင့် ပြန်လည်ပေါင်းစည်းနိုင်မည်ဟု တောင်ဆူဒန်သူပုန်အဖွဲ့ ယုံကြည်

အဒစ္စအဘာဘာ ဇန်နဝါရီ ၇

တောင်ဆူဒန်အစိုးရနှင့် အပြည့်အဝပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု တောင်ဆူဒန်သူပုန်အဖွဲ့က ယုံကြည်သည်ဟု ယင်းအဖွဲ့၏ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ အကြီးအကဲကပြောကြားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တောင်ဆူဒန်အစိုးရနှင့် သူပုန်အဖွဲ့တို့ အပစ်အခတ်ရပ်စဲရေးအတွက် အီသီယိုးပီးယားနိုင်ငံ မြို့တော် အဒစ္စအဘာဘာမြို့၌ နှစ်ဖက်တိုက်ရိုက်ဆွေးနွေးနေစဉ်အတွင်း သူပုန်အဖွဲ့မှ ညှိနှိုင်းဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် တာဘန်ဒန်၏မှတ်ချက်စကား ထွက်ပေါ်လာခြင်းဖြစ်သည်။

တောင်ဆူဒန်အစိုးရအနေဖြင့် ပဋိပက္ခများအဆုံးသတ်ရေး ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချထားကြောင်း ပြန်ကြားရေးဝန်ကြီး မိုက်ကယ်မာကူရမ်က ပြောကြားသည်။

ယမန်နှစ် ဒီဇင်ဘာ ၁၅ရက်တွင် စတင်ဖြစ်ပွားခဲ့သော တောင်ဆူဒန်အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပြည်သူဦးရေ ၁၀၀၀ ခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။

တောင်ဆူဒန်နိုင်ငံ၏ လက်ရှိသမ္မတ ဆဲလ်ဗာကေရာမှာ ဒင်ကာလူမျိုး ဖြစ်ပြီး သူပုန်ခေါင်းဆောင် ရီအက်မာချာမှာ နူအာမျိုးနွယ်စုဝင်ဖြစ်သည်။ **ဘီဘီစီ။**



မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ အဗ္ဗဒူလ်ဟာမစ်က ပေးပို့သော သဝဏ်လွှာတွင် လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများအား ဝမ်းမြောက်စွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံဆက်ဆံရေးမှာ အထူးပင်တိုးတက်ကောင်းမွန်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံပြည်သူပြည်သားများ၏ အကျိုးစီးပွားအလို့ငှာ ဆက်ဆံရေးတိုးမြှင့်သွားလိုကြောင်း၊ အဆွေတော်ကိုယ်စိတ်နှစ်ဖြာရွှင်လန်းစေရန်နှင့် မြန်မာနိုင်ငံသားများ ကြီးပွားတိုးတက်စေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

အလားတူ သဝဏ်လွှာကို နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ဝန်ကြီးချုပ် မစ္စစ် ရှိတ်ဟာဆီနာက ပေးပို့သည်။

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်သဘာပတိ အဖွဲ့ဥက္ကဋ္ဌ မစ္စတာကင်ယုံနမ်ထံမှပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်၊ မြန်မာအစိုးရအဖွဲ့နှင့် ပြည်သူများအား ဝမ်းမြောက်စွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော်၏နိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆက်လက်ဖြစ်ပေါ်စေရန် ဆန္ဒပြုပါကြောင်း၊ မြန်မာနိုင်ငံ၌ ပြည်သူများကြွယ်ဝမှုနှင့် ပြည့်စုံပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ပြင်သစ်သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာဖရန်ဆွာ အိုလောန်ဒ်ထံမှပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

အဆွေတော်၏ဦးဆောင်မှုဖြင့် ပြုပြင်ပြောင်းလဲရေး ပြုလုပ်လျက်ရှိရာတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင်ပါရီမြို့သို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည့်အဆွေတော်၏ ခရီးစဉ်သည်လည်း နှစ်နိုင်ငံဆက်ဆံရေးတိုးတက်နေမှုကို သာဓကပြုနိုင်ကြောင်း၊ ယခုနှစ်တွင် အာဆီယံဥက္ကဋ္ဌရာထူးနေရာကိုရယူသော မြန်မာနိုင်ငံ၌ ဒီမိုကရေစီလုပ်ငန်းစဉ်များပိုမိုတိုးတက်လာစေရန် ဆန္ဒပြုပါကြောင်း၊ အဆွေတော်၏နိုင်ငံ၌ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

တူရကီနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ တူရကီနိုင်ငံသမ္မတ မစ္စတာအဗ္ဗဒူလာဂူး(လ်) ထံမှပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ပြည်သူများအားဝမ်းမြောက်စွာ နှုတ်ခွန်းဆက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားနိုင်မည်ဟု ဆန္ဒပြုပါကြောင်း၊ အဆွေတော်ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့စေရန်နှင့် မြန်မာပြည်သူများ တိုးတက်အောင်မြင်စေရန် မေတ္တာပို့အပ်ပါကြောင်း ဖော်ပြသည်။

လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရာတွင် ဒေသခံပြည်သူများအား စဉ်ဆက်မပြတ်အသိပေး ၎င်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၇

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီ ညှိနှိုင်းအစည်းအဝေးအား ယနေ့ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက အမှာစကားပြောကြားရာတွင်**(ယာပုံ)** ကော်မရှင်၏ အစီရင်ခံစာပါ ကဏ္ဍအလိုက်လုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသည့်အပြင် ဒေသခံပြည်သူလူထုအတွက် ရေတိုရေရှည်အကျိုးရှိမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အစီရင်ခံစာတွင်မပါရှိသော်လည်း ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် EIA/SIA လုပ်ငန်းများဆောင်ရွက်နိုင်ရန် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နေမှု၊ ဩစတြေးလျနိုင်ငံ၊ Knight Piesold နှင့် ESIA Scoping Study Report၊ Terms of Reference (TOR) အပေါ် သုံးသပ်စိစစ်ခြင်းများ၊ Environmental Management Plan နှင့် စပ်လျဉ်း၍ အသေးစိတ်ဆောင်ရွက်နေမှုအခြေအနေများကို ပြည်တွင်းပြည်ပမှ အချိန်နှင့်တစ်ပြေးညီ သိရှိစေရေးအတွက် Website လွှင့်တင်၍ ထုတ်ပြန်ဖော်ပြသွားရန်ဖြစ်ကြောင်း၊ ယခုလအတွင်း ဒေသခံပြည်သူများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အကျယ်တဝင့် ဆွေးနွေးပြောကြားရှင်းလင်းမှုနှင့်အတူ ဒေသခံများ၏ ထင်မြင်ယူဆချက်များ၊ အကြံပြုချက်များကိုလည်း ဖြည့်စွက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများအတွင်း မြေယာဆိုင်ရာ အငြင်းပွားမှုများနှင့် တိုင်ကြားတင်ပြမှုများအပေါ် စနစ်တကျစိစစ်၍ ပြန်လည်ရှင်းလင်းပေးရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက စီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုပ်ငန်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ခေါင်းဆောင်များ ဖြစ်သည့် ဒုတိယဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လုပ်ငန်းရည်မှန်းချက်များ အောင်မြင်ရေးဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအား စဉ်ဆက်မပြတ် ပွင့်လင်းမြင်သာစွာ အသိပေး၍ ၎င်းတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် နိုင်ငံတော်အတွက် စံပြစီမံကိန်းကြီးအဖြစ် အားလုံး တက်ညီလက်ညီဖြင့် ဒေသခံပြည်သူများနှင့်အညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းနှင့် ဆောင်ရွက်မှုအခြေအနေကို သတင်းမီဒီယာများတွင် ထည့်သွင်းဖော်ပြသွားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

[illegible]

[illegible]

[illegible]

အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ (၄.၁.၂၀၁၄)ရက် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်ဘုတာရုံလမ်း၊ မြေအမှတ်(၁၈)နေ (ကျေးရွာရှင်ဖခင်ကြီး) ဦးစန္ဒာဆိုင်း အား နိုင်ငံတော်မှ သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုးကို ဆက်လက်ထမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

(သားကြီး) ကိုသန်းဝင်း - မမြမြသက်၊ မြေး-မောင်ကောင်းထက်စံ၊ မဝေဇောဇင်းလတ်
(သားငယ်) ကိုဇော်ဝင်း - မဝေသန်းဦး၊ မြေး-ဆုဆုပြည့်ဇော်ဝင်း
(သမီးကြီး) ကိုသူရအောင်မြင့် - မသဥ္ဇာဝင်း၊ မြေး-သုသီရိအောင်မြင့်
(သမီးငယ်) မသီရိန္ဒာထွန်း

စရိုက်နှင့် ဝါသနာ

မောင်မောင်(ယထ)

"စရိုက်"ဆိုသည် အပြုအမူ၊ အလေ့အကျင့်ဖြစ်၏။ တစ်ဦးနှင့်တစ်ဦး မတူညီသည့် စိတ်နေသဘောထားများ၊ အပြုအမူများ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သန္တာန်မှာ အဖြစ်များသည့် အခြေအနေများ၊ ဤသည်ကို ကြည့်၍ စရိုက်ဟုခေါ်ပါ၏။ ပြုလုပ်ခြင်း၊ ပြုကျင့်ခြင်းဟူ၍ အဓိပ္ပာယ်ရှိ၏။ လူတစ်ဦး၏ စိတ်နေသဘောထားနှင့် အပြုအမူ၊ စိတ်သဘောထားသည်တစ်ဦးနှင့်တစ်ဦး တူညီမှုမရှိ၊ စိတ်သဘောထားကို အခြေခံ၍ ပြောဆိုပြုမူခြင်းလည်း မတူပါ။ လူသားများ၏စိတ်နေသဘောထားကို ဆိုလိုပါ၏။ စိတ်ထဲတွင် အဖြစ်များနေသည့်အရာတစ်ခု၊ ပကတိစိတ်နေသဘောထား၊ ပကတိအနေအထားဖြစ်ပါ၏။

ကိုယ့်ကိုယ်ကိုယ် စစ်ဆေးကြည့်ရန်လိုပါ၏။ ကိုယ့်စိတ်ကိုယ့်အကြောင်းကိုမှ ကိုယ်မသိလျှင် ကိုယ်ညံ့ရာကျပါ၏။ ညံ့ရာရောက်ပါ၏။ လောကလူသားများသည် ကိုယ့်အကြောင်းကိုယ်သိသည်ဟု အထင်ရောက်ကြ၏။ မသိသည့်လူက များပါ၏။ ကိုယ့်အကြောင်းကိုယ်သိရန် "သတိ" ရှိမှသိမည်။ ကိုယ်က မည်သည့်စရိုက်သမားလဲ။

"သတိရှိရေးပြုစုလေ့ကျင့်ပေး"

သတိရှိရမည်။ ကိုယ်အမူအရာ၊ စိတ်အမူအရာ အားလုံးပေါ်မှာ သတိထားတတ်ရမည်။ အသိဉာဏ်ရှိရန် သတိရှိရမည်။ အသိဉာဏ်ဆိုသည် "သတိ" မပါက အသိဉာဏ်မဖြစ်နိုင်။ သတိရှိမှသာ အသိဉာဏ်ဖြစ်လာ၏။ သတိကင်းသည့်အသိပညာဟူသည် မရှိ။ သို့ဖြင့် "သတိ" အရေးကြီးပါ၏။ သတိထားပါမှ အသိပညာပေါ်ထွက်လာမည်။ ကိုယ့်မှာ မည်သည့်စိတ်အခြေအနေရှိသည်ကို သိရှိမည်။ အကဲခတ်နိုင်မည်။ စိတ်နေသဘောထားရှိသည်ကို သိမည်။ လှုပ်ရှားမှုအားလုံးတွင် သတိရှိရန် အရေးကြီး၏။ဆင်ခြင်တုံတရားရှိရန် လိုအပ်၏။ တွေးချင်ရာမတွေးဘဲ စိတ်နှင့်လူ သတိကပ်ရ၏။

စရိုက်(၆)မျိုး(သာမန်လူများထက် လွန်ကဲ၍ဖြစ်တတ်သည့် အမူအကျင့်စရိုက်)

(၁) ကာမဂုဏ်ကို မရှက်မကြောက် စွဲစွဲလမ်းလမ်း၊ မက်မက်မောမောလိုက်စားခြင်း၊ ရယူခြင်း။ (အာရုံနှင့်တွေ့လျှင် တပ်မက်တတ်သည်။ နှစ်သက်စရာအာရုံကို မြင်လိုက်လျှင် တွယ်တာသည်။ နှစ်သက်သည်။ အကောင်းကြိုက်၏။ အလှအပကို မက်မောသည်။)

(၂) အမြဲတမ်းလိုလို အလိုမကျခြင်း၊ စိတ်တိုင်းမကျခြင်း၊ ရန်လိုခြင်း၊ စိတ်တိုခြင်းတို့ဖြစ်ပြီး ပြောချင်၊ ဆိုချင်၊ ရိုက်ချင်စိတ်များ တဖွားဖွားပေါ်ပေါက်နေခြင်း။ (စိတ်တိုသည်၊ ထစ်ခနဲရှိ ဒေါသထွက်၏။ အာရုံနှင့်တွေ့လျှင် မုန်းတီး၏။)

(၃) ထိုင်းမှိုင်း၊ ဖျင်းအ၊ အောက်ကျနောက်ကျဖြစ်နေသည်ကို မသိခြင်းနှင့် သိလျက်နှင့် ကြိုးစားလိုစိတ်ပင်မရှိဘဲ ကျေနပ်နေခြင်း။(ပြောလိုက်လျှင် ကိုးရိုးကားရား၊ လုပ်လိုက်လျှင် ကိုးရိုးကားရား၊ ကြောင်းကျိုးဆီလျော်မှုမရှိ၊ တွေးလိုက်လျှင် ကိုးရိုးကားရား၊ အာရုံနှင့်တွေ့လျှင် မဆုံးဖြတ်နိုင်သည့် တွေဝေသည့်အကျင့်)

(၄) တစ်ခုခုအပေါ်၌ ကြည်ညိုလွန်းခြင်း၊ သို့စဉ်လျက် ဉာဏ်ပါပြီး ကြည်ညိုလျှင် အစစ်အမှန်၊ အတုအယောင်ကို ခွဲခြား၍ကြည်ညိုတတ်ခြင်း။ ဉာဏ်မပါလျှင် အတုအယောင်များကို တမ်းတမ်းစွဲ ကြည်ညိုတတ်ပြီး အကျိုးမရှိဖြစ်တတ်၏။ (အများအကျိုးပြုချင်၏။ ကုသိုလ်စိတ်ရှိ၏။ ကောင်းမှုကုသိုလ်ကိစ္စစိတ်ဝင်စား၏။)

(၅) တွေ့တိုင်း၊ မြင်တိုင်း၊ ကြားတိုင်း၊ ပြောတိုင်းမယုံ၊ ပညာဉာဏ်ဖြင့် စဉ်းစားချင့်ချိန်၊ ဝေဖန်သုံးသပ် ကျင့်သုံးပြီးမှသာ မိမိ၏ဉာဏ်ပညာဖြင့် လက်ခံ၏။ (မည်သည့်ကိစ္စမဆို တွေး၏။ အလေးအနက်ထား၏။ ပေါ့ပေါ့မတွက် စဉ်းစား၏။ မဆင်မခြင်မလုပ်။ သာမန်ကာလျှံကာ မစဉ်းစား၊ အလေးအနက်ထားစဉ်းစား၏။)

(၆) သို့လော၊ သို့လော စသည်ဖြင့် တွေးတောစိတ်၊ ကြံစည်စိတ်ကူးစိတ်သန်းများနေ၏။ အလုပ်မတွင်ကျယ်ဘဲ ဖြစ်နေတတ်ခြင်း။ (ဘာဖြစ်ဖြစ် တွေးနေ၏။တွေးတောမှု အလွန်များ၏။ အတွေးလွန်ပြီး အိပ်မပျော်၊ အိပ်မရ၊ အတွေးအကြံများသူဖြစ်၏။)

လောကတွင် စရိုက်များနှင့်ကင်းသူ တစ်ဦးတစ်ယောက်မှုမရှိဟူ၍ လေ့လာသိရှိ မှတ်သားရပါ၏။ ကိုယ့်ကိုယ်ကိုယ် သတိထား ဆင်ခြင်စဉ်းစားပါက ကိုယ်တိုင်မည်သည့် စရိုက်ရှိသည်ကို သိလာမည်။ လူတစ်ဦးတွင် ဆိုခဲ့ပါစရိုက် တစ်မျိုးမဟုတ် တစ်မျိုးရှိနိုင်၏။ အကုန်လုံးလည်းရှိနိုင်၏ဟူ၍ သိရပါ၏။

"ဝါသနာ"ဆိုသည် စွဲမြဲနေသော အလေ့အကျင့်၊ ဝါသနာအိုး၊ ဝါသနာကြီးသူ ဟူ၏။ အထုံရနေခြင်း၊ အကျင့်ပါနေခြင်း၊ ထုံမွမ်းခြင်းတို့ဖြစ်၏။ စရိုက်ဟူသည် အဖြစ်များသည့်အရာ။ အဖြစ်များပြီးဖြစ်ပါများလာလျှင် မပျောက်နိုင်ဘဲ စွဲသွားသည့်အခါ "ဝါသနာ" ဖြစ်လာပါတော့၏။ (Habitual Practice-Habit)။ သူက အကျင့်ကြီး ပါနေ၏။ သူက ဘာဝါသနာပါ၏။ ငါက ဘာဝါသနာပါ၏။ သီချင်းသီဆိုခြင်း၊ ကခုန်ခြင်းစသည့် စိတ်ထဲတွင် လွှမ်းမိုးထားသည့် အရာတစ်ခုကို "ဝါသနာ"ဟူ၍ ပြောတတ်ကြ၏။ ဝါသနာကို ဖယ်ရှား၍မရ။ ပျောက်အောင်ဖျောက်၍မရ။ တစ်ဦးနှင့်တစ်ဦး ဝါသနာချင်းမတူညီကြ။ စရိုက်ကိုမူ မကောင်းသည့် စရိုက်များကို လျှော့ချ၍ရ၏။ ပြင်ဆင်၍ရ၏။ ကောင်းသည့် စရိုက်ကို မွေးမြူ၍ရ၏။ ကြီးထွားရှင်သန်ရန် ပြုစုပျိုးထောင်၍ရ၏။

တပ်မက်မှုစရိုက်

ကာမဂုဏ်ကိုတပ်မက်စွဲလမ်းခြင်း၊ အလှအပများကို အလွန်ကြိုက်နှစ်သက်ခြင်း၊ လှပရုပ်ဆင်းများကို မက်မောခြင်း၊ အသံကောင်း၊ အနံ့ကောင်း၊ ဟင်းကောင်းကြိုက်၊ တွယ်တာမှုအားကြီးခြင်း၊ လောဘအားကြီးအားကောင်းခြင်း။

"တပ်မက်မှုစရိုက်"လျှော့ချခြင်း၊ ပြင်ဆင်ခြင်းနည်းပညာ

"အသုဘ"ဆိုသည့် ခန္ဓာ၏ မတင့်တယ်မှုကို ဆင်ခြင်စဉ်းစား၊ မလှပ၊ မစင်ကြယ်မှုကို ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ အသက်ရှင်လျက် ရွံစရာစက်ဆုပ်စရာကောင်း၏။ အပုပ်ကောင်ရုပ်ဆောင်နေခြင်းမျှသာ၊ ဒွါရ(၉)ပေါက်မှ သက်ဆိုင်ရာချေးများ၊ အနံ့ဆိုးများထွက်နေ၏။ ဝမ်းတွင်းမှာ အစာသစ်၊ အစာဟောင်း၊ သွေး၊ ချွေး၊ တံတွေးတို့ဖြင့် ညှီစို့နံစော်နေ၏။ ခန္ဓာကိုယ်မှာ မွှေးသည့်အရာဟူ၍ ဘာတစ်ခုမျှမရှိ။ ပြင်ပလိမ်းကျံသည့်ရေမွှေး၊ ပေါင်ဒါမွှေး၊ သနပ်ခါးနံ့သာမွှေးများအလှကုန်ပစ္စည်းများက မွှေးနေခြင်းသာ ဖြစ်၏။ ဤသို့ တပ်မက်မှုစရိုက်ကို လျှော့ချ၍ရ၏။

"အလိုမကျသည့်စရိုက်"လျှော့ချပြင်ဆင်ခြင်းနည်းပညာ

ဘယ်အာရုံပေါ်မှာမှ မကြည်လင်၊ အမြဲတမ်းမုန်းတီးမှုနှင့်ဆက်စပ်နေ၏။ ခြင်္သေ့၊ ကျား၊ ကျားသစ်ဟူသော သတ္တဝါများကို သတ်ဖြတ်စားသောက်သည့် သားရဲတိရစ္ဆာန်များ၊ မြွေပွေး၊ မြွေဟောက်များကဲ့သို့ ထစ်ခနဲဆိုစိတ်တို၊ ဒေါသကြီးသည့် လူသားများသည် ရင်ထဲ နှလုံးသားထဲတွင် မေတ္တာတရား၊ မွေးမြူပွားများရှင်သန်အောင် ကြိုးစားအားထုတ်ရမည်။ အများအကျိုး လိုလားသည့်စိတ်၊ သည်းခံခွင့်လွှတ်သည့်စိတ်၊ နှလုံးသားယဉ်ကျေးအောင် မေတ္တာတရားလိုအပ်၏။ မေတ္တာစိတ်ဖြင့် မုန်းတီးမှုစရိုက်ကို လျှော့ချ၍ရ၏။

"မဝေခွဲနိုင်သည့်စရိုက်"လျှော့ချပြင်ဆင်ခြင်း နည်းပညာ

ထိုင်းမှိုင်း၊ ဖျင်းအ၊ မဝေခွဲတွေဝေမှုကို၊ တရားနာ၊ တရားစာဖတ်ရှု၊ သင်ယူ၊ လေ့လာ၊ မေးမြန်း၊ သင်ယူရ၏။ ကိုယ့်စိတ်ကလေး ငြိမ်သက်စေရန်၊ ကိုယ့်သန္တာန်မှာ "သတိတရား"ခိုင်မာစေရန် "သတိ" ထူထောင်ပေးရမည်။ သတိရှိလျှင် ပညာရှိလျှင် ပညာရှိလာမည်ဖြစ်သည်။ သတိထားပြီး ဝင်လေထွက်လေ ရှုမှတ်ရမည်။ တည်ကြည်ငြိမ်သက်မှ သတိရှိမည်။ သတိရှိသည်နှင့် အသိပညာရလာမည်။ သို့ဖြင့် တွေဝေမှုစရိုက်ကို လျှော့ချ၍ရ၏။

"စရိုက်ဆိုး"သူများ သံသရာအဆက်ဆက် အကျင့်ပါသွားနိုင်၏။ ဖျောက်မရသည့်အဆင့်ရောက်သွားနိုင်၏။ အထုံဝါသနာပါပြီး ဖွပ်လျှော်မလွယ်သည့် လက်နှီးစုတ်ပမာဖြစ်သွားမည်။ မကောင်းသည့် စရိုက်ဆိုးများ စိတ်ထဲလွှမ်းမိုးသွားပါက ဘဝနစ်မွန်းသွားနိုင်၏။

သို့ဖြင့် စရိုက်ဆိုးများကို လျှော့ချရန် ကြိုးစားရမည်။ ကောင်းမြတ်သည့်စရိုက်များကို မွေးမြူ ကြီးထွားရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးရပါမည်။ ကိုယ့်ဘဝမှာ ကောင်းမြတ်သည့်စရိုက်ကို မွေးမြူပြုစုခြင်းဖြင့် "ကောင်းမြတ်သည့်ဝါသနာ" များ ရင်ဝယ်ပိုက်နိုင်ရန် ကြိုးစားအားထုတ်နိုင်ကြပါစေဟူ၍ ဆန္ဒပြု ဆုမွန်ခြွေတင်ပြလိုက်ပါရစေ။ ။

စက်ဘီးများဖြင့် ရန်ကုန်မှ ကျိုက်ထီးရိုးဘုရားဖူးသွားရောက်

ရန်ကုန် ဇန်နဝါရီ ၇

ယခုနှစ် ဘုရားဖူးရာသီတွင် စက်ဘီးများဖြင့် အုပ်စုဖွဲ့ကာ ကျိုက်ထီးရိုးသို့ ဘုရားဖူးလာရောက်သည့် စက်ဘီးစီးအဖွဲ့များ**(ယာပုံ)**သည် ယခင်ထက်ပိုမို များလာကြောင်း ကင်ပွန်းစခန်းရှိ ဒေသခံများနှင့်ရန်ကုန်၊ ကျိုက်ထိုကားလမ်း ပေါ်ရှိ ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

နှစ်စဉ် ကျိုက်ထီးရိုး ဘုရားပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများအနေဖြင့် ကားများဖြင့်သာ အများစုလာရောက်ကြခြင်းဖြစ်သော်လည်း အချို့စက်ဘီး ဝါသနာရှင်များသည်လည်း နှစ်စဉ်အုပ်စုဖွဲ့၍ စက်ဘီးများဖြင့် လာရောက်ဖူးမြော်လေ့ရှိရာ ယခုနှစ်တွင် စက်ဘီးစီးအဖွဲ့များပိုမို များလာကြောင်း ကင်ပွန်းစခန်းရှိ စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ကျိုက်ထီးရိုးဘုရားသို့ စက်ဘီးများစီး၍ နှစ်စဉ်လာရောက်လေ့ရှိသည့် ရန်ကုန်မြို့မှ စက်ဘီးစီးအဖွဲ့တစ်ဖွဲ့တွင် ပါဝင်သူ ကိုမောင်ဦးက "ကျွန်တော့်အဖေ လက်ထက်ကတည်းက ရန်ကုန်က မြို့နယ်အနှံ့မှာရှိတဲ့ ဝါသနာတူသူတွေ စုပြီး နှစ်စဉ် ဒီဇင်ဘာ ၃၁ ရက်ဆို အမြဲတမ်းစက်ဘီးတွေနဲ့ ကျိုက်ထီးရိုးဘုရားဖူး သွားခဲ့တာ အခုကျွန်တော်တို့ လက်ထက်ထိဆိုရင် အကြိမ်(၂၀)ကျော်ပါပြီ။ ရန်ကုန်ကနေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေစထွက်ပြီး ဆီမီး ၉၀၀၀ ပူဇော်တဲ့ ဇန်နဝါရီ ၁ ရက် နံနက်မှာ ကျိုက်ထီးရိုးကို ရောက်ပါတယ်။ လမ်းမှာတော့ လေး၊ ငါးခါလောက် နားရတာပေါ့။ ဇန်နဝါရီ ၂ ရက် ညနေဆို ရန်ကုန်ကို

ပြန်ကြပါတယ်။ နှစ်စဉ်ဒီနေ့ ဒီအချိန်ဆို ဒီပုံစံအတိုင်း ပုံမှန်ပါပဲ။ ဒီနှစ် ကျွန်တော်တို့အဖွဲ့မှာ အသက်(၁၇)နှစ်ကနေ(၆၀)ကျော်အထိ စုစုပေါင်း အဖွဲ့ဝင် ၄၈ ဦး ပါပါတယ်" ဟု ၎င်းတို့အဖွဲ့၏ အတွေ့အကြုံကို ပြောသည်။

ထိုကဲ့သို့ စက်ဘီးများဖြင့်အုပ်စုဖွဲ့၍ ကျိုက်ထီးရိုးသို့ ဘုရားဖူးသွားရောက်ကြခြင်းမှာ ရန်ကုန်မြို့မှသာမက မြန်မာနိုင်ငံ အနယ်အနယ်အရပ်ရပ်မှ စက်ဘီးစီးအဖွဲ့များလည်း နှစ်စဉ်လာရောက်လေ့ရှိကြောင်း သိရသည်။

(သီဟသူ)

ဘားအံရှိသတင်းတပ်ဖွဲ့ရုံးတွင် နိုင်ငံကူးလက်မှတ်များ ဆောင်ရွက်နိုင်

ဘားအံ ဇန်နဝါရီ ၇

၂၀၁၄ နှစ်ဦးအခါသမယ မြန်မာနိုင်ငံရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ နိုင်ငံခြားတိုင်းပြည်များသို့ အလွယ်တကူ သွားရောက်နိုင်ရေးအတွက် နိုင်ငံကူးလက်မှတ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတို့တွင် ဆောင်ရွက်လုပ်ကိုင်နိုင်ပြီဖြစ်ရာ ကရင်ပြည်နယ် ဘားအံမြို့တော် သတင်းတပ်ဖွဲ့ရုံးတွင် နိုင်ငံကူးလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် ဇန်နဝါရီ ၂ ရက်က ရုံးဖွင့်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးကို ယင်းနေ့ ၉ နာရီတွင် ဖွင့်လှစ်ခဲ့ပြီး သတင်းတပ်ဖွဲ့ဝန်ထမ်း ခုနစ်ဦး၊ လဝက ဝန်ထမ်းနှစ်ဦးဖြင့် ရုံးစတင်ဖွင့်လှစ်ခဲ့ပြီး ALL COUNTRY မည်သည့်နိုင်ငံမဆို သွားရောက်နိုင်သော နိုင်ငံကူးလက်မှတ်များထုတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်၊ မန္တလေးမြို့ကြီးများမှလွဲ၍ နေပြည်တော်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး ၁၅ ခုတွင် ဇန်နဝါရီ ၂ ရက်က အပြီး ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း ကရင်ပြည်နယ်သတင်းတပ်ဖွဲ့မှူးက ပြောသည်။ "ယခုလို ALL COUNTRY ပြည်ပထွက်ခွင့် Passport နိုင်ငံကူးလက်မှတ်ကိစ္စ ဆောင်ရွက်ပေးတဲ့အတွက် နိုင်ငံခြားထွက်ပြီးအလုပ်လုပ်ချင်သူတွေ၊ နိုင်ငံခြားမှာ သွားရောက်ပညာသင်ကြားလိုသူတွေ၊ ပြည်ပနိုင်ငံရပ်ခြားဆေးဝါးကုသလိုသူတွေ၊ နိုင်ငံခြားခရီးသွားဗဟုသုတ လေ့လာလိုသူတွေအတွက် ပိုမိုအဆင်ပြေလွယ်ကူမှာဖြစ်ပြီး ဗီဇာကိစ္စကတော့ သက်ဆိုင်ရာသံရုံးကိစ္စတွေသာ ဖြစ်ပါတယ်"ဟု သတင်းတပ်ဖွဲ့တာဝန်ခံ ရဲမှူးဝင်းမောင်က ပြောသည်။

ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ နိုင်ငံခြားသွား passport ကိစ္စများ အလွယ်တကူ ပြုလုပ်နိုင်ရေးအတွက် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးမှုများအပေါ် ကျေးဇူးတင်ပါကြောင်း ဖွင့်ပွဲတက်ရောက်လာသူ ကိုမျိုးကပြောသည်။

သတင်းတပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာန ဝန်ထမ်းနှစ်ဦးတို့မှ ပုံမှန်ရုံးဖွင့်ရက်တိုင်း ဆောင်ရွက်ပေးမည်ဖြစ်၍ လိုအပ်သောသတ်မှတ်ချက်စာရွက်စာတမ်းများ ထုတ်ပေးရေးမှာ နိုင်ငံသားဖြစ်ရန် အဓိကဖြစ်ပြီး နှစ်ပတ်အတွင်း အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်သလို သက်တမ်း ငါးနှစ်ရှိ Passport များ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့တွင် အဆင်ပြေလွယ်ကူချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံကူးလက်မှတ် လျှောက်ထားသူများ၏ ကုန်ကျမည့် ငွေစာရင်းအားပွင့်လင်းမြင်သာစွာထုတ်ပြန်ထားရှိပြီး စုစုပေါင်းကျပ် ၂၅၀၀၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **(ထွန်းထွန်းထွေး-ဘားအံ)**

မြို့တော်ရန်ကုန်၌ ပွင့်လင်းရာသီတွင် အဆောက်အအုံဆောက်လုပ်မှုများပြား

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆောက်အအုံများ ဆောက်လုပ်ရာတွင် အချို့သောမြေပိုင်ရှင်နှင့် ကန်ထရိုက်တို့က သက်ဆိုင်ရာမှခွင့်ပြုချက်ရယူဆောင်ရွက်သကဲ့သို့ အချို့သောသူများကမူ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ဆောက်လုပ်နေမှုများရှိနေကြောင်း၊ အချို့သော အဆောက်အအုံများမှာ စည်ပင်ပိုင်မြေယာများအပေါ် ကျူးကျော်ဆောက်လုပ်နေမှုများရှိနေသဖြင့် ခေါ်ယူအသိပေးခြင်း၊ တားမြစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများရှိကြောင်း ဇန်နဝါရီ ၆ ရက်တွင် နယ်မြေအတွင်း အဆောက်အအုံဆောက်လုပ်နေမှုများကို ကွင်းဆင်းကြည့်ရှုသည့် လှိုင်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းကပြောသည်။

"အချို့မြေပိုင်ရှင်နဲ့ ကန်ထရိုက်တွေက သက်ဆိုင်ရာကခွင့်ပြုချက်မယူဘဲ ခိုးကြောင်ခိုးဝှက်ဆောက်လုပ်နေတာတွေရှိတယ်၊ တချို့မြေပိုင်ရှင်နဲ့ ကန်ထရိုက်တွေကတော့ ခွင့်ပြုချက်ရယူပြီးဆောက်လုပ်ကြတယ် ဆိုပေမယ့် မြေယာ ကျူးကျော်မှုတွေရှိနေတယ်၊ ဒါကြောင့် စည်ပင်သာယာက ကွင်းဆင်းကြည့်ပြီး သတိပေးတာတို့၊ တားမြစ်တာတို့၊ အရေးယူတာတို့ ဆောင်ရွက်နေကြတာပေါ့၊ ပြီးတော့ ဆောက်လုပ်ရေးလုပ်ငန်းသုံး အုတ်၊ သဲ ကျောက်တွေကို ရေမြောင်းထဲမှာ စုပုံထားတော့ ရေမြောင်းတွေပိတ်ဆို့ကုန်တယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီ ဖြစ်သဖြင့် မြို့တော်ရန်ကုန်အနှံ့ အဆောက်အအုံဆောက်လုပ်နေမှုများကို မြင်တွေ့နေရသည်။ ထို့ကြောင့် မိုးရာသီက အရောင်းအဝယ်အေးနေသော အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေးလုပ်ငန်းများ အရောင်းသွက်လျက်ရှိကြောင်း အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

(မောင်သုည)

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ယမန်နေ့က စတင်ဖွင့်လှစ်ရောင်းချခဲ့သည့် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဒုတိယနေ့ကို ယနေ့ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်းကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ကျောက်မျက်ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ ပရိဝုဏ်အတွင်း သတ်မှတ်ဧရိယာများအလိုက် တင်ဒါစနစ်ဖြင့် ရောင်းချရန်အတွက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စနစ်တကျ လိုက်လံလေ့လာကြည့်ရှုစစ်ဆေးကြကာ မိမိတို့ ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲများကို အမှတ်အသားပြုကြသည်။

အလားတူ ကျောက်စိမ်းခန်းမအတွင်းရှိ အပေါ်ထပ်ပြခန်းများတွင် ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများကို ဝယ်ယူလိုသူများက စိတ်ပါဝင်စားစွာဖြင့် တစ်ခန်းဝင်တစ်ခန်းထွက် လိုက်လံကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ပဥ္စမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို မဏိရတနာကျောက်စိမ်းခန်းမ၊ မြေညီထပ်အစည်းအဝေးခန်းမကြီး၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် တက်ရောက်အမှာစကား ပြောကြားပြီး သဘာပတိ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးတေဇနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့၏ (၂၀၁၂/၂၀၁၃) ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို အသင်း၏ အထက်တန်းစာရင်းစစ် ဒေါ်ဌေးဌေးကြည်က ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူသည်။

ယင်းနောက်အသင်းသားများ ကြိုတင်ပေးပို့ထားသော မေးမြန်းချက်များနှင့် အကြံပြုချက်များကို ဖြေကြားပေးခြင်းကိစ္စရပ်များကို အခမ်းအနားမှူးက အသင်းသားများကိုယ်စား မေးမြန်းဆောင်ရွက်ပေးပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပလျက်ရှိသည့်ပွဲတွင် ကျောက်စိမ်းအတွဲ ၂၈၃၉ တွဲနှင့် ကျောက်မျက်အတွဲ ၁၅၇ တွဲကို တင်ဒါစနစ်ဖြင့် ဇန်နဝါရီ ၁၀ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ နေပြည်တော်(ရုံးချုပ်)ဖွင့်

နေပြည်တော် ဇန်နဝါရီ ၇

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ နေပြည်တော်(ရုံးချုပ်)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက်က နေပြည်တော် ဥတ္တရသီရိမြို့ ကျိုင်းတုံလမ်း ဘဏ်အကွက် အမှတ်(၁)၌ ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း နေပြည်တော်(ရုံးချုပ်) ဖွင့်ပွဲတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ UMFCCI ဥက္ကဋ္ဌဦးဝင်းအောင်နှင့် အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရုံးအတွင်းလုပ်ငန်းဆောင်ရွက်နေသည့် ဌာနခွဲများကို လိုက်လံကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ဒုတိယပိုင်း အစီအစဉ်ကို Mount Pleasant Hotel ၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားပြီး အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က အပြည်ပြည်ဆိုင်ရာ အာမခံလုပ်ငန်းကုမ္ပဏီ နေပြည်တော် (ရုံးချုပ်)ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ "အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် ပုဂ္ဂလိကအာမခံလုပ်ငန်း လိုင်စင်ရရှိသော ကုမ္ပဏီ ၁၁ ခုတွင် အပါအဝင်ဖြစ်ပြီး အာမခံလုပ်ငန်းများကို ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ကာ ဆက်လက်၍ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ မုံရွာ၊ မကွေး၊ ပုသိမ်နှင့် လားရှိုး အစရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့တော်များတွင် ဒေသဆိုင်ရာရုံးချုပ်များ အသီးသီး ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်သော နေပြည်တော် (ရုံးချုပ်)သည် နေပြည်တော်နှင့်အနီးတစ်ဝိုက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောအာမခံ အကာအကွယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အနီးကပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ရှင်းလင်းပြောကြားသည်။ **(ကြေးမုံ)**

နည်း ပ ညာ သ တင်း (ALEZ)

တစ်နာရီလျှင် ၁၁၀၀ မိုင်နှုန်းဖြင့်ပျံသန်းမည့် Spike Aerospace S-512

ခရီးသွားချိန်ကြန့်ကြာမှုပြဿနာများကို နည်းသည်ထက်နည်းပါးစေရန် ပညာရှင်များက မြန်နှုန်းမြင့်ခရီးသွားဝန်ဆောင်မှုများအတွက် မြန်နှုန်းမြင့် မော်တော်ကား၊ မြန်နှုန်းမြင့်လေယာဉ်ပျံများနှင့် မြန်နှုန်းမြင့်ယာဉ်အမျိုးမျိုးကို တီထွင်ထုတ်လုပ်လျက်ရှိသည်။ အဆိုပါမြန်နှုန်းမြင့်လေယာဉ်ကို ယခု ၂၀၁၃ ခုနှစ်ကုန် ၂၀၁၄ ခုနှစ်အကူးအပြောင်းတွင် ဘော်စတွန်မြို့အခြေစိုက် အင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့မှ စိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်မည်ဖြစ်သည်။ အဆိုပါမြန်နှုန်းမြင့် ဂျက်အင်ဂျင်တပ်လေယာဉ်ပျံကို လာမည့် ၂၀၁၈ ခုနှစ်တွင် စတင်၍ တရားဝင်ပျံသန်းနိုင်စေရန် ရည်ရွယ်ထားပြီး ယခုစမ်းသပ်ဆဲကာလတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ပျံသန်းချိန် သုံးနာရီခန့်သာရှိပြီး အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ပျံသန်းချိန် ငါးနာရီခန့်သာ ကြာမြင့်သည်ဟု သိရသည်။

လူဦးရေ ၁၂ ဦးခန့်မှ ၁၈ ဦးခန့်အထိ လိုက်ပါစီးနင်းနိုင်ပြီး နယူးယောက်၊ လန်ဒန်နှင့် တိုကျိုမွမ်ဘိုင်းမြို့များ၏ ကောင်းကင်ယံတွင် စမ်းသပ်ပျံသန်းအောင်မြင်ပြီးဖြစ်သည်ဟု Spike Aerospace လုပ်ငန်းစုမှ အမှုဆောင်အရာရှိချုပ် Elon Musk ၏ ကိုယ်ပိုင်အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။ အဆိုပါမြန်နှုန်းမြင့် ဂျက်အင်ဂျင်တပ်လေယာဉ်ပျံကို လာမည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အပြီးသတ်တည်ဆောက်ထုတ်လုပ်သွားဖွယ်ရှိပြီး လေယာဉ်ပျံတစ်စင်းအတွက် ရင်းနှီးမှုကုန်ကျစရိတ်မှာ ယူရိုငွေ ၄၈ သန်းထိ ရှိနိုင်ကြောင်း သိရသည်။ အဆိုပါ မြန်နှုန်းမြင့်ဂျက်အင်ဂျင်တပ်လေယာဉ်ပျံကို အလုပ်များပြားပြီး အချိန်နည်းပါးသော ဘီလျံနာ ကမ္ဘာကျော်သူဌေးများအတွက် ရည်ရွယ်ထုတ်လုပ်ရောင်းချသွားမည်ဟု သိရသည်။

City FM ၏ (၁၂) နှစ်မြောက် တေးသံရှင်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနအောက်ရှိ မြို့တော်အသံလွှင့်ဌာနခွဲ City FM ၏ (၁၂) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်တို့ တက်ရောက်ချီးမြှင့်ပေးပြီး City FM ၏ ၂၀၁၃ ခုနှစ်တွင် ကြော်ငြာအများဆုံး စီးပွားရေးလုပ်ငန်းရှင်များ၊ တေးထုတ်လုပ်သူနှင့် တေးသီချင်းအများဆုံး တောင်းခံရသူ တေးသံရှင်များအား City FM ၏ ဆုများကို တစ်ဦးခြင်း ပေးအပ်သည်။

City FM ၏ နှစ်သစ်မင်္ဂလာညချမ်းတွင် ၂၀၁၃ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံး မြန်မာသံတေးစီးရီး ဆောင်းရိပ်ညလှိုင်း ထုတ်လုပ်သူ ဦးခင်ထွန်းမောင်အားလည်းကောင်း၊ တေးသံသွင်းနှင့် စတီရီယိုတေးစီးရီးထုတ်လုပ်သူ CMP တေးသံသွင်းအား လည်းကောင်း၊ ၂၀၁၃ ခုနှစ် ရောင်းအားအကောင်းဆုံး မြန်မာတေးစီးရီး ဆောင်းရိပ်ညလှိုင်း တေးသီချင်းသီဆိုသူ အမျိုးသမီးတေးသံရှင် ပိုးအိစံအားလည်းကောင်း၊ အာဘွားတေးသီချင်း သီဆိုသူ အမျိုးသမီးတေးသံရှင် ဝိုင်းစုခိုင်သိန်းအား လည်းကောင်း၊ ဒိတ်ဒိတ်ကြဲ သီဆိုသူ အမျိုးသားတေးသံရှင် စိုင်းစိုင်းခမ်းလှိုင် **(ဝဲပုံ)**အား လည်းကောင်း၊ ၂၀၁၃ ခုနှစ် အမြင့်ဆုံး တေးဂီတအဖွဲ့ဆုရ Wanted နှင့် တေးသီချင်းတောင်းခံရသူနှင့် ရေပန်းအစားဆုံးတေးသံရှင် စန္ဒီမြင့်လွင်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က City FM ၏ ဆုတံဆိပ်အား လည်းကောင်း၊ MDG ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းက ရွှေစင်တစ်ကျပ်သားရှိ ရွှေပြားများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းနှင့်ဓာတ်ပုံ
စောလှိုင်ဝင်း (YCDC)

☆ ရှေ့ဖုံးမှ

ဥပဒေကြမ်းတို့ကို ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ယခုရေးဆွဲထားသည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းသည် မိမိတို့အစိုးရတာဝန်ယူသည့် စတုတ္ထနှစ်မြောက်ကာလအတွက် ဘဏ္ဍာငွေအရအသုံးစာရင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူဝါဒများချမှတ်၍ စီမံကိန်းများရေးဆွဲခြင်း၊ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို အခြေပြုသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကိုရေးဆွဲပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက် ရယူဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ရာ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့သည် အချိတ်အဆက်မိနေရန် လိုအပ်ပါကြောင်း၊ ယခုနှစ်မှာဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေစာရင်းများ ရေးဆွဲတင်ပြရာတွင် တစ်နှစ်ထက်တစ်နှစ် အစိုးရ၏မူဝါဒများကို ပိုမိုအထောက်အကူပြုနိုင်မည့် အရအသုံးခန့်မှန်းခြေစာရင်းများ ဖြစ်လာအောင် တစ်ဖက်က ကြိုးပမ်းဆောင်ရွက်ခဲ့သကဲ့သို့ တစ်ဖက်ကလည်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘဏ္ဍာငွေ အရအသုံး၊ အချိုးအစားများကိုလည်း ပိုမိုလျော်ကန်သင့်မြတ်သော အချိုးအစားများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ပြည်ထောင်စု၏ ရငွေများ တိုးတက်လာသကဲ့သို့ သုံးစွဲငွေများလည်း တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအပေါ် နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုမှုများ ပြန်လည်ရရှိခဲ့ပြီဖြစ်၍ ပြည်ပအကူအညီရရှိငွေနှင့် ပြည်ပချေးငွေများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ရရှိလာသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ရငွေသုံးငွေအချိုးအစားကို ပိုမိုလျော်ကန်သင့်မြတ်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရငွေများနှင့် အသုံးစရိတ်များ ခွဲဝေပေးခြင်းကိုလည်း စနစ်တကျ ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ဖြည့်ဆည်းပေးခြင်းကိုလည်း ပိုမိုတိုးမြှင့်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခုတင်ပြသည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘဏ္ဍာငွေ အရအသုံးစာရင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒုတိယသမ္မတများက စိစစ်ထားပြီးဖြစ်ပါကြောင်း၊ စိစစ်ပြီး စာရင်းများအရ ပြည်ထောင်စု၏ စုစုပေါင်းရငွေမှာ ကျပ် ၁၆၅၄၄ ဒသမ ၆၄၇ ဘီလီယံ စုစုပေါင်းသုံးငွေမှာ ကျပ် ၁၉၂၉၅ ဒသမ ၂၉၂ ဘီလီယံဖြစ်၍ လိုငွေကျပ် ၂၇၅၀ ဒသမ ၆၄၅ ဘီလီယံ ဖြစ်ပေါ်ပါကြောင်း၊ ယခုနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျပ် ၁၄၂၁ ဒသမ ၇၃၇ ဘီလီယံ ထောက်ပံ့ပေးမည်ဖြစ်ပြီး ကျပ် ၂၅ ဒသမ ၅၁၇ ဘီလီယံကို ချေးငွေအဖြစ် ခွင့်ပြုပေးမည်ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် တစ်မျိုးသားလုံး၏ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)သည် ကျပ် ၆၆၁၈၇ ဒသမ ၁၁၉ ဘီလီယံဖြစ်သည့်အတွက် လိုငွေနှင့် ဂျီဒီပီအချိုးသည် ၄ ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ယခုနှစ် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းအပေါ် သုံးသပ်ကြည့်ပါက နိုင်ငံတော်တစ်ခုလုံး၏ ရငွေအပေါ် ပြည်ထောင်စု၏ ပါဝင်မှုအချိုး ၈၆ ဒသမ ၃၂ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပါဝင်မှုအချိုး ၁၃ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်ပြီး နိုင်ငံတော်တစ်ခုလုံး၏ သုံးငွေအပေါ်တွင် ပြည်ထောင်စု၏ ပါဝင်မှုအချိုး ၈၈ ဒသမ ၀၃ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပါဝင်မှုအချိုး ၁၁ ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါကြောင်း၊ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေအတွက် ထောက်ပံ့ပေးငွေသည် ကျပ် ၁၄၂၁ ဒသမ ၇၃၇ ဘီလီယံဖြစ်ပြီး ယခင်နှစ်က ထောက်ပံ့ပေးငွေ ကျပ် ၆၂၆ ဒသမ ၃၃၃ ဘီလီယံနှင့် နှိုင်းယှဉ်ပါက နှစ်ဆကျော် ပိုမိုထောက်ပံ့ပေးထားသည်ကို တွေ့ကြရပါကြောင်း။

ပြည်ထောင်စု၏ ဘဏ္ဍာငွေများသုံးစွဲမှုအတွက် လျာထားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရည်မှန်းချက်များကို တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ထည့်သွင်းခွဲဝေပေးထားပါကြောင်း၊ ထို့အတူ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအတွက် ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်များ မြှင့်တင်သုံးစွဲခြင်း၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောဌာနများတွင် ပိုမိုသုံးစွဲခြင်းနှင့် ဦးစားပေးဆောင်ရွက်ရန် မလိုအပ်သေးသော ဌာနများအတွက် စိစစ်လျှော့ချခြင်းများ ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းအရ အစိုးရ၏ အသုံးစရိတ်များ တိုးမြှင့်သုံးစွဲနိုင်မှုသည် ဂျီဒီပီအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိနေပါကြောင်း၊ ဂျီဒီပီတွက်ချက်ရာတွင် စားသုံးမှုတန်ဖိုး၊

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ အစိုးရအသုံးစရိတ်၊ ပို့ကုန်တန်ဖိုး၊ သွင်းကုန်တန်ဖိုးတို့ကို ထည့်သွင်းတွက်ချက်ရသည့်အတွက် မက်ခရိုစီးပွားရေး အခြေအနေများကို မျက်ခြည်မပြတ်လေ့လာပြီး လိုအပ်သည့်နေရာများတွင် အစိုးရ၏ အသုံးစရိတ်ကို တိုးမြှင့်သုံးစွဲပေးခြင်းနှင့် အရေးတကြီးမလိုအပ်သေးသည့် နေရာများတွင် အစိုးရ၏အသုံးစရိတ်ကို စိစစ်လျှော့ချသုံးစွဲပေးခြင်းတို့ကို မိမိတို့ ချိန်ဆဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခုအချိန်တွင် မိမိတို့အနေဖြင့် နိုင်ငံတော်၏ ဘက်စုံကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှုများ လျင်လျင်မြန်မြန်ရရှိနိုင်စေရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ဆောင်ရွက်နေချိန်ဖြစ်သည့်အတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းစသည်များ အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြေလျှော့ပေးခြင်း၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်း၊ အခြေခံအဆောက်အအုံဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ နိုင်ငံပိုင်အခန်းကဏ္ဍများကို တဖြည်းဖြည်းလျှော့ချပြီး ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ တိုးမြှင့်လာစေခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၏ ကဏ္ဍအလိုက်စီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်စေခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ဒေသအလိုက်စီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်စေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပေါ် သုံးသပ်၍ အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်အဖြစ် အသွင်ပြောင်းလဲနိုင်ရန် စီစဉ်ခြင်း၊ နိုင်ငံပိုင်အဖြစ် ဆက်လက်ထားရှိရမည့် လုပ်ငန်းများအား စီမံခန့်ခွဲမှုနှင့် စွမ်းဆောင်ရည်တိုးတက်လာစေရန် စီစဉ်ခြင်း၊ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ကျင့်သုံးဆောင်ရွက်စေခြင်း စသည်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများအားလုံးတွင် အေးချမ်းသာယာဝပြောပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် လည်းကောင်း၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြပါကြောင်း၊ နိုင်ငံတော်၏ ဂျီဒီပီတိုးတက်ရေး၊ တစ်ဦးကျဝင်ငွေတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျော့ကျရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးလာစေရေး စသည့် ရည်မှန်းချက်များကို ဖော်ဆောင်ရာတွင် တိုင်းဒေသကြီးအသီးသီး၊ ပြည်နယ်အသီးသီးအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံးကို ပျံ့နှံ့ရောက်ရှိအောင် ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့များ၏ ရငွေများ တိုးတက်ရရှိလာအောင် စွမ်းဆောင်နိုင်မှုနှင့် အသုံးစရိတ်များကို ထိရောက်မှန်ကန်စွာနှင့် လုံလောက်စွာ သုံးစွဲနိုင်မှုတို့သည် အလွန်အရေးကြီးလှပါကြောင်း။

ဆက်လက်ပြီး ယခုနှစ် တင်သွင်းမည့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်၍ ပြောကြားလိုပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံတော်အစိုးရ၏ အဓိကရငွေမှာ အခွန်အကောက်မှ ရရှိငွေဖြစ်ပါကြောင်း၊ နိုင်ငံတော်က ပိုင်ဆိုင်သော မြေထု၊ ရေထု၊ လေထု၊ သဘာဝသယံဇာတအရင်းအမြစ်များကို သုံးစွဲမှုများထံမှ အခွန်အခများ ရရှိရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ နယ်မြေအကျယ်အဝန်း၊ လူဦးရေ၊ စီးပွားရေးလုပ်ငန်းများ အခြေအနေပေါ်မူတည်၍ အခွန်အခြေခံကို ချဲ့ထွင်ခြင်း၊ အခွန်တိမ်းရှောင်မှုများကို ဖော်ထုတ်ခြင်း၊ အခွန်ထမ်းသူများအား မက်လုံးပေးခြင်းဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများ တိုးတက်ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀(ခ)တွင် "ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်၍ ယခု လာမည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းကို စတင်တင်သွင်းတော့မည်ဖြစ်ပါကြောင်း၊ ယင်းဥပဒေကြမ်းတွင် အခွန်လျာထားချက်အခွန်နှုန်းများ၊ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားများ၊ ဝင်ငွေခွန်နှုန်းထားများ၊ အခွန်စနစ်ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများ ပါဝင်မည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးကြရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲတင်ပြမှုအပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့် ၂၀၁၄ ခုနှစ် အခွန်အကောက်ဆိုင်ရာ ဥပဒေ(မူကြမ်း)တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဘဏ္ဍာရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၁/၂၀၁၄) တွင် အတည်ပြုသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ၂၀၁၄ ခုနှစ် အခွန်အကောက်ဥပဒေကြမ်းတို့ကို မကြာမီ ကျင်းပတော့မည့် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့က ဥပဒေနှင့်အညီ တင်သွင်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်ထားသော ကော်မတီအသီးသီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း မိမိတို့တင်သွင်းသည့် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဥပဒေကြမ်းများအပေါ် စိစစ်ခြင်း၊ ဆွေးနွေးသုံးသပ်ခြင်း၊ အတည်ပြုခြင်းများကို ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း။

ယခုတင်ပြသည့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်သော အမျိုးသားစီမံကိန်း၏ နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသုံးစရိတ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့က လည်းကောင်း၊ သာမန်အသုံးစရိတ်များကို ဘဏ္ဍာရေးဝန်ကြီးဌာနက လည်းကောင်း စနစ်တကျ စိစစ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်သည့် အသုံးစရိတ်များဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်းတွင်ပါဝင်သော ပြည်ပအကူအညီနှင့်ပြည်ပချေးငွေများသည်လည်း နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် ဖွံ့ဖြိုးမှုစီမံကိန်းများ အောင်မြင်စေရန် ပံ့ပိုးပေးမည့်ဘဏ္ဍာငွေအရင်းအမြစ်များ ဖြစ်ကြပါကြောင်း။

မိမိတို့တာဝန်ယူသည့် အချိန်ကာလအတွင်းတွင် ရရှိလာသော ပြည်ပအကူအညီအထောက်အပံ့များ၊ပြည်ပချေးငွေများကို တိုင်းပြည်အတွက် အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်ကို နှစ်စဉ်လိုငွေပြနေသည့် အနေအထားမှ အရအသုံးညီမျှသည့် အနေအထား၊ ၎င်းမှတစ်ဆင့် ပိုငွေပြသည့် အနေအထားမျိုးကို ရောက်ရှိလာစေရန် ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်အပေါ် တင်ရှိနေသော ပြည်တွင်းပြည်ပ ကြွေးမြီများကို ပေးဆပ်နိုင်ခြင်း၊ လျှော့ချနိုင်ခြင်းများကို လုပ်ဆောင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း။

ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးနောက် ယင်းဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြသည့်အခါ မိမိတို့မျှော်မှန်းထားသည့်ရငွေများ မှန်မှန်ကန်ကန်ရရှိရေး၊ မိမိတို့ လျာထားခဲ့သည့် အသုံးစရိတ်များကို မှန်မှန်ကန်ကန် စနစ်တကျ အချိန်မီ သုံးစွဲနိုင်ရေးတို့သည် အထူးအရေးကြီးပါကြောင်း၊ ရငွေများကို လျာထားသည်ထက် ပိုမိုရရှိလာအောင် ကြိုးပမ်းကြစေလိုပါကြောင်း၊ သုံးငွေများကို သုံးစွဲရာတွင်လည်း ရည်မှန်းသည့်အတိုင်း မသုံးစွဲနိုင်ပါက ဘဏ္ဍာရေးနှစ်မကုန်မီ ပြန်လည်အပ်နှံကြရမည်ကိုလည်း အထူးသတိပြုကြစေလိုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အချို့ပြန်လည်အပ်နှံသော ပိုလျှံငွေများကို

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အသုံးလိုအပ်သည့် နေရာများတွင် ပြန်လည်သုံးစွဲနိုင်အောင် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၊တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများအနေဖြင့် ခွဲဝေရရှိသော ဘဏ္ဍာငွေများကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထိထိရောက်ရောက် သုံးစွဲနိုင်ကြစေရန် အလေးထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဌာနအကြီးအကဲများသည် ဘဏ္ဍာရေးတာဝန်ခံကြီးကြပ်သူအရာရှိများဖြစ်ကြပြီး လက်အောက်သို့ ဘဏ္ဍာရေးလုပ်ပိုင်ခွင့်များကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အဆင့်ဆင့်ခွဲဝေအပ်နှင်းလျက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများဖြစ်သည့်အတွက် သုံးစွဲဆောင်ရွက်ရသောအသုံးစရိတ်တိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုများရှိရမည်၊ ပွင့်လင်းမြင်သာမှုများရှိရမည်၊ စနစ်တကျအစစ်ဆေးခံနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နှစ်စဉ်အရအသုံးခန့်မှန်းခြေလျာထားချက်များပြုလုပ်သည့်အခါ ယခင်နှစ် အရအသုံးများကိုသာ အခြေခံခန့်မှန်းခြင်းမျိုးမဟုတ်ဘဲ အစိုးရ၏ မူဝါဒကို အခြေခံသော၊ ဌာနအဖွဲ့အစည်း၏ စွမ်းဆောင်ရည်ကိုအခြေခံသော အရအသုံးစာရင်းများဖြစ်လာစေရန် မိမိတို့ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤဘဏ္ဍာငွေအရအသုံးစာရင်းများသည် မိမိတို့ရည်မှန်းထားသော ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုစီမံကိန်းများကို အချိန်တိုအတွင်း လျင်လျင်မြန်မြန် ဖော်ဆောင်နိုင်စေရန်အတွက် အထောက်အပံ့ဖြစ်စေရမည်ဖြစ်ပါကြောင်း၊ ယခုနှစ် အရအသုံးခန့်မှန်းခြေစာရင်းများ ရေးဆွဲရာတွင် အထက်နှင့်အောက် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းသုံးသပ်စိစစ်ပြီး လျာထားခဲ့သည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်၏ အခွန်အကောက်ရငွေများနှင့်ပတ်သက်ပြီး ပြောကြားလိုပါကြောင်း၊ အနာဂတ်ကာလတွင် မိမိတို့ နိုင်ငံသည်လည်း အခြားနိုင်ငံများနည်းတူ အစိုးရ၏ အသုံးစရိတ်များကို နိုင်ငံတော်က ကောက်ခံရရှိသောအခွန်ငွေနှင့် ရပ်တည်ဆောင်ရွက်နိုင်သည့်နိုင်ငံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရသင့်ရထိုက်သော အခွန်အကောက်ရရှိရေး၊ အခွန်ထမ်းပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပြည်သူလူထုက လိုလားစွာ အခွန်ထမ်းဆောင်သောအခွန်ယဉ်ကျေးမှုထွန်းကားရေး၊ နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသော ပွင့်လင်းမြင်သာသော၊ ရှင်းလင်းလွယ်ကူစွာ ထမ်းဆောင်နိုင်သော၊ မသမာမှုကင်းရှင်းသော အခွန်စနစ်ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် အလေးအနက်ထားကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခုအခါ အခွန်အကောက်ရငွေများအပါအဝင် ရငွေများကိုတိုးတက်ရရှိလာစေရန် ကြိုးပမ်းနေသလို အသုံးစရိတ်အပိုင်းတွင်လည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလာနိုင်စေရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ သုံးသင့်သုံးထိုက်သော အသုံးစရိတ်များကို မှန်ကန်ထိရောက်စွာသုံးစွဲနိုင်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်က အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်သဖြင့် ဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်ကြမည့်ကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသအလိုက်စီမံကိန်းများ၏ရည်မှန်းချက်များအောင်မြင်နိုင်ရေးအတွက် လိုအပ်သည့်ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် ဦးစီးဌာန၊ လုပ်ငန်းဌာန၊ လုပ်ငန်းအဖွဲ့အစည်းများ၏ အုပ်ချုပ်မှုစွမ်းရည် တိုးတက်မြင့်မားလာစေရေးအတွက် လိုအပ်သည့်သာမန်အသုံးစရိတ်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်သုံးစွဲရမည်ဖြစ်ပါကြောင်း၊ ပညာရေးအသုံးစရိတ်အနေဖြင့် ယမန်နှစ်က စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုး ၅ ဒသမ ၄၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၅ ဒသမ ၉၂ ရာခိုင်နှုန်းသို့လည်းကောင်း တိုးမြှင့်သုံးစွဲရန် စီမံဆောင်ရွက်ပေးထားပါကြောင်း၊ မူလတန်းကို အခမဲ့ပညာသင်ကြားခွင့် ဆောင်ရွက်ပေးသကဲ့သို့ အလယ်တန်းကိုလည်း လာမည့်ပညာသင်နှစ်မှာ အခမဲ့ပညာသင်ကြားခွင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအသုံးစရိတ်အနေဖြင့် ယမန်နှစ်က စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုး ၃ ဒသမ ၁၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၃ ဒသမ ၃၈ ရာခိုင်နှုန်းသို့လည်းကောင်း တိုးမြှင့်သုံးစွဲရန် လျာထားပါကြောင်း။

ဘဏ္ဍာရေးနှစ်အတွင်း မမျှော်လင့်သော သဘာဝဘေးအန္တရာယ်များ မဖြစ်မနေသုံးစွဲရန်လိုအပ်သည့် အသုံးစရိတ်များ၊ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန် မဖြစ်နိုင်သည့် အသုံးစရိတ်များအတွက် သီးသန့်ရန်ပုံငွေအဖြစ် ကျပ်ဘီလီယံ ၁၀၀ ကိုလည်း ယခင်နှစ်အတိုင်း လျာထားပြီး ယင်းရန်ပုံငွေကို ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ သုံးစွဲသွားရမည်ဖြစ်ပါကြောင်း။

လာမည့်ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပိုမိုတိုးမြှင့်ထောက်ပံ့ပေးသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများကိုလည်း ထည့်သွင်းလျာထားပါကြောင်း၊ ယင်းသို့ ထောက်ပံ့မှုတွင် နယ်မြေဒေသအခြေအနေအရ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးရန် အထူးလိုအပ်နေသည့် ပြည်နယ်များကို ပိုမိုထောက်ပံ့ပေးရန် လျာထားပါကြောင်း၊ ထိုထောက်ပံ့ငွေများကို စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးရည်မှန်းချက်များပြည့်မီအောင် စနစ်တကျ သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုလွှတ်တော်က မြို့နယ်ကို အခြေခံ၍ ခွဲဝေသတ်မှတ်ပြီး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သုံးစွဲရန် ငွေကျပ် ၃၃ ဘီလီယံကိုလည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းထည့်သွင်းခွဲဝေလျာထားပါကြောင်း၊ ဤရန်ပုံငွေများကို ထုတ်ယူသုံးစွဲကြရာတွင်လည်း ပြည်သူ့ဘဏ္ဍာငွေများဖြစ်သည့်အတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်ငန်းများနှင့်အညီ သုံးစွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ကျင့်သုံးဆောင်ရွက်နေသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို နိုင်ငံတကာအဆင့်မီ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖြစ်လာစေရေးအတွက် ပြုပြင်ပြောင်းလဲမှုမဟာဗျူဟာ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နေသည့်နေရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ငွေစာရင်း၊ တစ်နည်းအားဖြင့် ဘတ်ဂျက်ရေးဆွဲမှုကိုလည်း စနစ်တကျ ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က စနစ်တကျရေးဆွဲမှု၊ ပြည်ထောင်စုလွှတ်တော်က ဝိုင်းဝန်းစိစစ်ပေးမှုနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးကြပ်မတ်ပေးမှုတို့ကြောင့် အတိုင်းအတာတစ်ခုအထိ တိုးတက်မှုများ ရရှိလာသည်ကို တွေ့ကြရပါကြောင်း၊ စီမံကိန်းနှင့် လိုက်လျောညီထွေဖြစ်သည့် ဘတ်ဂျက်အဖြစ်သို့ ရည်မှန်းဆောင်ရွက်ခြင်း၊ ငွေကြေးသုံးစွဲမှုကို စိစစ်ကြပ်မတ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်၏ ဘတ်ဂျက်လိုငွေ ပေါ်ပေါက်မှုကို ထိန်းကျောင်းဆောင်ရွက်သည့် အသွင်သဏ္ဌာန်ကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပီပြင်စွာ ဆောင်ရွက်လာနိုင်သည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ လစာနှင့် ထောက်ပံ့ကြေးများကိစ္စနှင့် ပတ်သက်၍ တိုင်းပြည်၏ စီးပွားရေးအခြေအနေ၊ ရငွေနှင့် သုံးစွဲရမည့်ငွေနှင့် ဘတ်ဂျက်အခြေအနေပေါ်တွင် တွက်ချက်ပြီး အခါအားလျော်စွာ တိုးမြှင့်ထောက်ပံ့ပေးသွားမည်ဖြစ်သည်ကို မိမိပြောကြားခဲ့ကြောင်း၊ ယင်းကဲ့သို့ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့် ထောက်ပံ့ကြေးများ၊ တိုးမြှင့်ပေးနိုင်ရန်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်မှု အလားအလာ၊ ဖြစ်ပေါ်ရိုက်ခတ်လာနိုင်သည့် အကျိုးသက်ရောက်မှုများစသည့် အခြေအနေအကြောင်းအရာများကို စဉ်းစားသုံးသပ်တွက်ချက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်၊ ပင်စင်လစာနှင့် ဆုကြေးများကို တိုးမြှင့်သတ်မှတ်ပေးခဲ့ပါကြောင်း၊ ယခုလာမည့် ဘဏ္ဍာရေးနှစ်အရအသုံးခန့်မှန်းခြေငွေစာရင်းတွင်လည်း နိုင်ငံ့ဝန်ထမ်းများ၏လစာငွေကို ကျပ် ၂၀၀၀၀ တိုးမြှင့်ပေးရန်နှင့် ပင်စင်လစာနှင့် ဆုကြေးများကိုလည်း အချိုးကျ တိုးမြှင့်ပေးရန် ထည့်သွင်းလျာထားသည်ကို ပြောကြားလိုပါကြောင်း။

အချုပ်အားဖြင့် မိမိတို့အစိုးရအဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သော ပြည်သူဗဟိုပြုသည့် အုပ်ချုပ်ရေးစနစ်ကျင့်သုံးရေး၊ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊တစ်ဦးကျဝင်ငွေတိုးတက်လာရေး စသည်တို့အတွက် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းအားလုံး ခွဲဝေရရှိမည့် ပြည်သူ့ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးသုံးစွဲမှုဖြစ်စေရန် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် အညီ စီမံဆောင်ရွက်ကြပါ။ လျာထားသည့် ရငွေများကို ပြည့်မီကျော်လွန်ရရှိအောင် ကြိုးပမ်းကြပါ။ ဘဏ္ဍာငွေအရအသုံးစာရင်းများကို ဌာနတွင်း စာရင်းစစ်ဆေးခြင်းနှင့် စာရင်းစစ်ချုပ်ရုံးအဆင့်ဆင့်၏ စစ်ဆေးမှုခံယူခြင်းတို့ကိုလည်း စနစ်တကျ အလေးထားဆောင်ရွက်ကြပါဟု တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းအတွက် NGO/CSO ရွေးချယ်မှုအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းအတွက် NGO /CSO ရွေးချယ်မှုအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ Myanmar Peace Center ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ Social Economic Frame Work တစ်ခုကိုလည်း ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ Quick Win ရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့ဆိုသည့်အတိုင်း ပြည်သူအများ တက်တက်ကြွကြွဖြင့် ပူးပေါင်းပါဝင်စေလိုပါကြောင်း၊ ကျေးလက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရတစ်ခုတည်း၏ အားဖြင့် မလုံလောက်ဘဲ ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အားကိုရယူ၍ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကြံဉာဏ်များ၊ အကူအညီများရယူ၍ ၎င်းတို့နှင့် နီးနီးကပ်ကပ် လက်တွဲပူးပေါင်းကာ ပြည်သူဗဟိုပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရေးနှင့် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် သက်ဆိုင်သူအားလုံးပါဝင်သည့် ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်

ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများ၏အား အဓိကလိုအပ်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပိုမိုအောင်မြင်လာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မိမိတို့ဝန်ကြီးဌာနသည် ထောင်စုနှစ်ရည်မှန်းချက်နှင့်အညီ ကျေးလက်ဒေသများဖွံ့ဖြိုးလာစေရန်၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရန်နှင့် ကျေးလက်မြို့ပြ ကွာဟချက်များကျဉ်းမြောင်းလာစေရန် မျှော်မှန်း၍ ကျေးလက်ဒေသစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အစားအစာ ဘေးကင်းမှုရှိစေရေးဆိုင်ရာ မူဝါဒများချမှတ်ရေး၊ ကျေးလက်လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ၊ ကျေးလက်လျှပ်စစ်မီးရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပုဂ္ဂလိကအသားထုတ်လုပ်မှုနှင့် ငါးပုဇွန်ထုတ်လုပ်မှုတိုးတက်ရေး ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းအတွက် NGO/CSO ရွေးချယ်မှု အခြေအနေများကိုလည်းကောင်း၊ Task Force အဖွဲ့ကိုယ်စားလှယ် ဦးဝင်းမျိုးသူက ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ထူထောင်ရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် ဦးငွေသိမ်းတို့က NGO/CSO ရွေးချယ်မှုနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးအုန်းမြင့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ အာဆီယံမှ

ကွန်ဗင်းရှင်းစင်တာ(အမ်အိုင်စီစီ)ကို ဇန်နဝါရီ ၅ ရက်က ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အာဆီယံဥက္ကဋ္ဌဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်း စတင်ထူထောင်စဉ်က ချမှတ်ခဲ့သည့် အာဆီယံလမ်းပြမြေပုံပါ ဦးစားပေးသတ်မှတ်ချက်များကို အကောင်အထည်ဖော်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ၂၀၁၅ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်များကိုလည်း ဆုံးဖြတ်သတ်မှတ်သွားမည် ဖြစ်သည်။

အစည်းအဝေးအစီအစဉ်များအရ မြန်မာနိုင်ငံသည် (၆၂)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှု ပူးပေါင်းကော်မတီအစည်းအဝေးကို လာမည့် သီတင်းပတ်အကုန်တွင် နေပြည်တော်၌ လက်ခံကျင်းပသွားမည်ဖြစ်သည်။ ယင်းကော်မတီအစည်းအဝေးတွင် ဒေသတွင်း၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန်၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် စည်းမျဉ်းဥပဒေများ လျှော့ချရန်နှင့် ဒေသတွင်းနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန် အားပေးမြှင့်တင်သွားမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးပြီးနောက် ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်ထိ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို မန္တလေးနှင့် ပုဂံမြို့တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အာဆီယံသည် ၁၉၉၇ ခုနှစ်ကတည်းက ၎င်း၏ မျှော်မှန်းချက်များ ချမှတ်ထားခဲ့ပြီး အာဆီယံအသိုက်အဝန်းအတွင်း ၂၀၁၅ ခုနှစ်တွင် စတင်သက်ဝင်လာစေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ အာဆီယံသည် ဒေသတွင်း ပေါင်းစည်းညီညွတ်ရေးအတွက်သာမက အရှေ့အာရှထိပ်သီးညီလာခံ၊ အာဆီယံ+၃ ထိပ်သီးညီလာခံ၊ အာဆီယံဒေသတွင်း ဖိုရမ်နှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးများတွင်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများမှာ ဘရူနိုင်းဒါရူဆလမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြသည်။

(အေဝမ်းစိုး)

ဖတ်စရာ ○————→ ထူးငယ်(Y.T.U)

တက္ကသိုလ်အဆောင်တွေ ပြန်ဖွင့်ပြီတဲ့

အဆောင်များပြန်ဖွင့်တော့မည်။ ထိုသတင်းကြား ကြားချင်း ပျော်လိုက်တာ။ နယ်ကနေရန်ကုန်လာပြီး တက္ကသိုလ်လာတက်တဲ့ ကျောင်းသား ကျောင်းသူတွေ နေရေးထိုင်ရေးအဆင်ပြေသွားပြီပေါ့။ အရင်ကဆို နယ်မှလာတက်တဲ့ သူငယ်ချင်းတွေ ရန်ကုန်မှာအဆောင်ငှား၊ တိုက်ခန်းတွေစုငှားကြပြီး တက္ကသိုလ်တက်ကြရသည်။ အပြင်ဆောင်တွေကနေ ကျောင်းတက်ရပြီး သွားရေးလာရေးကအစ အခက်အခဲများစွာနဲ့ ကြားရတာ စိတ်မကောင်းဖြစ်မိသည်။ မြန်မာနိုင်ငံရဲ့ တက္ကသိုလ်တော်တော်များများဟာ မြို့ပြင်မှာလေ။ အခုဆိုတက္ကသိုလ် တော်တော်များများအဆောင်တွေ ပြန်ဖွင့်လိုက်ပြီဆိုတော့ အဆောင်မှူး၊ တက္ကသိုလ် ဆရာ ဆရာမတွေနဲ့ အဆောင်နေ ကျောင်းသားကျောင်းသူတို့၏ အဆောင်မိသားစု ညီအစ်ကို၊ ညီအစ်မ ချစ်ခင်ရင်းနှီးသည့် အငွေ့အသက်များ တစ်ဖန်ပြန်လည်ရရှိလာကြတော့မည်။

အဖေတို့ အမေတို့ခေတ်က ပြောပြတဲ့အဆောင်နေ ကျောင်းသားဘဝကို အခုမှ ကိုယ်တွေ့ကြုံရတော့မည်။

ယခင် တက္ကသိုလ်အဆောင်ကျောင်းသား ကျောင်းသူဘဝက ပျော်စရာကောင်းသည်တဲ့။ ညညဆို အမျိုးသမီးအဆောင်များရှေ့အုတ်ခုံပေါ်မှာ ဂီတာတွေတီးကြဆိုကြ ပိုးကြပန်းကြနဲ့ တက္ကသိုလ်ဇာတ်လမ်းလေးတွေလည်း ဖြစ်ခဲ့ကြသည်ဆိုသည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူဘဝက အဆောင်တွေရှိမှ တကယ့်တက္ကသိုလ်ကျောင်းသားကျောင်းသူဘဝကို အပြည့်အဝခံစားရရှိနိုင်သည်တဲ့။ အဆောင်တွေဖွင့်တဲ့နေ့မှာ အဆောင်ရတဲ့သူငယ်ချင်းများနဲ့ ကျွန်မ သူတို့အဆောင်ကို လိုက်လည်ခဲ့သည်။ ကျွန်မတို့ Y.T.U တက္ကသိုလ်ကျောင်းတော်ကြီးရဲ့ အဆောင်ဝတ္ထုဇာတ်လမ်းများလည်း ပြန်လည်အသက်ဝင်လာတော့မည်။ ယခုမိန်းကလေးများက ယခင်ယောကျ်ားလေးဆောင် ABC ဆောင်များတွင်သာ နေကြရသည်။ စာရေးဆရာမ မစန္ဒာတို့ခေတ်ကတော့ G-hall သူ၊ အခုတော့ B-Block သူတွေဖြစ်ကုန်ကြပြီ။

အဆောင်တစ်ဆောင်စီမှာ အဆောင်မှူး တစ်ယောက်၊ Hall-tutor တစ်ယောက်နဲ့ အဆောင်သား၊ အဆောင်သူများကို စနစ်တကျ အုပ်ချုပ်ပါသည်။ ဘာပဲဖြစ်ဖြစ် အဆောင်မှာချမှတ်ထားသော စည်းမျဉ်းစည်းကမ်းအတိုင်းလိုက်နာနေထိုင်နိုင်ရင်ပျော်စရာတော့ အကောင်းသားနော်။ ကျောင်းမှာပဲအိပ်၊ ကျောင်းမှာပဲစားပြီး ကျောင်းမှာပဲစာသင်ရတဲ့ တက္ကသိုလ်ကျောင်းသူဘဝ။ ကျွန်မလည်းရချင်ပေမယ့် နယ်ကမဟုတ်တော့မရနိုင်ပါ။

ကျောင်းတော်ကြီးနဲ့ ခြောက်နှစ်လုံးလုံးနေကြပြီး ပညာသင်ရတဲ့ ကျောင်းသားကျောင်းသူတွေ သိပ်ကံကောင်းပါတယ်။ ကျွန်မတို့ခေတ်မှ အဆောင်တွေပြန်ဖွင့်တာဆိုတော့ ကျွန်မတို့ကံကောင်းတာပေါ့။ ဒီလိုဆောင်ရွက်ပေးတဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်မိပါတယ်။

အခုလို တက္ကသိုလ်အဆောင်တွေ ပြန်ဖွင့်ပေးလိုက်တော့ အဆောင်မှူး၊ တက္ကသိုလ် ဆရာ ဆရာမတွေရဲ့ မိဘသဖွယ်ဆိုဆုံးမမှုတွေအောက်မှာ ကျောင်းသား ကျောင်းသူတွေလည်း စည်းနဲ့ကမ်းနဲ့ နေထိုင်ကြရတော့မည်။ နယ်မှ မိဘများကလည်း ငွေကုန်ကြေးကျသက်သာစွာနဲ့ သားသမီးများကို စိတ်ချလက်ချ သက်ဆိုင်ရာ တက္ကသိုလ်တွေကို လွှတ်ပြီး စာသင်ခိုင်းနိုင်ပြီဖြစ်သည်။

အဆောင်ဓလေ့၊ အဆောင်ထုံးစံအတိုင်း အဆောင်ကြိုဆိုပွဲများနှင့် တက္ကသိုလ်အဆောင်များ ပြန်လည်အသက်ဝင်လာကြပြီဖြစ်သည်။ တက္ကသိုလ်အဆောင်များ အသက်ဝင်လာသည်နှင့်အမျှ တက္ကသိုလ်ဥယျာဉ်ကြီး တစ်ခုလုံး စိမ်းလန်းပျော်ရွှင်သော ဥယျာဉ်ကြီးဖြစ်လာပါတော့မည်။ ။

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြို့ အထက(၄)အလုံ သမိုင်းဝင်နာရီစင်ကြီးမှာ နှစ်ပေါင်းများစွာ အသံတိတ်ဆိတ်နေရာမှ ၂၀၁၄ ခုနှစ် နှစ်သစ်တွင် အသစ်တစ်ဖန်ပြန်လည်နိုးကြား အသက်ဝင်ခဲ့ပါပြီ။ အားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့ကြသော ယူနိုက်တက်ခရစ်ယာန်ကျောင်းသားဟောင်းများ၊ အထက(၄) အလုံ ကျောင်းအကျိုးဆောင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများအားလုံးကို ကျောင်းသား၊ မိဘ၊ ပြည်သူများက ကျေးဇူးတင်လျက်ကြောင်း သိရသည်။ **(အောင်မင်း)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈–၁–၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၆း၀၃	တရားတော်
၈း၃၀	DVD Hits
၈း၃၅	ဇာတ်လမ်းတို
၈း၅၀	သူနှင့်သူ၏သီချင်းများ
၄း၁၅	လျှပ်တစ်ပြက်
၄း၄၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒရမ်မာများရဲ့အရှင်သခင်" (အပိုင်း-၂၂)
၆း၀၆	Miss Universe 2013
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ညွှန်းဖွဲ့မေတ္တာ"(အပိုင်း-၁၆) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်ထဲက ချစ်ခြင်း" (အပိုင်း-၇)

ပြန်လည်နိုးကြားလာသော သမိုင်းဝင် နာရီစင်

ကျန်းမာရေးအထောက်အကူပြုဆေးနှင့် ဆေးပစ္စည်းမျိုးစုံ လှူဒါန်းပွဲကျင်းပ

ရေဦး ဇန်နဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးတင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကိုယ်စား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်းက ဆေးနှင့်ဆေးပစ္စည်းမျိုးစုံကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးထွန်းထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။ ယခု လှူဒါန်းသည့် ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ၏ ကာလတန်ဖိုးမှာ သိန်း ၅၀ ရှိကြောင်း သိရသည်။

(သန်းထိုက်-ရေဦး)

သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ဆွေးနွေး

ထီးချိုင့် ဇန်နဝါရီ ၇

ထီးချိုင့်မြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာလုပ်ငန်းများ ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်းကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်းအတွင်း၌ ကျင်းပသည်။ အစည်းအဝေးတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်မင်းက မြို့နယ်အတွင်း စာရင်းကောက်ကွက် ၁၈၂ ကွက် သတ်မှတ်ထားကြောင်း၊ စာရင်းကောက် ၁၈၂ ဦး၊ စာရင်းစစ် ၄၈ ဦး၊ အရန်စာရင်းကောက် ၁၀ ဦး၊ အရန်စာရင်းစစ် နှစ်ဦး စုစုပေါင်း ၂၄၂ ဦးတို့အား တာဝန်ခွဲဝေချထားမှုနှင့် ၎င်းတို့အား မတ် ၁၇ ရက်မှ ၂၂ ရက်အထိ သင်တန်းပို့ချပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက မရှင်းလင်းသည်များကို မေးမြန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(စောကလျာ-ထီးချိုင့်)**

ပျောက်ဆုံးကြောင်း

ဒေါ်သိန်းသိန်းခင်[၁၀/သထန(နိုင်)၀၀၃၁၇၇]၏ Passport အမှတ် MA-249192၏ ကတ်မှာ ၂၇-၁၀-၂၀၁၃ရက်တွင်ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးရန်။ **ဖုန်း-၀၉၈၇၂၁၀၅၂၊ ၀၅၇-၄၀၆၂၀**

စစ်တက္ကသိုလ်အမှတ်စဉ်(၂၀) ဗိုလ်လောင်းသင်တန်းကျောင်းဆင်းအရာရှိများ၏ အာစရိယပူဇော်ပွဲ အသိပေးကြိုတင်ဖိတ်ကြားလွှာ

ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ်တွင် ၁၉၇၄ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော စာပေနှင့်လေ့ကျင့်ရေးဌာနများမှ ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ကြမည့် စစ်တက္ကသိုလ်အပတ်စဉ် (၂၀)၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားအား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၅ရက်(စနေနေ့) နံနက် ၉း၀၀ နာရီတွင် နေပြည်တော်၌ ပြုလုပ်ကျင်းပသွားမည်ဖြစ်ပါသဖြင့် ကျောင်းဆင်းအရာရှိများ စုံညီစွာတက်ရောက်နိုင်ရေးနှင့် ဘဏ္ဍာရေးဆပ်ကော်မတီ (နေပြည်တော်-၀၉-၅၀၉၃၅၀၆)၊ (ရန်ကုန်-၀၉-၅၀၇၆၆၀၇)သို့ တိုက်ရိုက်ဆက်သွယ် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အသိပေးဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲ ဦးစီးကော်မတီ
စစ်တက္ကသိုလ် အမှတ်စဉ် (၂၀)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Copier Toner	
	NPG-25 Toner	10Nos
	NPG-50 Toner	10Nos
	NPG-26 Toner	5Nos
	NPG-28 Toner	5Nos
	NPG-51 Toner	5Nos
(ခ)	Color Copier Toner	
	NPG-46 Toner (Cyan)	5Nos
	NPG-46 Toner (Mageata)	5Nos
	NPG-46 Toner (Yellow)	5Nos
	NPG-46 Toner (Black)	5Nos
(ဂ)	Fax Cratridge	
	Fx-3	10Nos
	Fx-9	10Nos

၂။ တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၈-၁-၂၀၁၄ရက်မှ ၉-၁-၂၀၁၄ရက်အထိ ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၁၀-၁-၂၀၁၄ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၄၀၆၁၁၄ နှင့် ၀၆၇-၄၀၆၀၆၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
ရုံးအမှတ်(၃၂)၊ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန လျှောက်လွှာပိတ်ရက်ပြင်ဆင်သတ်မှတ်ခြင်း

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ၂၃-၁၂-၂၀၁၃ရက်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခေါ်ယူခဲ့သော ဒု-ကြီးကြပ်ရေးမှူး (လစာနှုန်း ၇၉၀၀၀ိ-၁၀၀၀ိ-၈၄၀၀၀ိ) ရာထူးနေရာများအတွက် လျှောက်လွှာပိတ်ရက်ကို ၁၀-၁-၂၀၁၄ ရက် ၁၆း၀၀ နာရီအထိ တိုးမြှင့်သတ်မှတ်လိုက်ပြီး ရေးဖြေစာမေးပွဲကို ၁၈-၁-၂၀၁၄ ရက်တွင် ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်းနှင့် ပညာအရည်အချင်း သတ်မှတ်ချက်တွင် B.Sc (Food Technology) အစား B.Sc (Engg) (Food Technology) ဟု ဖြည့်စွက်ပြင်ဆင်ပါကြောင်း ကြေညာအပ်ပါသည်။

ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်တွင် ၁၆-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ပါသည်။

အောင်မြေဗောဓိစေတီတော်ကြီး၏ (၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၀)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲဖိတ်ကြားလွှာ

သန်လျင်မြို့၊ လက်ယက်စမ်းကျေးရွာ(ထမလုံ) အောင်တော်မူကုန်းမြေပေါ်၌ တည်ထားကိုးကွယ်တော်မူသော အောင်မြေဗောဓိစေတီတော်ကြီး၏ (၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၀) ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စေတီတော်ကြီး၏ ဘုရားဒါယကာ၊ ဒါယိကာမများ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၁။ (၁၃၇၅-ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်)၊ ၉-၁-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ခတ်ပွဲ၊ နတ်ပွဲ ကျင်းပပြုလုပ်မည်။

၂။ ပြာသိုလဆန်း ၁၁ ရက်၊ ၁၁-၁-၂၀၁၄ရက်(စနေနေ့) မှ (၎င်းလပြည့် ၁၅ရက်)၊ ၁၅-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ထိ (၅)ရက်တိုင် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကြီးကို သံဃာတော်(၂၄)ပါးဖြင့်ရွတ်ဖတ်ပူဇော်ပြီး၊ ၎င်းနေ့ နံနက် ၉ နာရီတွင် ပဋ္ဌာန်းအောင်ပွဲ၏ ကုသိုလ်တော်များကို ရေစက်ချအမျှပေးဝေခြင်း။

၃။ ၎င်းပြာသိုလဆန်း (၁၅) ရက်၊ ၁၅-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် အောင်မြေဗောဓိစေတီတော်ကြီးနှင့် လိုဏ်ဂူတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို သံဃာတော်များမှ ဗုဒ္ဓဘိသေက အနေကဇာတင်ခြင်းနှင့် သံဃာတော်များအား ဆွမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်းခြင်း။

၄။ ၎င်းလဆန်း ၁၅ ရက်၊ ၁၅- ၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲ ၂ နာရီတွင် သံဃာတော် (၁၀၈) ပါးအား ဆီ၊ ဆွမ်းလောင်းလှူခြင်း။

၅။ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၅ -၁-၂၀၁၄ရက်(စနေနေ့) ည ၇ နာရီတွင် သပိတ်အိုင်ဆရာတော် ရှင်ညာဏိဿရမှ တရားတော်များချီးမြှင့်ပါမည်။

ဝေယျာဝစ္စအဖွဲ့

အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V JUPITER LEADER (V:84)သင်္ဘောသည် ၉-၁-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၅၆၉၁၃၊ ၂၅၆၉၀၃၊ ၂၅၆၉၂၄၊ ၂၅၆၉၁၄

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကော့စတစ်ဆိုဒါစက်ရုံတည်ဆောက်ရေးစီမံကိန်း ဒေသခံများအား တွေ့ဆုံရှင်းလင်း

သထုံ ဇန်နဝါရီ ၇

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မွန်ပြည်နယ် သထုံမြို့နယ် ဆူးအင်းကျေးရွာရှိ ဝန်ကြီးဌာနပိုင် မြေနေရာပေါ်တွင် တည်ဆောက်ရန် လျာထားသည့် ကော့စတစ်ဆိုဒါစက်ရုံတည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ ဆူးအင်း၊ အင်းရှည်၊ ကျုံမိုန်၊ ညာထားဝယ်ကျေးရွာများမှဒေသခံပြည်သူများအား ဆူးအင်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ တွေ့ဆုံရှင်းလင်းခဲ့သည်။**(ယာပုံ)** ဒုတိယဝန်ကြီးက စက်ရုံကြီးပေါ်ပေါက်လာပါက နိုင်ငံတော်၏ အကျိုးစီးပွားအပြင် ဒေသခံပြည်သူများအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် ဒေသခံများအပေါ် ဆိုးကျိုးများ သက်ရောက်မှုမရှိစေရေးအတွက် အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ယခုစက်ရုံ၏ အဓိကကုန်ကြမ်းများမှာ ဆားနှင့် ထုံးကျောက်ဖြစ်ပြီး ဆားမှာ မွန်ပြည်နယ်၏ အဓိကထုတ်ကုန်များ

အနက်တစ်ခုဖြစ်ကာ ယခုအခါ အရောင်းအဝယ်မကောင်းသဖြင့် ဆားတောင်သူများ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း၊ စက်ရုံကြီးပေါ်ပေါက်လာပါက ၎င်းတို့လည်း ဆားများ လွယ်ကူစွာ ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုံး ကျောက်တောင်များမှာလည်း အနီးအနားတွင်ပင်တည်ရှိသဖြင့် များစွာအဆင်ပြေကြောင်း မွန်ပြည်နယ် သစ်တောနှင့် သတ္တုဝန်ကြီး ဦးဝင်းမော်ဦးက ပြောကြားသည်။

အင်းရှည်ကျေးရွာမှ ဦးရွှေထုံစိန်က "အဓိကစိုးရိမ်တာကတော့ စက်ရုံက စွန့်ပစ်ပစ္စည်းတွေကြောင့် လေထု၊ ရေထုတွေ ညစ်ညမ်း မှာကိုပါ။ ဒါကို တာဝန်ရှိသူတွေက သေသေချာချာ စိစစ်ပြီး ဆောင်ရွက်ပေးစေချင်ပါတယ်။ ကျွန်တော်တို့ ဒေသလည်းဖွံ့ဖြိုးလာမယ်။ လေထု၊ ရေထု ညစ်ညမ်းမယ့် အန္တရာယ်လည်း ကင်းဝေးမယ်ဆိုရင် အရမ်းကို ကျေနပ်ဝမ်းသာပါတယ်" ဟု ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်နှင့် စက်မှုဝန်ကြီးဌာန စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရည်မွန်တို့က ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယဝန်ကြီးက ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)

ဘော်လီဘောမိသားစု လူမှုရေးအသင်း၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၇

ဘော်လီဘောမိသားစု လူမှုရေးအသင်းကကြီးမှူးကျင်းပမည့် (၁၁) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကျောက်ဆည်အသင်း(ရန်ကုန်)ဓမ္မာရုံ၌ ကျင်းပသွားမည်ဖြစ်သည်။ ပညာရည်ချွန်ဆုပေးပွဲအတွက် အသင်းဝင်များ၏ သားသမီးများအနေဖြင့် ဇန်နဝါရီ ၁၂ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး အလှူငွေလှူဒါန်းလိုသူများအနေဖြင့် ဦးမြင့်သိန်း ဖုန်း-၀၉-၈၆၁၀၁၅၈၊ ဦးတင့်လွင် ဖုန်း-၀၉-၄၃၁၈၀၀၃၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၄၂၁၀၀၅၂၈၉၊ ဦးညီညီလွင် ဖုန်း-၀၉-၄၂၁၀၆၁၅၀၀၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၄၈၉၆၂ နှင့် ဦးမျိုးမြင့် ဖုန်း-၀၉-၂၅၄၁၁၄၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဖိုးသော်ဇင်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ENGLISH 4-Skills ကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် ညနေပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး တပ်ဖွဲ့မှူး ရဲမှူးချုပ်စိုးမြိုင်က သင်တန်းအဖွင့်အမှာစကား ပြောကြားသည်။ အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရဲထောက်ချုပ် ရဲမှူးချုပ် သိန်းဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ တက်ရောက်ခဲ့ပြီး သင်တန်းကို ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီး ၄၄ ဦး တက်ရောက်ကြောင်း သိရသည်။

(ရဲပြန်ကြား)

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများကျင်းပ

ရန်ကုန်

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၆) နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဗဟန်းမြို့နယ် အုပ်ချုပ်ရေးမှူးဦးမြတ်သိန်းထွန်းက ဖတ်ကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ NGO များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ အင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(သန္တာမေ)

လေးမျက်နှာ

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာအုပ်စု ခမောက်စုရွာ ပြည်သူ့အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ နံနက် ၇ နာရီတွင် ရပ်မိရပ်ဖများ၊ အုပ်စုအုပ်ချုပ်ရေးမှူးများ၊ အုပ်စုတွင်းရှိပြည်သူများ၊ အထက ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ NGO အသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနများ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် အားကစားနည်းမျိုးစုံပြိုင်ပွဲများ ကျင်းပပြီး ညပိုင်းတွင် ကရင်ဒုံးယိမ်း အဖွဲ့ခုနစ်ဖွဲ့မှ ဝါးညှပ်အက၊ ဒုံးအကများဖြင့် ဖျော်ဖြေပြီး အားကစားဆုရသူများနှင့် ဒုံးယိမ်းအဖွဲ့များအား အလှူရှင်များက ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

သီဟ(လေးမျက်နှာ)

ရွှေကူ

ရွှေကူမြို့နယ် မြို့နယ်အားကစားကွင်း၌ နံနက် ၄ နာရီ မိနစ် ၂၀ တွင် အလံတင်အခမ်းအနားကျင်းပ၍ နံနက် ၇ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီကဖတ်ကြားပြီး အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၁၈၀၀ တက်ရောက်ခဲ့သည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ၍ ညနေ ၃ နာရီတွင် ဆုရရှိသောအားကစားသမားများနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန်းကိုယ်ပွား)



အမြန်ရောင်းမည်
Toyota Mark II,၁ခ/...1991GR
Saloon,Auto,A/C (၇၅)သိန်း
ဖုန်း-၀၉-၅၀၃၂၄၆၉
ပေ(၄၀×၆၀)၊ မှော်ဘီမြို့မ မြို့သစ်
(၂)ရပ်ကွက်၊ ပါမစ်မြေ၊
မှော်ဘီမြို့နယ်၊ ရန်ကုန်
ဖုန်း-၀၉-၅၀၃၂၄၆၉

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်သန်းထွန်းဇော်[၁၂/သကတ(နိုင်)၀၂၁၀၁၂]၏ သင်္ဘောသားလက်မှတ်-S.S.O (SHIP SECURITY OFFICER) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၁၄၄၆၃၇၊ ၀၉-၇၃၁၃၄၈၃၂



ကမ္ဘာကျော်မျက်လှည့်ပညာရှင် ဒေးဗစ်ကော်ပါဖီးလ် ပြင်သစ်ဒီဇိုင်နာတစ်ဦးနှင့် စေ့စပ်

မျက်လှည့်လောကတွင် အအောင်မြင်ဆုံး မျက်လှည့်ဆရာတစ်ဦးအဖြစ် တင်စားခြင်းခံထားရသည့် နာမည်ကျော် မျက်လှည့်ပညာရှင် ဒေးဗစ်ကော်ပါဖီးလ်က ၎င်းသည် ပြင်သစ်ဖက်ရှင်ဒီဇိုင်နာနှင့် မော်လ်ဒယ်တစ်ဦးဖြစ်သူ Chloe Gosselin နှင့် စေ့စပ်ထားပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၅၇)နှစ်အရွယ် မျက်လှည့်ပညာရှင် ဒေးဗစ်ကော်ပါဖီးလ်သည် အသက်(၂၈)နှစ်အရွယ် Chloe Gosselin နှင့် ချစ်သူသက်တမ်း ခြောက်နှစ်ခန့်အကြာတွင် စေ့စပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်မဂ္ဂဇင်းဝက်ဘ်ဆိုက်တွင် သတင်းဖော်ပြထားသည်။

"ဒေးဗစ်နဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် ကျွန်မ အရမ်းကံကောင်းပါတယ်၊ ကမ္ဘာပေါ်မှာ သူ့လိုလူမျိုးက ရှားပါတယ်၊ သူဟာ သူ့ရဲ့အသက်မွေးဝမ်းကျောင်းပညာတစ်ခုဖြစ်တဲ့ မျက်လှည့်ပညာအတွက် နှစ်ပေါင်း ၃၀ လောက် စတေးခဲ့ပါတယ်" ဟု ပြင်သစ်ဖက်ရှင်ဒီဇိုင်နာ Chloe Gosselin က မကြာမီက ဟယ်လိုမဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လှယဉ်ကျေးမယ် ပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက် ည ၈ နာရီက မြန်အောင်မြို့ အောင်ဇေယျာခန်းမ၌ ကျင်းပရာ မြန်အောင်မြို့ရှိ ရပ်ကွက်နှင့် တိုက်နယ်များ ကိုယ်စားပြု လှယဉ်ကျေးမယ် ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမ Miss Myanaung ဆု ရရှိသူ အမှတ် (၅) ရပ်ကွက် ကိုယ်စားပြု မယမင်းအိအောင်၏ ပြိုင်ပွဲဝင်အလှကို တွေ့ရစဉ်။

ဝင်းဗိုလ်(မြန်/ဆက်)

နိုင်ငံရေးဘက်သို့ ခြေဦးလှည့်မည့် အက်ရှင်မင်းသားကြီး စတီဗင်ဆေးဂဲလ်

မျိုးစန္ဒာမောင်
စုစည်းရေးသားသည်

အမေရိကန်အက်ရှင်စူပါစတား စတီဗင်ဆေးဂဲလ်က ၎င်းသည် အမေရိကန်နိုင်ငံ အနောက်မြောက်ပိုင်း ပြည်နယ်တစ်ခုဖြစ်သည့် အရီဇိုးနားပြည်နယ်၏ အစိုးရအဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားကာ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်ရန် စဉ်းစားလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နာမည်ကျော်အက်ရှင်မင်းသားကြီး စတီဗင်ဆေးဂဲလ်သည် အနုပညာသက်တမ်းတစ်လျှောက်အတွင်း ဇာတ်ကားပေါင်း ၉၀ ကျော် ပါဝင်ရိုက်ကူးခဲ့ပြီး လက်ရှိတွင်လည်း ဥပဒေရေးရာဒုတိယအရာရှိအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

ဆက်လက်ပြီး မင်းသားကြီး စတီဗင်ဆေးဂဲလ်က လာမည့်ရွေးကောက်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်သွားဖွယ်ရှိကြောင်း ၎င်း၏ တီဗွီဇာတ်လမ်းတွဲ ပရီမိုးရှင်းပွဲတွင် ပြောကြားသွားခဲ့သည်။ ဆက်လက်ပြီး ၎င်းသည် ရွေးကောက်ပွဲတွင် Joe Arpaio နှင့်အတူ ပါဝင်ယှဉ်ပြိုင်အရွေးခံသွားမည်ဖြစ်ကြောင်း အသက်(၆၁)နှစ်အရွယ်ရှိ အက်ရှင်မင်းသားကြီး စတီဗင်ဆေးဂဲလ်က ပြောကြားခဲ့သည်။

အလှစစ်ကို မြတ်နိုးသူ အကယ်ဒမီဆုရှင် ဂျူလီယာရောဘတ်

ဟောလိဝုဒ်မှ နာမည်ကျော် အကယ်ဒမီဆုရှင် မင်းသမီးတစ်ဦးဖြစ်သည့် ဂျူလီယာရောဘတ်အား ဒါရိုက်တာတစ်ဦးက ၎င်း၏ဇာတ်ဝင်ခန်းအတွက် သူ၏မျက်နှာပြင်ပေါ်မှ တင်းတိပ်များကို ဖယ်ရှားပေးစေလိုကြောင်း တောင်းဆိုချက်တစ်ခုရရှိထားခဲ့သည်ဟု သိရသည်။

"အဲဒီတင်းတိပ်က ကျွန်မရဲ့ မျက်နှာကို အရုပ်ဆိုးစေတယ်လို့ အဲဒီ ဒါရိုက်တာက ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ အတုအယောင်တွေထက် အလှစစ်ကိုပဲ မြတ်နိုးပါတယ်။ မှန်ရှေ့မှာ အကြာကြီးထိုင်ပြီး အလှပြင်တာမျိုးကိုလည်း မနှစ်သက်ပါဘူး"ဟု အသက်(၄၆)နှစ်အရွယ် ဂျူလီယာရောဘတ်က ဆိုသည်။

၁၉၉၀ ပြည့်နှစ်က Pretty Woman ဟာသဇာတ်ကားဖြင့် ဟောလိဝုဒ်တွင် ဝင်ရောက်နေရာယူလာသူ မင်းသမီး ဂျူလီယာရောဘတ်သည် Mirror Mirror ဇာတ်ကားဖြင့် ၂၀၁၂ ခုနှစ် ဟောလိဝုဒ်ရုံဝင်ငွေစာရင်းတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်းဖြင့် အအောင်မြင်ဆုံးမင်းသမီးအဖြစ် သတ်မှတ်ခြင်းခံခဲ့ရကြောင်း သိရသည်။

ထို့အပြင် ဂျူလီယာသည် ကမ္ဘာပေါ်တွင် အနုပညာကြေးအမြင့်ဆုံးမင်းသမီးတစ်ဦးအဖြစ်လည်း အသိအမှတ်ပြုခံခဲ့ရသလို Ladies Home ဂျာနယ်၏ အမေရိကန်နိုင်ငံတွင် (၁၁) ယောက်မြောက် စွမ်းအားရှင်အမျိုးသမီးအဖြစ် ဂုဏ်ပြုခြင်းခံခဲ့ရကြောင်းလည်း သိရသည်။



စပိန်လာလီဂါ ရင်ခုန်သံ – ၁၉

ရှိုင်း
မင်း
မင်း

စပိန်လာလီဂါပွဲစဉ် (၁၉) ကိုလာမယ့် ဇန်နဝါရီ ၁၁၊ ၁၂၊ ၁၃၊ ၁၄ နေ့တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ အက်သလက်တီကိုနဲ့ ဘာစီလိုနာ ဆုံတွေ့နေလို့ အကြိတ်အနယ်ရှိမှာပါ။

ဂရန်နာဒါ - ဗယ်လာဒိုးလစ်　　နံနက် ၂း၃၀(၁၁-၁-၁၄)

ဂရန်နာဒါဟာ လက်ရှိခြေပျက်ယွင်းနေပါတယ်။ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရပြီး လေးပွဲရှုံးထားပါတယ်။ ဒါပေမယ့် ဗယ်လာဒိုးလစ်ကလည်း ခြေသာမန်သာရှိပြီး ခြေစွမ်းအားနည်းလို့ ဂရန်နာဒါတို့ အနိမ့်ဆုံး သရေ ရမှာပါ။

ဘီဘာအို - အယ်မာရီယာ　　ည ၉း၃၀(၁၁-၁-၁၄)

အယ်မာရီယာအနေနဲ့ ဘီဘာအိုရဲ့ အိမ်ကွင်းအားကို တုံ့ပြန်ဖို့ ခက်မှာပါ။ နှစ်ပွဲဆက်အနိုင်ရခဲ့ပေမယ့် ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိကာ အိမ်ကွင်းအားသာချက်လည်းရှိနေတဲ့ ဘီဘာအိုဆီက အယ်မာရီယာတို့ သရေရဖို့တောင် မလွယ်ပါဘူး။

ဆယ်တာဗီဂို - ဗလန်စီယာ　　ည ၁၁း၃၀(၁၁-၁-၁၄)

ဆယ်တာဗီဂိုခြေမငြိမ်ဘူး။ အိမ်ကွင်းဖြစ်ပေမယ့် အမှတ်လိုနေတဲ့ ဗလန်စီယာကို ထိန်းဖို့ခက်တယ်။ ပွဲစဉ် (၁၈) မှာ နိုင်ပွဲရမှုနဲ့အတူ ဗလန်စီယာတို့ ကစားအားကောင်းပြီး ရှန်းအားလည်းရှိနေတာကြောင့် ဗလန်စီယာဘက်ကို အလေးသာနေတယ်။

အက်သလက်တီကို - ဘာစီလိုနာ　　နံနက် ၁း၃၀(၁၂-၁-၁၄)

ဘာစီလိုနာအနေနဲ့ အကောင်းဆုံးခြေစွမ်းကို ရရှိထားတဲ့ အက်သလက်တီကိုရဲ့ အိမ်ကွင်းအားကို လွယ်လွယ်ကျော်ဖြတ်နိုင်ဖို့ခက်ပါတယ်။ မက်ဆီပါဝင်လာဖို့ရှိနေပေမယ့်လည်း အက်သလက်တီကိုရဲ့ တုံ့ပြန်အားကြောင့် ဘာစီလိုနာသရေလောက်ပဲရမယ်။

အဲလ်ချီ - ဆီဗီးလ်　　နံနက် ၃း၃၀(၁၂-၁-၁၄)

အဲလ်ချီခြေပျက်နေတယ်။ ဆီဗီးလ်က လာလီဂါ နောက်ဆုံး ငါးပွဲဆက် အရှုံးမရှိခဲ့ဘူး။ အဲလ်ချီကွင်းဖြစ်ပေမယ့် အဲလ်ချီရဲ့ ကစားသမားအင်အားပိုင်း အားနည်းမှုကြောင့် ဆီဗီးလ်တို့ ပိုဖိအားပေးနိုင်မှာပါ။ ဆီဗီးလ်ပဲ အနိုင်ရမယ်။

ဂီတာဖေး - ဗယ်လီကာနို　　ညနေ ၅း၃၀(၁၂-၁-၁၄)

ဗယ်လီကာနိုဟာ တန်းဆင်းဇုန်အတွင်း ရောက်နေပြီး ခြေပျက်ယွင်းနေတဲ့ အသင်းပါ။ ဂီတာဖေးကလည်း ခြေအားနည်းမှုတွေများနေပြီး သုံးပွဲဆက်ရှုံးနိမ့်ခဲ့ပေမယ့် အိမ်ကွင်းအားသာချက်ရှိတယ်။ ဂီတာဖေး နိုင်သွားဖို့ ရှိတယ်။

ဘက်တစ် - အိုဆာစူနာ　　ည ၁၀း၃၀(၁၂-၁-၁၄)

ဘက်တစ်က အမှတ်ပေးဇယားအောက်ဆုံးက အသင်းပါ။ အိုဆာစူနာက တန်းဆင်းဇုန်အတွင်း ရောက်နေပေမယ့် ကစားပုံမှာ ဘက်တစ်ထက် ပိုကောင်းတယ်။ ဒါပေမယ့် ဘက်တစ်ကွင်းဖြစ်နေတယ်။ သရေကျဖို့ပိုများပါတယ်။

အက်စ်ပန်ညို - ရီးယဲလ်　　နံနက် ၀၀း၃၀(၁၃-၁-၁၄)

အက်သလက်တီကိုနဲ့ ဘာစီလိုနာဆုံတွေ့နေချိန်မှာ ရီးယဲလ်တို့အမှားခံမှာ မဟုတ်ဘူး။ အက်စ်ပန်ညိုကလည်း ခြေသာမန်သာရှိတဲ့အတွက် အိမ်ကွင်းဖြစ်ပေမယ့် ပွဲချိန်ပြည့်တောင့်ခံဖို့ခက်တယ်။ ရီးယဲလ်အနိုင်ပုံဖော်နိုင်မှာပါ။

လီဗန်တေး - မာလာဂါ　　နံနက် ၂း၃၀(၁၃-၁-၁၄)

မာလာဂါရဲ့ခြေအားနည်းနေဆဲပါ။ အဝေးကွင်းဆိုခြေပိုကျတတ်တယ်။ လီဗန်တေးက နောက်ဆုံး ငါးပွဲမှာ လေးပွဲရှုံးထားတဲ့အထိ ခြေပျက်နေပေမယ့် အိမ်ကွင်းအား ရှိတယ်။ မာလာဂါအတွက် အနိမ့်ဆုံး သရေပါ။

ဗီလာရီးယဲလ် - ဆိုစီဒက်　　နံနက် ၃း၃၀ (၁၄-၁-၁၄)

ပွဲကောင်းတစ်ပွဲပါ။ ဗီလာရီးယဲလ်က ခြေကျနေတယ်ဆိုပေမယ့် အိမ်ကွင်းအားသာချက်ရှိတယ်။ ဒါပေမယ့် ဆိုစီဒက်ကလည်း ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေတဲ့အတွက် တုံ့ပြန်ကစားသွားနိုင်မှာပါ။ သရေကျသွားဖို့များပါတယ်။

အသင်းကို သွေးသစ်လောင်းရန်အတွက် ပေါင်သန်း ၂၀၀ ခန့် မိုယက်စ်သုံးစွဲမည်



မန်ယူအသင်း တာဝန်ရှိသူများက အထိုင်ပျက်နေသော အသင်းကို ပြန်လည်သွေးသစ်လောင်းနိုင်စေရန် ရည်သန်လျက် နည်းပြဒေးဗစ် မိုယက်စ်အား ကစားသမားသစ်များခေါ်ယူဖြည့်တင်းရန် ပေါင်သန်း ၂၀၀ သုံးစွဲခွင့်ပေးမည်ဟု သိရသည်။

မန်ယူအသင်း၏ အဓိကကစားသမားများဟု ခေါ်ဆိုထိုက်သော ဝိန်းရွန်းနီနှင့် ရော်ဘင်ဗန်ပါစီတို့ ဒဏ်ရာပြဿနာနွံအတွင်းမှ ရုန်းထွက်နိုင်မှု မရှိခြင်းသည် မန်ယူတိုက်စစ်အတွက် အဓိကထိုးနှက်ချက်ဖြစ်စေခဲ့ပြီး ကစားသမားသစ်များ ခေါ်ယူရန် တွန်းအားပေးနေသကဲ့သို့ ဖြစ်စေခဲ့သည်။

မန်ယူအသင်းအနေဖြင့် လာမည့် ဆောင်းရာသီအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ် တောင်ပံကစားသမား ဂါရတ်ဘေးအား ပေါင်သန်း ၉၀ ထိပေးကာ ခေါ်ယူရန် ပြင်ဆင်ထားသလို မန်ယူကစားသမားဟောင်း စီရိုနယ်ဒိုကိုလည်း ပြန်လည်ခေါ်ယူရန် ရည်ရွယ်ထားသည်။

မိုယက်စ်ခေါ်ယူရန် ပစ်မှတ်ထားနေသည့် ကစားသမားများမှာ ကွင်းလယ်ကစားသမား နှစ်ဦး၊ တိုက်စစ်မှူးတစ်ဦး၊ ဘယ်နောက်ခံလူနှင့် ဗဟိုခံစစ်မှူးတစ်ဦးစီတို့ဖြစ်ပြီး ၎င်းတို့အား ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း အမိအရ ခေါ်ယူရန် မဖြစ်နိုင်ခြင်းကြောင့် လာမည့် နွေရာသီအပြောင်းအရွှေ့ ဈေးကွက်အတွင်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

ထို့အပြင် မိုယက်စ်သည် ဒေါ့မွန် ကစားသမား မာကိုရုစ်ကို ပေါင်သန်း ၃၀ ကျော်ပေး၍ ခေါ်ယူရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

မန်ယူအသင်း၏ ယခုနှစ်ဘောလုံး ရာသီအတွက် ရလဒ်များမှာပုံမှန်ထက် အနုတ်ဘက်သို့ဦးတည်နေပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း အိမ်ကွင်း၌ ဆွမ်ဆီးကိုရှုံးကာ မျက်နှာပန်းမလှခဲ့ရသလို အမှတ်ပေးဇယားကို ဦးဆောင်နေသူ အာဆင်နယ် အသင်းနှင့်လည်း ၁၁ မှတ်တိတိ ကွာဟနေခြင်းများသည် အသင်း၏ ပကတိအခြေအနေမှန်ကို မီးမောင်းထိုးပြနေသလိုဖြစ်နေခြင်းကြောင့် မိုယက်စ်အနေဖြင့် မန်ယူ၏ ဂုဏ်ရှိန်အား မည်သို့ ပြန်လည်အရောင်လက်စေမည်ဆိုသည်ကို လက်ကျန်ပွဲစဉ်များတွင် ဆက်လက်စောင့်ကြည့်ရမည် ဖြစ်သည်။

ရာမည

မိုရာတာကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် အာဆင်နယ်ရည်ရွယ်

အာဆင်နယ်အသင်းအနေဖြင့် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး အယ်လ်ဘာရိုမိုရာတာအား ယခုသီတင်းပတ်အတွင်း အငှားစာချုပ်ချုပ်ဆို ခေါ်ယူရန်ရည်ရွယ်ထားကြောင်း သိရသည်။

အာဆင်နယ်အသင်း၌ သီအိုဝဲလ်ကော့ ဒူးဒဏ်ရာရရှိနေခြင်းနှင့် နစ်ကလပ်ဘန်တနာ ခြေဆစ်ရိုးကျိုးဒဏ်ရာရရှိနေခြင်းတို့ကြောင့် နည်းပြအာစင်ဝင်းဂါးအနေဖြင့် တိုက်စစ်ကိုအားဖြည့်ရန် အခက်အခဲ ကြုံတွေ့နေရခြင်းကြောင့် ယခုလအတွင်း ကစားသမားသစ် မဖြစ်မနေခေါ်ယူရန် လိုအပ်နေသည်။ သို့ဖြစ်၍ အာစင်ဝင်းဂါးသည် ရီးယဲလ်တိုက်စစ်မှူး မိုရာတာကို တစ်ရာသီစာ အငှားစာချုပ်ဖြင့်ခေါ်ယူရန် ပြင်ဆင်လာခြင်းဖြစ်သည်။

သို့သော် မိုရာတာကို ခေါ်ယူစာချုပ်နိုင်ရေးအတွက် ရီးယဲလ်မက်ဒရစ်အသင်းတာဝန်ရှိသူများနှင့် အသေးစိတ်ဆွေးနွေးရန် ကျန်ရှိနေပြီး သဘောတူညီချက်ရမည်၊ မရမည်ကိုမူ တိတိပပသိရှိနိုင်ခြင်း မရှိသေးပေ။

အာစင်ဝင်းဂါးအနေဖြင့် ဘိုင်ယန်မြူးနစ်မှ မာရီယိုမန်ဇူကစ်၊ မန်စီးတီးမှ အီဒင်ဒီဇီကိုနှင့်အက်သလက်တီကိုမှ ဒီယေဂိုကော်စတာတို့ကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်ကာလအတွင်း ခေါ်ယူရန်မှာ အလှမ်းဝေးကွာနိုင်မည့် အနေအထားရှိခြင်းကြောင့် လတ်တလော အဆင်ပြေမှုရှိစေရန်အတွက် ရီးယဲလ်တိုက်စစ်မှူး အယ်လ်ဘာရိုမိုရာတာအား အငှားစာချုပ်ဖြင့်ခေါ်ယူရန် ဝင်းဂါးအနေဖြင့် ပြင်ဆင်နေခြင်း ဖြစ်သည်။



မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဂျပန်နိုင်ငံ၏ အကူအညီဖြစ်သော JICA ODA LOAN ဖြင့်တောင်ကြီးမြို့၊ ကလောမြို့၊ မြို့ရေပေးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ပစ္စည်းပေးပို့ရန်နေရာ
(က)	မော်တာ(100HP, 75HP,60HP)၊ပန့်နှင့် ဆက်စပ်ပစ္စည်းများ	1Lot	တောင်ကြီးမြို့
(ခ)	ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ	1Lot	ကလောမြို့

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို ၂၈-၁-၂၀၁၄ ရက် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၂၈-၁-၂၀၁၄ရက် မွန်းလွဲ ၁ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၇-၁-၂၀၁၄ရက်မှ စတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အမှတ်(၁၄)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်(၂)၊ အမှတ်(၁၂၈)နေ
ဗိုလ်ကြီးလှရွှေ(ငြိမ်း)-ဒေါ်ညွန့်မေ(ရွှေမိသားစုစာပေ)တို့၏ သား
ဒေါက်တာကောင်းမြတ်ရွှေ
M.B.,B.S,Diploma in Radiotherapy (Moscow State University)
M.Med. Sc (Radiation Oncology)
အထူးကုဆရာဝန်(ကင်ဆာရောဂါဓာတ်ရောင်ခြည်)
ဓာတ်ရောင်ခြည်ဆေးကုဌာန၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)
နှင့်
ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ လတ်ဒ်ပရောင်းလမ်းသွယ်(၁)၊ အမှတ်(၃၀၂/၁၀၀)နေ
(ဦးစိုးမြင့်)-ဒေါ်ချောချောခင်တို့၏ သမီး
ဒေါက်တာသင်းနုနုစိုး
BDS(YGN), MPH (Mahidol University, Bangkok)
Monitoring and Evaluation Coordinator
World Education, Thailand

တို့၏ ၄-၁-၂၀၁၄ ရက်နေ့တွင် ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)(အတွင်းရေးမှူး-၃၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ-ငြိမ်း)နှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဒေါက်တာဦးဘမြင့် ပါမောက္ခချုပ်(ငြိမ်း)(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)နှင့် ဇနီး ဒေါ်ခင်စန်းထွေးအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်စွပ်လက်ဖွဲ့ပေးပြီး ကိုယ်တိုင်ချီးမြှင့်ပေးပါသော ဦးဇော်ဇော်မျိုးသိမ်း(MD-Pang Mu Gems)နှင့် ဇနီး ဒေါ်လထော်နန်းအောင်အားလည်းကောင်း၊ မင်္ဂလာကိတ်မုန့်လှီးပေးပါသော ဗိုလ်မှူးကြီးအောင်ဒင်(ငြိမ်း)(အကြံပေး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ)နှင့်ဇနီး ဒေါ်ခင်မမမအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဦးရန်ပိုင်စိုးအားလည်းကောင်း၊ မင်္ဂလာအခါတော်သီချင်း သီဆိုပေးပါသော တေးသံရှင်ဇန်နူးနှင့် The Trees တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မအဥ္ဇလီထွန်း၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မရတနာအောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဖြူစင်သန့်ရွှေ၊ သတို့သားအရံ မောင်ကောင်းသန့်နှင့် သတို့သမီးအရံ မမေဘယ်ကန်ဒီဒါညီတို့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှ ကိုမာအားလည်းကောင်း၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော မင်းချမ်းမွန်နှင့်အဖွဲ့အားလည်းကောင်း၊ အကျွေးအမွေးနှင့် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပါသော Summit Parkview Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာကောင်းမြတ်ရွှေ-ဒေါက်တာသင်းနုနုစိုး

ကသာမြို့နယ်တွင် တရားမဝင်တမလန်းများ သိမ်းဆည်းရမိ

ကသာ ဇန်နဝါရီ ၇

ကသာခရိုင် ကသာမြို့နယ် အမှတ်(၃) ခရိုင်ချင်းဆက်ကားလမ်းနှင့် မနီးမဝေးတောစပ်မှ တရားမဝင် တမလန်းခွဲရွှေတုံး ၆၈ တုံး (၃ ဒသမ ၇၃၆ တန်) ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သစ်တောဦးစီးဌာနမှ တောအုပ်ဦးညွန့်လှိုင်၊ ကလုံဘိနယ်တာဝန်ခံ တောအုပ်မျိုးမြင့်၊ အင်းရွာရဲစခန်း တပ်ကြပ်အေးစိန်တို့အဖွဲ့သည် ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီက သတင်းအရ ထီးချိုင့်မြို့နယ် မဲဟင်းရွာနှင့် ကသာမြို့နယ် ကလုံကျေးရွာအုပ်စု လေ့ဘိုရွာအစပ် အမှတ် (၃) ခရိုင်ချင်းဆက်ကားလမ်းမနီးမဝေးတောစပ်တွင် ယာဉ်မောင်းယဉ်ထွေး မောင်းနှင်သည့် ၂ခ/---- နီဆန်း ဆယ်ဘီးယာဉ်ပေါ်မှ တရားမဝင် တမလန်းခွဲရွှေတုံး ၆၈ တုံး (၃ ဒသမ ၇၃၆ တန်)အား ဖမ်းဆီးရမိခဲ့သဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောမှုဖြင့် အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သီပေါဝက်ဝံဈေးမီးလောင်သည်ဟုဆိုကာ ရုတ်ရုတ်သဲသဲအထိတ်တလန့်ဖြစ်

သီပေါ ဇန်နဝါရီ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ဝက်ဝံဈေး(ဈေးလေး)တွင် ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီခန့်က မီးခိုးများအူထွက်လာပြီး မီးလောင်မှုဖြစ်ပွား၍ဟုဆိုကာ ပြည်သူများ အထိတ်တလန့်ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

အခင်းဖြစ်ရာသို့သွားရောက်စုံစမ်းရာ**(ဝဲပုံ)** မြို့နယ်စည်ပင်သာယာရေးမှ အမှိုက်များမီးရှို့ခြင်းဖြစ်ကြောင်းသိရသဖြင့် ငိုအားထက် ရယ်အားသန် ဖြစ်ကြရသည်ဟု ဆို၏။

စိုင်း(သီပေါ)

တရားမဝင်သစ်များ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

မန္တလေး ဇန်နဝါရီ ၇

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက် အကွက်(၂၂၆)ကမ်းနားရှိ ခြံပုတ်အတွင်း ဇန်နဝါရီ ၅ ရက် နံနက် ၇ နာရီခွဲက တရားမဝင်သစ်များထားရှိကြောင်း သတင်းအရ နယ်မြေရဲစခန်း(အမှတ်-၆)မှ ဒုရဲအုပ် ခင်သန်းနှင့်အဖွဲ့၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစောလုနှင့်အဖွဲ့တို့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ကျွန်းသစ် ၁၅ လုံး (၁ ဒသမ ၃၈၃၄ တန်)အား ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အဆိုပါသစ်များအား သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပိုင်ရှင်မဲ့အဖြစ် ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ဈေးချိုတိုက်တန်းအောက်ထပ်တွင် ရပ်ထားသည့် ဆိုက်ကယ်ပျောက်ဆုံး

မန္တလေး ဇန်နဝါရီ ၇

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၄) လမ်း၊ (၂၆)လမ်းထောင့်ရှိ ဈေးချိုတိုက်တန်းအောက်ထပ်တွင် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က စည်ပင်သာယာရဲတပ်ဖွဲ့မှ ရဲတပ်သားစိုးစံ(၂၇)နှစ်သည် ၎င်း၏ ၃၅ယ/---Super Anbo အနီရောင်ဆိုင်ကယ်အားရပ်ထားခဲ့ပြီး အပေါ်ထပ်ရှိစည်ပင်သာယာရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဌာနစုမျူးရုံးတွင် တာဝန်ထမ်းဆောင်ကာ ညနေ ၃ နာရီခန့်က တာဝန်ဖြင့် အပြင်သို့သွားရန်ကြည့်ရာ ဆိုင်ကယ်မှာ ပျောက်ဆုံးနေကြောင်းတွေ့ရသဖြင့် ဇန်နဝါရီ ၅ ရက် နေ့လယ် ၂ နာရီခန့်က ရဲတပ်သားစိုးစံမှတိုင်တန်း၍ မြို့မရဲစခန်း(ချမ်းအေးသာစံ) (ပ)၁၃/၂၀၁၄ ပြစ်မှုပုဒ်မ ၃၈၀(မဆ)အရအမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေးစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

စက်ဘီးခိုးမှု မသင်္ကာသူအား စစ်ဆေးရာ ခိုးယူထားသော စက်ဘီးငါးစီး ဖော်ထုတ်နိုင်

ဒလ ဇန်နဝါရီ ၇

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မြို့မရဲစခန်းမှ ဇန်နဝါရီ ၅ရက်က စက်ဘီးခိုးမှု ကျူးလွန်လေ့ရှိကြောင်း သတင်းပေးခံရသူ အမျိုးသားတစ်ဦးအား စစ်ဆေးရာမှ ခိုးယူထားသော စက်ဘီးငါးစီးအား ပြန်လည်ဖော်ထုတ် သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ဒုရဲအုပ် မျိုးစည်သူသည် ဒလမြို့မရဲစခန်းမှ ရဲတပ်ကြပ်မောင်ဝင်း၊ ဒုတပ်ကြပ် နိုင်စိုးအောင်တို့နှင့်အတူ နိုင်ဝင်းထွန်း(၁၈)နှစ် (ကျပန်း) ရန်ပြေရပ်ကွက် သာကေတမြို့နယ်နေသူအား စစ်ဆေးခဲ့ရာ ဒီဇင်ဘာလအတွင်းက သာကေတမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လသာမြို့နယ်များအတွင်းမှ ၎င်းခိုးယူခဲ့သော စက်ဘီးငါးစီးကို ပြန်လည်ဖော်ထုတ် သိမ်းဆည်းနိုင်ခဲ့သည်။ ဒုရဲအုပ် မျိုးစည်သူက စက်ဘီးခိုးယူသူ နိုင်ဝင်းထွန်း**(အပေါ်ပုံ)**အား ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်း၍ ဒလမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

သန်းဌေး(ဒလ)

သားအမိနှစ်ဦး အဆိပ်သောက်သေဆုံး

ကော့မှူး ဇန်နဝါရီ ၇

ကော့မှူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာတွင် ဇန်နဝါရီ ၆ ရက် နံနက် ၇ နာရီက သားအမိနှစ်ဦး အဆိပ်သောက်သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ လက်ခိုက်ကျေးရွာနေ မ. . . နှင့် အသက်လေးနှစ်ခန့်ရှိ ၎င်း၏ သမီးဖြစ်သူနှင့်အတူနေ အိမ်ခြံဝင်းအတွင်းတွင် ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ နှုတ်ခမ်းနှင့် လျှာများပြာနှမ်းကာ အဆိပ်သောက်ထားသည့် လက္ခဏာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းရာ မ. . . သည် ၎င်း၏ခင်ပွန်းဖြစ်သူ အိမ်ထောင်ရေး ဖောက်ပြန်သည့်အတွက် စိတ်ညစ်ကာ သမီးဖြစ်သူနှင့်အတူ အဆိပ်သောက် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ကော့မှူးမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၁/၂၀၁၄) ဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၄၀)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

(၁၃၇၅ ခုနှစ် ပြာသိုလဆန်း ၈ ရက်၊ ဥပုသ်နေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၁၀	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
၁၀း၅၀	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၁၂း၃၀	ဖြူမည်းရုပ်ရှင် "စောင်းတော်ရှင်" (ပြည်လှဖေ၊ မေရှင်) (ဒါရိုက်တာ-ဦးလွန်းဖေ)
၄း၃၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၈း၃၅	ပြည်သူတို့ရဲ့ စကားသံများ
၈း၄၅	ကြယ်ပွင့်များရဲ့အထင်ကရတေးများ
၉း၀၀	ပြည်တွင်းသတင်း -သုခုမရင်ခွင်အငြိမ့်သဘင် "ရွှေသဖူးအငြိမ့်" (မင်းသမီး-နေခြည်ငြိမ်းချမ်း၊ လူရွှင်တော်-ရွှေသွေး၊ တော်ဝင်၊ ဇာနည်၊ ရန်နိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) -အိန္ဒိယရုပ်ရှင် **"နှလုံးဖြူသောနှင်းဆီနီ" (အပိုင်း-၂)**






မော်လိုက်-ကလေးဝလမ်းကြောင့် အထက်ချင်းတွင်းဒေသကုန်စည်စီးဆင်းမှုများ မြန်ဆန်

မော်လိုက် ဇန်နဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း မော်လိုက်မြို့သို့ ရှေးယခင်က လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်များပို့ဆောင်ရာတွင် ချင်းတွင်းမြစ်ကြောင်းကို အသုံးပြု၍ ရေလမ်းခရီးကိုသာ အသုံးပြုနေရခြင်းဖြစ်ကာ ယခုမော်လိုက်-ကလေးဝလမ်း ၃၇ မိုင်ကို တိုင်းဒေသကြီး ဘတ်ဂျက်နှင့် ဌာနရန်ပုံငွေဖြင့် လေယာဉ်ကွင်း အထူးအဖွဲ့(၃)မှ တာဝန်ယူ ဆောင်ရွက်နေရာ မော်လိုက်-ကလေးဝ-ယာကြီး-မုံရွာမြို့သို့ ကုန်းလမ်းခရီးဖြင့် တိုက်ရိုက်သွားရောက်နိုင်ပြီဖြစ်သောကြောင့် ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာပြီဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးမောင်ထူးက ပြောကြားသည်။

မော်လိုက်-ကလေးဝလမ်းက ၃၆ မိုင်ရှိပါတယ်၊ ကလေးဝ-မုံရွာက ၁၁၅ မိုင်ရှိပါတယ်၊ ယခင်တုန်းကတော့ ကလေးဝ-မော်လိုက်လမ်းဆိုပြီး နွေရာသီလမ်းတော့ရှိခဲ့တယ်။

ပွင့်လင်းရာသီဖြစ်တဲ့နွေပိုင်းတို့ ဆောင်းပိုင်းတို့လောက်ပဲ သွားလို့ရတယ်၊ မိုးရာသီရောက်လျှင်တော့ တံတားတွေပျက်၊ လမ်းတွေကပြိုနှင့် သွားလို့မရတော့ဘူး၊ ချင်းတွင်းမြစ်ရေတက်လို့ လမ်းပေါ်တွေရေရောက်ပြန်လျှင်လည်း သွားလို့မရပြန်ဘူး၊ ယခုတော့ လမ်းတွေကို မြေတွေပြန်ညှိ ပြန်ချဲ့ပြီး တံတားတွေကို သံကူကွန်ကရစ်တံတားတွေအဖြစ် အခိုင်အမာ တည်ဆောက်ပြီးဖြစ်လို့ မော်လိုက်မြို့ကို ရာသီမရွေး သွားလို့ရပါပြီဟု မော်လိုက်မြို့ ဒေသခံတစ်ဦးက ပြောကြားသည်။

(လင်းလက်ကြယ်စင်)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ဒေသအနှံ့ ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၄ ရက်က ရန်ကုန်မြို့ ဒေါပုံမြို့နယ် အောင်ချမ်းသာရပ်ကွက် အောင်တံခွန်လမ်း၌ ကလေးငယ်များ အာလူးကောက်ယှဉ်ပြိုင်နေပုံမှာ။ (ကိုကြီးကျော်)

လွတ်လပ်ရေးမောင်အားဂုဏ်ပြုဆုငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်

ခရမ်း ဇန်နဝါရီ ၇

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဇန်နဝါရီ ၄ရက်က (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် မွေးဖွားခဲ့သူအား ဂုဏ်ပြုဆုနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီတွင် ခရမ်းမြို့ ပြည်သူ့ဆေးရုံသားဖွားဆောင်တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ခရမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်အောင်နှင့် အဖွဲ့ဝင်များမှ ခရမ်းမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်မွေးဖွားခဲ့သော ခရမ်းမြို့နယ်၊ ပန်းတောချောင်ကျေးရွာမှ ကိုမင်းမင်း-မငွေလှိုင်တို့အား ဂုဏ်ပြုဆုငွေ၊ ကလေးအသုံးဆောင်ပစ္စည်းများနှင့် အာဟာရပြည့်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

စံပြမိခင်နှင့်ကလေးပြိုင်ပွဲ မြိတ်မြို့တွင် ကျင်းပ

မြိတ် ဇန်နဝါရီ ၇

မြိတ်ခရိုင် မြိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကြီးမှူးကျင်းပသော (၆၆)နှစ်မြောက် လွတ်လပ်ရေးအထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၉ နာရီတွင် မြိတ်မြို့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

အဆိုပါ စံပြမိခင်နှင့်ကလေးပြိုင်ပွဲတွင် ကလေးပြိုင်ပွဲကိုမွေးကင်းစမှ (၆)လ၊ ၆လမှ ၁ နှစ်၊ ၁နှစ်မှ ၁နှစ်၆လ၊ ၁နှစ် ၆လမှ ၂ နှစ်၊ အမျိုးအစားလေးမျိုးယှဉ်ပြိုင်စေပြီး စံပြမိခင်ပြိုင်ပွဲတွင် မိခင်များမည်သူမဆို ပါဝင်ယှဉ်ပြိုင်စေရာ မြိတ်မြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ကလေးငယ် ၆၈ ဦး အမြွှာကလေး(၁၁)တွဲနှင့် မိခင်များ တပျော်တပါး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မြိတ်အထွေထွေရောဂါကုဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီးနှင့် ဆရာဝန်များ၊ ကျန်းမာရေးဆရာမများက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြသော ကလေးငယ်များအား မြိတ်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်း၊ မြိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် အဖွဲ့ဝင်များက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

(မြိတ်ခရိုင်ပြန်/ဆက်)

ပညာရေးစုံညီပွဲကျင်းပ

သန်လျင် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက် ဘုံပျံဘုန်းတော်ကြီးသင်ပညာရေးကျောင်း(မူလွန်)တွင် ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက ပညာရည်ချွန်ဆုပေးပွဲ၊ မြတ်ဆရာပူဇော်ပွဲနှင့် ပညာရေးစုံညီပွဲတော်ကိုကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဇနကကြီးမှူး၍ ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဝေါလ်ဗီးရှင်း(သန်လျင်)မှ တာဝန်ခံမန္တယ်နွယ်ခိုင်နှင့်အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်ဒုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နှစ်စဉ်အလှူရှင် ခင်ကမ္ဘာမိသားစုနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဘုံပျံဘုန်းတော်ကြီးသင်ပညာရေးကျောင်း(မူလွန်)တွင် ကျောင်းသား၊ ကျောင်းသူ ၆၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၁၄ခုနှစ် ဇန်နဝါရီလ ၂၄၊ ၂၅ ရက်နေ့များတွင် ကျင်းပပြုလုပ်မည့် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ)ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း ခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာများကို ၁၆-၁-၂၀၁၄ ရက် မွန်းလွဲ ၁နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကြော်ငြာသင်ပုန်းများတွင် ကပ်ထားမည်ဖြစ်ပါသည်။ ဖုန်းဖြင့် စုံစမ်းလိုပါက ၅၁၃၁၉၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းရွေးချယ်ခွင့်ပြုရေးအဖွဲ့
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (လားရှိုး)မြေနေရာများအနက်မှ အကျယ်အဝန်း ၁. ၈၄ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်ရှည်မြေငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်လိုပါသဖြင့် ပြည်တွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၁၈-၂-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၉ နာရီမှ ၁၁ နာရီထိ
တင်ဒါစိစစ်မည့်နေရာ - လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး
တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၈-၂-၂၀၁၄ရက်(အင်္ဂါနေ့) နံနက်(၁၁)နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(လားရှိုး)တွင် ၉-၁-၂၀၁၄ ရက် (ကြာသပတေးနေ့)မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဖုန်း-၀၈၂-၂၈၀၆၃၊ ၀၈၂-၂၈၀၆၄၊၀၉-၅၀၂၆၆၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဘုရင့်နောင်တံတားအမှတ်(၂)နှင့်မြန်မာ-လာအိုချစ်ကြည်ရေးတံတားများ၏ တည်ဆောက်ရေးစီမံကိန်းများတွင် သုံးစွဲရန်အရေးပေါ်လိုအပ်နေသော အောက်ဖော်ပြပါ စက်ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်-

-SD 15 Hydraulic Rotary Drilling Rig	(1)Set
-Mobile Asphalt Plant (30TPH)	(1)Set
-Asphalt Paver(width 2.5~9m) With Leveling Sensor	(1)Set
-Drop Hammer	(4)Sets
-Sheet pile (600x130x10.3)mm	(350Tons)

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁-၂၀၁၄ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၄-၁-၂၀၁၄ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန
တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၁၁)ဝင်း၊ စက်မှုဦးစီး၊နေပြည်တော်
ဖုန်း-၀၉-၅၁၄၇၁၂၉၊ ၀၉-၈၆၃၆၁၈၅၊ ၀၆၇-၄၀၇၆၀၂

မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ (ချည်ထိုးနှင့်ဆေးရိုက်ဝန်ဆောင်မှုပေးပါသည်)
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အင်္ကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၂၉၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129,09-250388594,09-428016552,09-425289819**
- **E-mail:kyonedoe@gmail.com**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-
Tender No. 24/HPGE/2013-2014
(က) Fire Fighting Vehicle (1600 Gallon) (၅)စီး
၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ တင်ဒါများအား ၂၀-၁-၂၀၁၄ ရက် ၁၆း၀၀ နာရီအရောက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၀၆၇-၄၁၁၀၇၆

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ရာဘီဒါးကူးမား၏ မြန်မာနိုင်ငံကူးလက်မှတ် M-၈၉၈၁၇၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၉၄၃၇၆၆၅**

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Copier Toner (Sharp) (202ST)	(၃၀)ခု
(ခ)	နိုင်ငံခြားစက္ကူ (70 gsm) (1K Plus) (A4)	(၃၂၀၀)ထုပ်
(ဂ)	နိုင်ငံခြားစက္ကူ (70 gsm) (1K Plus) (A3)	(၅၀)ထုပ်
(ဃ)	နိုင်ငံခြားစက္ကူ (70 gsm) (1K Plus) (Legal)	(၁၀၀)ထုပ်

တင်ဒါပိတ်ရက်နှင့်အချိန် ၂၇-၁-၂၀၁၄ ရက် ၁၅း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါ ကြော်ငြာသည့်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ငွေစာရင်းဌာန
သတ္တုတွင်းဦးစီးဌာန
ရုံးအမှတ်(၁၉)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၉၃၇၇

ကြက်စာဈေးနှုန်းမြင့်တက်လာခြင်းနှင့် အရင်းအနှီးကြီးမားသည့် ဈေးကွက်ပြိုင်ဘက်များကြောင့် တစ်ပိုင်တစ်နိုင် ဥစားကြက်မွေးမြူသူများ လုပ်ငန်းရပ်နားထားရ

မိတ္ထီလာ ဇန်နဝါရီ ၇

ကြက်စာဈေးနှုန်းမြင့်တက်လာခြင်းနှင့် အရင်းအနှီးကြီးမားသည့် ဈေးကွက်ပြိုင်ဘက်များကြောင့် မိတ္ထီလာရှိ တစ်ပိုင်တစ်နိုင် ဥစားကြက်မွေးမြူရေး လုပ်ကိုင်သူများမှာ လုပ်ငန်းများ ရပ်နားရသည်အထိ ဖြစ်လာကြောင်းသိရသည်။

"စပါးပေါ်ချိန်ဖြစ်တဲ့ ဒီလိုအချိန်မှာတောင် ကြက်စာဈေးနှုန်းတွေက မြင့်တက်နေတော့ တစ်ပိုင်တစ်နိုင် ဥစားကြက်မွေးမြူရေးလုပ်ကိုင်သူတွေအတွက် ဒီမွေးမြူရေးလုပ်ငန်း ရပ်တည်ဖို့ ခက်ခဲလာတယ်။ ကြက်စာကို ပြောင်း၊ ဖွဲနု၊ ဆန်ကွဲ၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ငါးအချိုခြောက်မှုန့်၊ ဆန်ဖွဲနု၊ ခရုမှုန့်တွေရဲ့ ဈေးနှုန်းတွေက တစ်နှစ်ပြီးတစ်နှစ် တက်လာတယ်။ ပြောင်းတစ်ပိဿာ ကျပ် ၄၉၀၊ ဖွဲနုတစ်ပြည် ကျပ် ၄၅၀၊ ဆန်ကွဲတစ်ပြည် ကျပ် ၄၅၀၊ မြေပဲဖတ်တစ်ပိဿာ ကျပ် ၁၀၀၀၊ နှမ်းတစ်ပိဿာကျပ် ၁၂၅၀၊ ငါးအချိုခြောက်မှုန့် တစ်ပိဿာ ကျပ် ၁၉၀၀၊ ခရုမှုန့်တစ်ပိဿာ ကျပ် ၂၀၀၊ ဆန်ဖွဲနု ၄၂၅ ကျပ်ဈေးနှုန်းနဲ့ ကြက်စာကို ဝယ်ယူကျွေးမွေးနေရတယ်။ မနှစ်က ဈေးနှုန်းထက် ထက်ဝက်လောက်ကို ဈေးတက်သွားတာ။ အမှန်ဆို အခုလို စပါးပေါ်ချိန်မျိုးမှာ ကြက်စာဈေးနှုန်းတွေ ကျရမယ့်အချိန်ဖြစ်ပေမယ့် ဈေးတက်နေတယ်။ အခုလိုအချိန်မှာတောင် ကြက်စာဈေးနှုန်းတက်နေရင် နောင်လည်း ဒီထက်တက်ဖို့ပဲ ရှိတော့တယ်။ ဒါကြောင့် တစ်ပိုင်တစ်နိုင် ဥစားကြက် မွေးမြူသူတွေက လုပ်ငန်းကို ရပ်နားသွားသူတွေလည်း ရှိတယ်။ ကျွန်တော်က လုပ်ငန်းမရပ်နားပေမယ့် အစက မွေးမြူတဲ့ ကြက်ကောင်ရေ ၃၀၀၀ ကနေ ၃၀၀ ထိ လျှော့ချပြီး မွေးမြူနေရပြီဖြစ်ပါတယ်"ဟု ပြည်သာယာရပ်ကွက်တွင် ဥစားကြက်မွေးမြူရေးကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူ ကိုခင်မောင်ဝင်းက ပြောသည်။

ကြက်စာဈေးနှုန်းမြင့်တက်မှုသည် တစ်ပိုင်တစ်နိုင် ကြက်မွေးမြူရေး လုပ်ကိုင်သူများကို လုပ်ငန်းများ လျှော့ချရပ်နားရသည်အထိ ဖြစ်လာသကဲ့သို့ အရင်းအနှီးကြီးမားသည့် ကုမ္ပဏီများနှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရာတွင်လည်း မယှဉ်ပြိုင်နိုင်ခြင်းကလည်း လုပ်ငန်းရပ်တည်ရန် ကြီးမားစွာအခက်အခဲဖြစ်လာသည်။

ကြက်ဥတစ်ပိဿာမှာ ဥစမ်းတဲ့ ကြက်ကဥတဲ့ ဥဆို ၃၀လုံး၊ ဥလတ်ဆို ၂၆ လုံး၊ ဥကြီးဆို ၂၄ လုံးပါတယ်။ အခုကြက်ဥပေါက်ဈေးက အဝယ်ဒိုင်မှာသွင်းတဲ့ဈေး ၈၇ကျပ်ဖြစ်ပါတယ်။ အဝယ်ဒိုင်က ကုမ္ပဏီပြန်သွင်းတဲ့ ဈေးက တစ်လုံးကို ၁၀၇ ကျပ်၊ ၁၀၅ ကျပ် ဖြစ်ပါတယ်။ အဝယ်ဒိုင်တွေက ကြက်ဥတစ်ပိဿာကို တစ်ရာကျပ်၊ နှစ်ရာကျပ်အထိခွာပြီးတော့ ကောက်လေ့ရှိတယ်။ အချို့ဈေးကွက်ထဲမှာ လက်ကားရောင်းချတဲ့ တစ်ပိုင်တစ်နိုင် ဥစားကြက်ဥ ရောင်းချသူတွေက ဈေးနှုန်းအသင့်တင့်နဲ့ ရောင်းနေပေမယ့် ကုမ္ပဏီကမွေးမြူတဲ့ကြက်ခြံတွေကလာတဲ့ ကြက်ဥတွေ အများအပြား ဈေးကွက်ထဲ ရောက်လာတဲ့ အခါကျတော့ စားသုံးသူတွေကို သူတို့ ဈေးချရောင်းပစ်လိုက်တော့ တစ်ပိုင်တစ်နိုင်မွေးမြူပြီး ရောင်းချတဲ့ သူတွေအတွက် ဈေးကွက်မှာ မယှဉ်ပြိုင်နိုင်ပါဘူး။ ဒါကြောင့် တစ်ပိုင်တစ်နိုင် ဥစားကြက်မွေးမြူတဲ့ မိတ္ထီလာ ဒေသခံတွေ လုပ်ငန်းရပ်တည်ဖို့ ခက်ခဲလာပြီး ဥစားကြက်မွေးမြူရေးလုပ်ငန်းတွေ တဖြည်းဖြည်းရပ်နားသူတွေ များလာတယ်။ နောက်ဆို တစ်ပိုင်တစ်နိုင် ဥစားကြက်မွေးမြူရေးလုပ်ကိုင်သူတွေ မရှိသလောက်ဖြစ်သွားနိုင်တယ်" ဟု အောင်ဇေယျာရပ်ကွက်နယ်မြေတစ်ခုတွင် ဥစားကြက်ကောင်ရေ ၂၀၀၀ ကျော်အထိ မွေးမြူလုပ်ကိုင်ခဲ့ပြီး လုပ်ငန်းရပ်နားလိုက်ရသည့် ဦးမြင့်က ပြောသည်။ **ချမ်းသာ(မိတ္ထီလာ)**

မွေးကင်းစကလေးအား စွန့်ပစ်ထား

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြို့ တာမွေမြို့နယ် ဗျိုင်းကွက်သစ်ရပ်ကွက် ဗျိုင်းရေအိုးစင်လမ်း အမှတ်(၇၅)အနီးတွင် မွေးကင်းစကလေးငယ်တစ်ဦး လာရောက်စွန့်ပစ်မှုတစ်ခု ဇန်နဝါရီ ၄ ရက် နံနက် ၁ နာရီ ၃၀မိနစ်ခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အငှားယာဉ်မောင်း ဦးအောင်လေးဆိုသူသည် ဗျိုင်းရေအိုးစင်လမ်း အမှတ်(၇၅)အနီးတွင် မိမိ၏မော်တော်ယာဉ်အား ရပ်နားထားရာမှ ကားနှစ်စီး၏ကြားတွင် အထုပ်တစ်ထုပ်တွေ့ရှိ၍ သွားရောက်စစ်ဆေးကြည့်ရှုရာ ချက်ကြိုးမဖြတ်ရသေးသော ကလေးငယ်(မ)တစ်ဦးအား အနီးငါးထည်၊ ကလေးဝတ်အင်္ကျီ သုံးထည်ဖြင့် အသက်ရှင်လျက်တွေ့ရှိသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ကျော်အား အကြောင်းကြားခဲ့သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးက သိလျှင်သိချင်း ရပ်ကွက်အထောက်အကူပြုအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် သွားရောက်စစ်ဆေး၍ မွေးကင်းစကလေးငယ်အား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် စောင့်ရှောက်ထားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူတို့အား အကြောင်းကြားကာ တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ ပို့အပ်လိုက်ကြောင်း သိရသည်။**(ဓပုံ) (၁၉၇)**

အထီးကျန်အိုမင်းမစွမ်းသူများအား ကူညီပါ

အသက်ကြီးရင့် အိုမင်းမစွမ်းဖြစ်လာသည့်အခါ လူ့အဖွဲ့အစည်းနှင့် ကင်းကွာလာပြီး အထီးကျန်ဖြစ်လာရသည်။ ထိုကဲ့သို့သောပုဂ္ဂိုလ်များကို ကူညီခြင်းအားဖြင့် မိမိကိုယ်ကို လေးစားဂုဏ်ယူတတ်လာခြင်း၊ ကျန်းမာရေး၏ အကျိုးကျေးဇူးများကို သိရှိလိုက်စားတတ်လာခြင်းတို့အပြင် မိမိကူညီခဲ့သည့် ကောင်းမှုကံအတိုင်း အကျိုးပေး ဖေးမမည့်သူများလည်း ပေါ်လာမည်ဖြစ်သည်။

ပရဟိတအဖွဲ့အစည်းများက အိုမင်းမစွမ်းသူများ၊ အထီးကျန်သက်ကြီးရွယ်အိုများအား ကူညီထောက်ပံ့ပေးနေကြသည်။ ၎င်းတို့နည်းတူ မိမိကိုယ်တိုင်လည်း ကူညီချင်စိတ်ရှိသော်ငြား မည်သူ့ကို မည်ကဲ့သို့ ကူညီရမည်မသိ ဖြစ်နေပေမည်။ အရိုးရှင်းဆုံးနည်းလေးများဖြင့် ကူညီကြည့်ပါ။

မိမိ၏အိမ်နီးနားချင်းများကို မိတ်ဆွေဖွဲ့ပါ။ မိမိအပြင်ထွက်သည့်အချိန် အိမ်နီးနားချင်း သက်ကြီးရွယ်အိုတစ်ဦးနှင့်ဆုံသည့်အခါ အနည်းငယ်အချိန်ပေးကာ နှုတ်ခွန်းဆက်စကားပြောပေးပါ။ ဆေးရုံ၊ ဆေးခန်းသွားလိုလျှင် ပို့ဆောင်ပေးခြင်း၊ ဈေးကူဝယ်ပေးခြင်း၊ စာပို့ပေးခြင်း၊ ပစ္စည်းကူသယ်ပေးခြင်း၊ လမ်းလျှောက်အဖော်လုပ်ပေးခြင်း စသည်တို့ကို မေးမြန်းကူညီပေးနိုင်ပါသည်။ အနားမှာနေပေးမည့် ဆွေမျိုးရင်းချာများ နည်းပါးသွားပြီဖြစ်သည့်၊ အကြားအမြင်များ ချို့တဲ့နေပြီဖြစ်သည့်၊ ကျန်းမာရေးချို့ယွင်း မစွမ်းဆောင်နိုင်တော့သည့် အရွယ်အိုအဘိုးအဘွားတို့နှင့် လမ်းမှာဆုံရသည်မှာ ကြုံတောင့်ကြုံခဲကိစ္စဆိုသည်ကို သတိထားမိပါရဲ့လား။ ခင်မင်ရင်းနှီးစွာ စကား ပြောပေးရုံ၊ ဖုန်းခေါ်ဆို စကားပြောပေးရုံလေးတို့သည် အထီးကျန်အရွယ်အိုတို့အတွက် စိတ်သက်သာရာတစ်ခု ရရှိစေပါသည်။

ငယ်ရွယ်နုပျိုခြင်းအဆုံးသည် အိုမင်းပျက်စီးခြင်းသာဖြစ်သောကြောင့် ကိုယ်ချင်းစာစိတ်၊ ပရဟိတစိတ်ဓာတ်အပြည့်တို့ဖြင့် အကူအညီပေးသင့်သော ပုဂ္ဂိုလ်များမှာ အထီးကျန်သက်ကြီးရွယ်အိုများပင် မဟုတ်ပါလား။ ။

ငေငေ

စီးပွားရေးကြော်ငြာ

☎ 01-513443, 09-73017656
Ks-34000

Virgin Land

DIPLOMA IN COMPUTER ARTS (Dip.CA)

ဂါဂါဧမြ
Promotion (၁၀)ဦး • (၁)ဦး အခမဲ့
Shopping Jan 31 (420000)
Shopping Jan 31 (320000)
09733400050,09733400051,09733400052,09420187871,09420187872

ကလေးငယ်တစ်ဦး ဘက်စုံထူးချွန်လာရေးကို
ကူညီလမ်းညွှန်ပေးထားသော အလိမ္မာကလေးမဂ္ဂဇင်း။
အမှတ်(၂၁)၊ ဇန်နဝါရီလ
ထွက်ပြီ
၁၀၀၀ ကျပ်

AC-Express
Saloon Hi-Ace

မြေကွက်ဝယ်လိုသည်
09 31268183
09 31589922

ပျော်ဘွယ် ဇန်နဝါရီ ၇

ရေဆင်းစပ်မျိုး(၁) နေကြာမျိုးစေ့ထုတ်လုပ်ခြင်း ကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးစေ့ဌာနခွဲ) ချောင်းမကြီးမျိုးသန့်ခြံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်အောင်၊ ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်မြင့်၊ ချောင်းမကြီး မျိုးသန့်ခြံဦးစီးမှူး ဦးလှငြိမ်း၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများ၊ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်အောင်က "ကျွန်တော်တို့ နိုင်ငံဟာ လူဦးရေအရ တောင်သူအများဆုံး ရှိပါတယ်။ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ သီးနှံများအောင်မြင်ဖြစ်ထွန်းရေးတို့ကို တိုးတက်အောင် ဆောင်ရွက်ရပါတယ်။ နိုင်ငံတော်အပိုင်းက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ တောင်သူများဘက်မှလည်း ဝိုင်းဝန်းကူညီဖို့ လိုအပ်ပါတယ်။ ယခင်ကာလနဲ့ ယခုကာလမှာ စိုက်ပျိုးနည်းစနစ်တွေ ကွာခြားလာတာကြောင့် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နည်းပညာများရရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ မျိုးကောင်းမျိုးသန့် ပြန့်ပွားရေးဟာ အရေးကြီးလုပ်ငန်းဖြစ်တာကြောင့် တောင်သူများအနေနဲ့ နေကြာမျိုးစေ့ထုတ်လုပ်တဲ့ လုပ်ငန်းကို လေ့လာစေချင်ပါတယ်" ဟု ပြောကြားသည်။

ရေဆင်းစပ်မျိုး(၁)နေကြာမျိုးစေ့ထုတ်လုပ်ခြင်း ကွင်းသရုပ်ပြပွဲ ပျော်ဘွယ်မြို့နယ်၌ ကျင်းပ

ထို့နောက် ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်မြင့်က နေကြာတစ်ဧက အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ချောင်းမကြီးမျိုးသန့်ခြံဦးစီးမှူး ဦးလှငြိမ်းက သရုပ်ပြကွင်းတွင် ရေဆင်းစပ်မျိုး(၁)နေကြာကို ကိုယ်တိုင်စိုက်ပျိုးပြီး မျိုးစေ့ထုတ်လုပ်တတ်စေရန် ရည်ရွယ်၍ လက်တွေ့သရုပ်ပြသကြကြောင်း သိရသည်။

မင်းမင်းထွေး

(၁၈)ကြိမ်မြောက် GTI ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉နာရီက မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာ၊ ဆရာမကြီးများအား ကန်တော့ခံပစ္စည်းများ ပေးအပ်စဉ်။
(ကြေးမုံ)

လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် (၂/က) စံပြရပ်ကွက်၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရာ ပထမဆုရရှိသော ကလေးများအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေမြင့်က ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၅၃၂)**

ဘတ်စ်ကားကြီးပေါ်မှာ ကျတဲ့ မျက်ရည်

ဒီဇင်ဘာ ၁၈ ရက်က ဖြစ်၏။ ကျွန်တော်သည် အမှတ်(၃၃)လိုင်း ဘတ်စ်ကားကြီးဖြင့် အလုံမှ ကြေးမုံသတင်းစာတိုက်ရှိရာ ၅၁ လမ်းသို့ ရှေ့ရှုချီတက်ခဲ့ပါ၏။ ထုံးစံအတိုင်း ဘတ်စ်ကားကြီးပေါ်မှ ခရီးသည်များမှာ ထိုင်လျက်တစ်မျိုး၊ ရပ်လျက်တစ်မည်၊ မညီမညာလိုက်ပါလာကြ၏။ မှတ်တိုင်ရောက်လျှင် ကားပေါ်မှ ဒရောသောပါးဆင်းကြရသည်။ ကားပေါ်သို့ တိုးဝှေ့တက်ကြရ၏။ တစ်ယောက်ဆင်း ဆယ်ယောက်တက် ဆက်လက်ထွက်ခွာလာပါသည်။ ဤသည်ပင်လျှင် ဘတ်စ်ကားစီးခရီးသည်တို့၏ဘဝဖြစ်ပါ၏။

သူ့ထိုင်ခုံများသည် ရှားပါးပစ္စည်းဖြစ်၏။ ရပ်စရာနေရာကို ဦးစားပေးထား၏။ ခရီးသည်များကျန်းမာရေးအလို့ငှာ အထိုင်မများဘဲ၊ ရပ်လျက်ကာယကုသိုလ်ကို လေ့ကျင့်နိုင်ရန် ဖော်ဆောင်ပုံဖော်ထားပုံရ၏။ ခရီးသည်များ ကျပ်ခဲပွတ်သိပ်ဖြင့် စည်းစည်းလုံးလုံးနေကြရန် စည်းရုံးထား၏။ ဒီနေ့အဖို့ ထိုင်ခုံစီးရသည့် "ခရီးသည်သည်" အလွန်ကံကောင်းသူဖြစ်၏။ ခေတ်သစ်ပျိုမေလေးတစ်ဦး ကံကောင်းသည့်အထဲ ပါ၏။ နှစ်ယောက်ထိုင်ခုံကား၏ဘယ်ဘက်ပြတင်းပေါက်ဘက်ခြမ်းတွင် စတိုင်ကျကျထိုင်စီးရ၏။ ဘတ်စ်ကားကြီးသည် မဟာဗန္ဓုလလမ်းပေါ် တရုတ်တန်းတစ်လျှောက် စီးမျောရောက်လာ၏။

သည်တွင် အနီးသမီးပျိုလေး ထိတ်ထိတ်ပျာပျာဖြင့် "ဒုက္ခပဲ. . . ဒုက္ခပဲ" ဟူ၍ ညည်းညူကာ သူ့ထိုင်ခုံမှထလိုက်ထိုင်လိုက်၊ အောက်ငုံ့လိုက် ဂနာမငြိမ်ဖြစ်နေ၏။ သမီးပျိုလေးက "သမီးဟမ်းဖုန်း ခုံအောက်ကျသွားတာ၊ ရှာလို့မတွေ့တော့ဘူး" ဟု ဆို၏။ အဒေါ်ကြီးများနှင့် ခရီးသည်အချို့ ဝိုင်းဝန်းရှာဖွေပေးကြသည်။ မတွေ့။ အမှုမှန်ပေါ်ပြီး။ သမီးပျိုလေး၏။ ဘေးက ကားနံရံ အောက်ခြေနှင့် ကားကြမ်းခင်းမှာ လက်သုံးလုံးခန့်ဟနေ၏။ သည်နေရာမှ အောက်သို့ ကျသွားခြင်းဖြစ်၏။ အဒေါ်ကြီးများက "သမီးလေး ကားဂိတ်ထိလိုက်သွား၊ ကားအောက်က တစ်နေရာရာ တစ်ခုခုပေါ် တင်ချင် တင်နေနိုင်တယ်" ဟူ၍ အကြံပြုကြ၏။

သည်တွင် မှတ်တိုင်ရောက်၍ ကားရပ်၏။ စပယ်ယာနှင့် သမီးပျိုလေးတို့ကား အောက်သို့ဆင်းကြည့်ကြ၏။ မျှော်လင့်ချက်ကြီး ပြိုကွဲပျက်စီးလွင့်စဉ်သွားလေပြီ။ ကားအောက်တွင်မည်သည့်ပစ္စည်း၊ မည်သည့်တန်းမျှမရှိပါ။ အခုအခံဘာမျှမရှိပါ။ ရှင်းလင်းမြင်သာပါ၏။ သမီးလေးကားပေါ် ပြန်တက်လာ၏။ သူ့မျက်ဝန်းအစုံမှာ ပုလဲခလေပြီ။

လူ့ဘဝဆိုသည် ကံကောင်းတစ်ခါ၊ ကံဆိုးတစ်လှည့်ပါတကား။ ဘတ်စ်ကားထိုင်စီးရခြင်းသည် မဟာအခွင့်အရေး ကံကောင်းခြင်းဖြစ်၏။ ဟမ်းဖုန်းလက်ကလွတ်ကျ၍ ဘတ်စ်ကားကြမ်းကြားကနေ လမ်းပေါ် သက်ဆင်းပျောက်ကွယ်ဆုံးရှုံးခြင်းသည် ကံဆိုးခြင်းမည်ပါပေ၏။

သမီးပျိုလေး သူ့မျက်ဝန်းက မျက်ရည်စများ တစ်ပေါက်ပေါက်လိမ့်ဆင်းလာကြသည်။ လှပသေးသွယ်သော လက်ဖမိုးလေးဖြင့် သုတ်၏။ နှမြောတသ၊ ဝမ်းနည်းကြေကွဲစွာ ကားပေါ်ကဆင်းကာ "နွမ်းလျအိမ်ပြန်"။

မောင်မောင်(ယထ)



ပြည်တွင်းရေးရာ

ဝန်ကြီးချုပ်ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

မုံရွာ ဇန်နဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို မုံရွာမြို့ မုံရွာဂေါက်ကလပ်၌ ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်များက ကျင်းပရာ တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာကိုယ်စားပြု ၂၉ သင်းမှ ဂေါက်သီးအားကစားသမား အကြီးတန်းပညာရှင်အဆင့်တွင် ၇၀၊ အငယ်တန်းအဆင့်တွင် ၁၃၈ ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၂၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် ည ၇ နာရီက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတက်ရောက်၍ တံခွန်စိုက်ဆုနှင့် အခြားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲတွင် မြက်ခင်းအကောင်းဆုံးဆုနှင့် အသက်(၆၀)အထက် ဂေါက်သီးအားကစားသမား ခုနစ်ဦးတို့ကို ဂုဏ်ပြုချီးမြှင့်သည်။ ဆက်လက်၍ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဆုရရှိသူများနှင့် Amateur လူငယ်များပြိုင်ပွဲဆုရရှိသူများ၊ အခြားဆုခုနစ်ဆု၊ အထူးဆုနှင့်နေ့အလိုက်အကောင်းဆုံးဆုများကို ချီးမြှင့်သည်။ တစ်ဦးချင်း အကြောမဲ့နှင့် တစ်ဦးချင်းအကြောပေး အကြီးတန်းနှင့် အငယ်တန်း ဆုရရှိသူများ၊ အသင်းလိုက်အကောင်းဆုံးဆုရရှိသူများကို ဆုချီးမြှင့်ပေးအပ်ပြီး အသင်းလိုက်အကြောမဲ့ ပထမဆုရ ပြည်ထဲရေး(က)အသင်း၊ ဒုတိယဆုရ မုံရွာ(က)အသင်း၊ တတိယဆုရ န. မ. ခ(က)အသင်းနှင့်အဆင့်လိုက် အကြောပေးပထမဆုရကလေး(က)အသင်း၊ ဒုတိယဆုရ ရွှေဘို(က) အသင်းနှင့် တတိယဆုရ ကသာ(က)အသင်းတို့အား တာဝန်ရှိသူအသီးသီးက ဆုများချီးမြှင့်ကာ တံခွန်စိုက်ဆုဖလားကို ပြည်ထဲရေး(က)အသင်းကရရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ချီးမြှင့်ပေးအပ်သည်။

မျိုးဝင်းထွန်း(မုံရွာ)

မိတ္ထီလာ ဇန်နဝါရီ ၇

မိတ္ထီလာတွင် ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲကျင်းပ

မိတ္ထီလာမြို့ မြို့နယ်တင်းနစ်အသင်းမှ ကြီးမှူးကျင်းပသည့် (၂၁)ကြိမ်မြောက် ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်မှ ၅ ရက်အထိ သုံးရက်တိုင်ကျင်းပခဲ့ရာ **(အပေါ်ပုံ)** အနယ်နယ်မှ တင်းနစ်အသင်းအဖွဲ့ဝင်များ ပါဝင်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

"တင်းနစ် အားကစားနည်းကို လူငယ်တွေ စိတ်ဝင်စားပြီး တင်းနစ်အားကစားမြင့်မားလာစေဖို့၊ နိုင်ငံ့ဂုဏ်ဆောင် တင်းနစ်အားကစားသမားတွေပေါ်ထွက်လာစေဖို့ အဲဒီရည်မှန်းချက်တွေနဲ့ ဖိတ်ခေါ်တင်းနစ်အားကစားပြိုင်ပွဲကို နှစ်စဉ်ကျင်းပလာခဲ့တာ အခုဆို (၂၁)ကြိမ်မြောက် ရောက်ခဲ့ပါပြီ၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ မလှိုင်၊ တောင်သာ၊ မြင်းခြံမြို့တွေက တင်းနစ်အသင်း ၁၄ သင်း လာရောက်ယှဉ်ပြိုင်ကစားကြပါတယ်။ အသင်းလိုက်ပြိုင်ပွဲနဲ့ အသက် (၄၅)နှစ်အထက်ပြိုင်ပွဲဆိုပြီး နှစ်မျိုးကျင်းပတာဖြစ်ပါတယ်"ဟု မြို့နယ်တင်းနစ်အသင်းအတွင်းရေးမှူး ဦးကိုကိုကြီးက ပြောသည်။

ဖိတ်ခေါ်တင်းနစ်အားကစားပြိုင်ပွဲပွဲစဉ်များကို ခရိုင်ရဲရိပ်သာကွင်း၊ ဝန်ဇင်းဟိုတယ်ကွင်းနှင့် အမှတ်(၉၆၇)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ရင်းကွင်းတို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

တာဝေးအပြေးပြိုင်ပွဲ ဂုဏ်ပြုချီးမြှင့်

စစ်ကိုင်း ဇန်နဝါရီ ၇

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် တာဝေးအပြေးပြိုင်ပွဲကို စစ်ကိုင်းမြို့အားကစားခန်းမရှေ့စုရပ် တာလွှတ်နေရာ၌ ဇန်နဝါရီ ၄ ရက် နံနက် ၆ နာရီက ကျင်းပရာ

အပြေးအားကစားသမား ၁၀၀ က တာလွှတ်နေရာ ကောင်းမှုတော်စေတီအသွား၊ အပြန် အပြေးပြိုင်ကြပြီး ဝင်းလှိုင် (၀၄၇)က ပထမ၊ စည်သူအောင် (၀၆၉)က ဒုတိယ၊ မိုးစည်သူ (၀၃၉) က တတိယ၊ မင်းချစ်သူ (၀၉၅) က စတုတ္ထနှင့် အမျိုးသမီးဆုရရှိသူ နှစ်ဦး၊ အသက်အငယ်ဆုံး အပြေးသမားဆုရရှိသူတို့အား စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ စစ်ကိုင်းမြို့စခန်းမှူး ဒုရဲမှူး သိန်းဆွေတို့က ငွေသားဆုများ အသီးသီးချီးမြှင့်ကြကာ စစ်ကိုင်းမြို့နယ် ပြေးခုန်ပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ပြိုင်ပွဲတွင်အဓိကပံ့ပိုးအလှူရှင် ဦးတင်ထွန်း (ငြိမ်းသီရိဟိုတယ်)က ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူကို ငွေသားဆုများနှင့် အပြေးပြိုင်ပွဲတွင် ပန်းဝင်လာသူ ၇၅ ဦးတို့ကို အားကစား ထရက်ကုတ်အကျႌတစ်ထည်စီ ချီးမြှင့်ဂုဏ်ပြုခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

သရက်ခရိုင်အတွင်းမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြု

သရက် ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး သရက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် သရက်ခရိုင်အတွင်းမှ နိုင်ငံ့ကိုယ်စားပြု အားကစားသမားများနှင့် ရွှေနှင့် ကြေးတံဆိပ်ဆုရ အားကစားသမားများအား ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးလှဝေက ဂုဏ်ပြုအမှာစကားပြောကြားပြီး စစ်တုရင်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မစိုးမိုးခိုင်အား ငွေကျပ်သုံးသိန်းချီးမြှင့်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က ဟော်ကီပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ မသဲသဲချိုအား ငွေကျပ်နှစ်သိန်း ချီးမြှင့်ကာ ကျန်ပြိုင်ပွဲဝင် အားကစားသမား ၁၁ ဦးအား တာဝန်ရှိသူများက ငွေကျပ်တစ်သိန်းစီဂုဏ်ပြုဆုငွေများ ပေးအပ်ပြီးနောက် ပြိုင်ပွဲဝင်အားကစားသမားများကိုယ်စား ရွှေတံဆိပ်ဆုရှင် မစိုးမိုးခိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(ဇော်ထက်)**

စီးပွားရေးကြော်ငြာ

မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကျင်းပ

မန္တလေး ဇန်နဝါရီ ၇

၂၀၁၃-၂၀၁၄ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးပြီး အမှာစကားပြောကြားကာ ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ပထမပိုင်းကို ကျောင်းဝင်းအတွင်းရှိ ပန်းမျိုးတစ်ရာခန်းမရှေ့၌ ကျင်းပရာ အထက(၁၄)မှ ကျောင်းသား ကျောင်းသူများက "စုံညီပွဲတော် ဒို့နွဲပျော်"သီချင်းသီဆို၍ မြန်မာအကဖြင့် လည်းကောင်း၊ အထက(၈)နှင့် အထက(၂၂)မှ ကျောင်းသား ကျောင်းသူများက ပန်းဖွားအကဖြင့်လည်းကောင်း၊ အထက(၁၆)မှ ကျောင်းသား ကျောင်းသူများက ယပ်တောင်အကနှင့် တင်းပုတ်စွမ်းရည်သရုပ်ပြဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက ဝူရှူးကကွက်များဖြင့် လည်းကောင်း ဖျော်ဖြေကြသည်။

ထို့နောက် အစီအစဉ်ဒုတိယပိုင်းကို ပန်းမျိုးတစ်ရာခန်းမ၌ ဆက်လက်ကျင်းပရာ အထက(၃၀)မှ ကျောင်းသား ကျောင်းသူများက "စုံညီပွဲတော်" သီချင်းစုပေါင်းသီဆို၍ ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၃ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီးအဆင့် ပထမရရှိသော ကျောင်းသား ကျောင်းသူများ၊ ကျောင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဆုရရှိသည့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးနှင့်တာဝန်ရှိသူများက နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီးအဆင့်တို့တွင် ဘာသာရပ်အလိုက် စွမ်းရည်ပြိုင်ပွဲဆုရရှိသူများ၊ ဘက်စုံထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီးနောက် ပညာဗိမာန်သုံးထပ်ကျောင်းဆောင်၌ ခင်းကျင်းပြသထားရှိသော ပညာရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

အမျိုးသမီးလူငယ်ဖွံ့ဖြိုးရေးအသင်းဖြစ်မြောက်ရေး ရန်ပုံငွေဈေးရောင်းပွဲနှင့်ဖျော်ဖြေပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၇

အမျိုးသမီးလူငယ် ဖွံ့ဖြိုးတိုးတက်ရေးအသင်းဖြစ်မြောက်ရေး ရန်ပုံငွေ ဈေးရောင်းပွဲနှင့် ရတနာပုံနှင်းဆီအငြိမ့်ဖျော်ဖြေတင်ဆက်ပွဲကို ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ မန္တလေးမြို့တော်ခန်းမ၌ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ကြည့်ရှုအားပေးကြသည်။

ဈေးရောင်းပွဲတော်နှင့် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ၊ အလှကုန်များ၊ လူသုံးကုန်များ၊ အဝတ်အထည်များအား ကုမ္ပဏီများမှ တိုက်ရိုက်လာရောက် ရောင်းချပေးကြသည်။

ညပိုင်းတွင် ရတနာပုံနှင်းဆီအငြိမ့်အဖွဲ့နှင့်အတူ အကယ်ဒမီနေတိုး၊ အကယ်ဒမီမင်းမော်ကွန်း၊ ကျော်ကျော်ဗိုလ်၊ ထွန်းထွန်း၊ မေကဗျာ၊ မိုးယုစံ၊ ဖူးစုံတို့က တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေကြောင်းသိရသည်။ **(အပေါ်ပုံ)**

သီဟကိုကို (မန္တလေး)

သာသနာ့နုဂ္ဂဟအသင်းဆိုင်းဘုတ် ဖွင့်လှစ်

သထုံ ဇန်နဝါရီ ၇

မွန်ပြည်နယ် သထုံမြို့ ဘင်လှိုင်ရပ်ကွက် သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီက သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ရှိ အဆိုပါ အသင်းဆိုင်းဘုတ်တွင် ကျင်းပသည်။ ပြည်နယ်အသင်းဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းနှင့် မြို့နယ်အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ပေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောဘသိန်းတို့က ဖွင့်လှစ်ကာ အမွှေးနံ့သာများပက်ဖျန်းပေးကြသည်။ ယင်းနောက် ပြည်နယ်အသင်း ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အသင်းဥက္ကဋ္ဌက အသင်းနှင့်ပတ်သက်သည်တို့ကို ရှင်းလင်းပြောကြားကာ ဘင်လှိုင်ရပ်ကွက်အသင်းဝင်က ကတ်ပြားများပေးအပ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်အသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့သည် အထက-၂(သထုံ) လှမဥ္ဇူခန်းမတွင် ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်း ကျောင်းသား ကျောင်းသူများအား အသင်းဝင်ကတ်ပြားများ သွားရောက်ပေးအပ်ခဲ့သည်။ သထုံမြို့တွင် ရပ်ကွက် ငါးခုရှိရာ အဆိုပါအသင်းမှာ ရပ်ကွက်တိုင်းတွင် ဖွဲ့စည်းထားပြီးဖြစ်ကြောင်းသိရသည်။

သက်ဦး(သထုံ)

စာပေမြင့်မှ လူမျိုးတင့်မည်

အောင်လံမြို့နယ်၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

အောင်လံ ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် မြို့နယ်ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့်မြို့နယ်အဆင့် ပြိုင်ပွဲအသီးသီးမှ ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အောင်လံမြို့ အထက(၁) အောင်ဆန်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်တင်နွဲ့ကြည်မှ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြခြင်းနှင့် တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် ထူးချွန်ဆုရ (ထက်/လယ်/မူ) ကျောင်းသား ကျောင်းသူ ၇၈ ဦးတို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီးနောက် ဖျော်ဖြေရေးအက၊ အလှ၊ ပဒေသာ အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

မောင်မောင်အောင်(အောင်လံ)

လူမှုရေး/စီးပွားရေးကြော်ငြာ

စစ်ကိုင်း–ဝါးချက်–မင်းကွန်းကားလမ်း
တိုးချဲ့ကွန်ကရစ်လမ်းခင်းပေးရန် အလှူရှင်များသို့ နှိုးဆော်လွှာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော မင်းကွန်းတိပိဋကနိကာယ ကျောင်းတိုက်ကြီးများတွင် သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော်ကြီး၏ သားတပည့်များဖြစ်ကြသော ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်သီလက္ခန္ဓာဘိဝံသ၊ ရွှေရတု တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်ဝံသပါလာလင်္ကာရ၊ ရွှေစင်တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်ဂန္ဓမာလာလင်္ကာရနှင့် (၁၁)ပါးမြောက်တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်ကုန္ဒပါလနှင့် တိပိဋကရေ တိပိဋကကောဝိဒ အရှင်ကုန္ဒာစရိယတို့သည် ကျောင်းပြင် ကျောင်းဆောက် လမ်းဖောက်စသည့် သာသနာပြုပရဟိတ ကိစ္စများကိုဆရာတော်ကြီးဆောင်ရွက်ခဲ့သည့် နည်းတူ စစ်ကိုင်း-ဝါးချက်-မင်းကွန်းကားလမ်းကို ဓမ္မနာဒကျောင်းတိုက်အထိ ကတ္တရာလမ်းခင်းလျက်ရှိရာ ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့သည် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

(၁) ကတ္တရာတစ်ပီပါလှူင်	ကျပ်	၇၀၀၀၀
(၂) ကျောက်ကြီးတစ်ကျင်းလှူင်	ကျပ်	၈၀၀၀
(၃) ကျောက်လတ်တစ်ကျင်းလှူင်	ကျပ်	၈၀၀၀
(၄) ကျောက်သေးတစ်ကျင်းလှူင်	ကျပ်	၁၀၀၀၀
(၅) မြေတစ်ကျင်းလှူင်	ကျပ်	၄၀၀၀
(၆) ဘိလပ်မြေ ၁အိတ်လှူင်	ကျပ်	၆၀၀၀

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ

(၁) တိနိ မန္တလေးဌာန ၁၉/၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေး။ ဖုန်း-၀၂-၃၀၁၉၀

(၂) တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့။ ဖုန်း-၀၂-၆၀၄၉၅

(၃) တိနိ ရန်ကုန်ဌာန(၁၂) စကားဝါလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း-၂၂၂၂၇၇/၇၈/၇၉

အမှုဆောင်အဖွဲ့
တိနိ

Longman ထုတ် New Cutting Edge စာအုပ်များအသုံးပြုကာ 4-skill English ကို တစ်ဦးချင်း(သို့)အုပ်စုအလိုက် သင်ကြားပေးပါသည်။ Starter မှ Advanced ထိ Level 6 မျိုးရှိသဖြင့် တက်ရောက်သော Candidate ၏ Level အမှန်ကို သိရှိရန် Placement Test အရင်ဖြေဆိုရမည်။ Course ပြုလုပ်နေစဉ်အတွင်း Module Test (၃)ကြိမ်နှင့် Courseပြီးဆုံးပါက End-of-course Exam(၁)ကြိမ် ဖြေဆိုရမည်။ Certificate ပေးသော သင်တန်းမဟုတ်ပါ။

ဆက်သွယ်ရန်
ကိုသားကြီး ဖုန်း-၀၉-၄၂၀၁၃၄၉၄

CNG TAXI
ယာဉ်မောင်းအလိုရှိသည်
AA/---,99 MARK II
တစ်လက်ကိုင် နေ့မောင်း
စပေါ် သုံးသိန်း၊ ၁၆၀၀၀ ငြိမ်း
ပုဇွန်တောင်မြို့နယ်
ဖုန်း-၀၉-၂၅၄၁၂၅၆၉၄

အစာနင်ခြင်း

(ဒေါက်တာခင်မောင်အေး(ဇီဝိတ))

အစာနင်ခြင်းဆိုသည်မှာ ကြေညက်စွာမဝါးရသေးသောအစာ၊ များသောအားဖြင့်အသားတုံး ရုတ်တရက် မျိုချမိ၍ လည်ချောင်းထဲတွင်တစ်နေပြီး အသက်ရှူပြွန်အဝကိုပိတ်ဆို့မိကာ အသက်ရှူမရ၊ အောက်ဆီဂျင်မရဘဲ ပြာနှမ်းသတိလစ် အသက်ဆုံးရှုံးသွားနိုင်သော အရေးပေါ်အခြေအနေဖြစ်ပါသည်။

ဖြစ်ရသောအကြောင်းရင်းများ

(၁) ယခုခေတ်အသက်ကြီးသူများ ပိုများလာခြင်း၊ သွားတုအံကပ်တပ်သူများလာခြင်း (သွားတုမှာ သွားအစစ်ကဲ့သို့ အားဖြင့်သေချာမဝါးနိုင်ခြင်း၊ အစာကြေ၊မကြေသိနိုင်သော အာရုံမရှိခြင်း) တို့ကြောင့် အစာမကြေခင်မျိုချမိခြင်း၊

(၂) အစာဝါးသောအာရုံ၊ မျိုချသော အာရုံများကို ထိခိုက်စေသော အရက်သေစာ သောက်သုံးသူများလာခြင်း၊

(၃) အသားကင်ဆိုင်များ စားသုံးမှု များလာခြင်း၊

(၄) အစာဝါးနေစဉ် ရုတ်တရက် ရယ်မောခြင်း၊ စကားပြန်ပြောခြင်း၊ အမြန်စားခြင်း၊

(၅) လမ်းလျှောက်စဉ်၊ ပြေးနေစဉ်၊ ကစားနေစဉ်၊ အသားတုံးဝါးမျိုခြင်းစသဖြင့် ရုတ်တရက် အမှတ်မထင် ဖြစ်ပွားနိုင်ပါသည်။

လက္ခဏာ

ရုတ်တရက်စားသောက်နေရာမှ စကားမပြောနိုင်၊ အသက်ရှူကျပ်၊ အသက်မရှူနိုင်၊ ချောင်းမဟန့်နိုင်၊ နှုတ်ခမ်း၊ လက်သည်း၊ အရေပြားပြာနှမ်းပြီး သတိလစ်မေ့လဲကျသွားနိုင်ပါသည်။ လည်းပင်းကိုပုံပါအတိုင်း လက်နှစ်ဖက်ယှက်ပြီး ကိုင်ထားအသက်ရှူမရဖြစ်နေက အစာနင်ခြင်း လက္ခဏာဖြစ်ပါသည်။

ပြုစုကုသပုံ

အချိန်သိပ်မရပါ။ ချက်ချင်းပြုစုပေးပါ။ လွယ်ပါသည်။

(၁) လူနာပါးစပ်ကိုဟပြီး ပိတ်ဆို့နေသောအစာကို ကြည့်ပါ။ မိမိလက်ချောင်းဖြင့် ကော်ထုတ်ကြည့်ပါ။ အထဲသို့ပိုမဝင်သွားစေရန် သတိပြုပါ။ များသောအားဖြင့် လည်ချောင်းထဲတွင် ပိတ်ဆို့နေပြီး မမြင်ရပါကလက်နှိုက်မမီပါ။

(၂) ၅ လက်မ-၅ လက်မ ပုံစံဖြင့် ပြုစုပါ။

လူနာကိုတစ်ဖက်စောင်းပြီး သင်၏ လက်ဖနောင့်ဖြင့်သူ၏ လက်ပြင်ရိုးနှစ်ခုကြားခပ်ဆတ်ဆတ် ငါးကြိမ်ထုပေးပါ။ လူနာပါးစပ်ဟ ကြည့်ပြီး

အစာထွက်၊ မထွက်ကြည့်ပါ။

(၃) ပိတ်ဆို့အစာမထွက်သေးက အောက်ပါ" ဟမ်လစ်ရ်" နည်းဖြင့် လူနာ၏အရှိုက်ကို ငါးကြိမ်ဆောင့်တွန်းတင်ပါ။ သူ၏နောက်ကရပ်ပြီး ခါးကိုဖက်ပါ၊ လူနာ ရှေ့နည်းနည်းငိုက်နေပါစေ။ မိမိလက်တစ်ဖက်ကို လက်သီးဆုပ်ပြီး တခြားလက်ဖြင့် ထိုလက်သီးဆုပ်ကိုကိုင်ပါ။ သူ၏ အရှိုက်တည့်တည့်တွင် ပုံပါအတိုင်းထားပြီး အပေါ်ဘက်သို့ မ တင်သကဲ့သို့ ဆောင့်တွန်းပါ။ ပင့်လက်သီးဖြင့် အရှိုက်ကိုထိုးသကဲ့သို့ အဆုတ်တွင်းမှလေကို တွန်းထုတ်ပြီး ပိတ်နေသော

အစာတွန်းထုတ်ထွက်စေပါသည်။ ငါးကြိမ်ပင့်တွန်းပါ။ အစာမထွက်သေးက ကျောငါးကြိမ်ထု၊ အရှိုက်ငါးကြိမ် ပင့်တွန်းပြုလုပ်ပါ။

(၄) လူနာသတိလစ်လဲကျနေပါက-

မာသောကြမ်းပြင်ပေါ်ပက်လက်ထားပါ။ ပါးစပ်ဟကြည့်ပါ။ မီကနှိုက်ထုတ်ပါ။ ပိုမဝင်အောင်သတိထားပါ။ ကော်ထုတ်မရက အရေးပေါ်အသက်ကယ်နည်းအတိုင်း လူနာဘေးဒူးထောက်ထိုင်၊ လူနာရင်ဘတ်ရင်သားနှစ်ခုကြား မိမိလက်ဖနောင့်တစ်ဖက်တင်၊ ကျန်တစ်ဖက်ဆုပ်ကိုင်။ တစ်တောင်နှစ်ဖက်တည့်တည့်ထား၊ မိမိ၏ကိုယ်အပေါ်အလေးချိန် ပခုံးနှစ်ဖက်ဖြင့် အားယူ၊ လူနာရင်ဘတ် နှစ်လက်မခန့်နိမ့်သည်အထိ မြန်မြန်အားစိုက်ဖိပါ၊ ပြန်လွှတ်ပါ၊ လူနာရင်ဘတ်ပြန်ကြွလာမယ်။ တစ်စက္ကန့်နှစ်ကြိမ်နှုန်းဖိ၊ လွှတ်လုပ်ပါ။ ပိတ်ဆို့နေသောအစာသည် အဆုတ်မှ တွန်း ထုတ်သောလေအားနှင့်ထွက်လာမည်။ လူနာပါးစပ်ကို အမြဲစစ်ကြည့်ပါ။ တွေ့ရှိက ကော်ထုတ်ပစ်ပါ။

တစ်နှစ်အောက်ကလေး

သင်ထိုင်ပြီး ကလေးကိုသင့်ဘယ်ဘက်လက်ပေါ် မှောက်လျက်

တင်ပြီး ခေါင်းအောက်စိုက်ကိုင်ပါ။ သင်၏ ညာလက်ဖနောင့်ဖြင့် ကလေးကျောပြင်၊ လက်ပြင်ရိုးနှစ်ခုကြား ငါးကြိမ်ခပ်ဆတ်ဆတ်ချပါ။ မြေဆွဲအား၊ သင့်ရိုက်ချက်အားနှင့် နင်နေသောအစာထွက်လာမည်။ မထွက်သေးက ကလေးကိုပက်လက် ခေါင်းအောက်စိုက်ပြန်တင်ပြီး ကလေးရင်ညွန့်ရိုးအောက်အရှိုက်ကို သင့်ညာလက်ညှိုးနှစ်ချောင်းဖြင့် ငါးချက်မြန်မြန်နှင့်မှန်မှန် ဖိတွန်းပေးပါ။ အစာမထွက်မချင်း ငါးချက်စီ ကြိုးစားကြည့်ပါ။ သင်လည်းပဲ အသက်တစ်ချောင်း ဇီဝိတဒါနကယ်တင်နိုင်ပါသည်။

ရွှေရတနာအရဏ်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၂၀) ရပ်ကွက် (သံဒင်း) မကွေးလမ်းတွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေရတနာအရဏ်သစ်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ သက်ဆိုင်ရာဌာနများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ကြက်ခြေနီအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ မြို့မိမြို့ဖများ၊ ပြည်သူများ၊ စာပေဝါသနာရှင်များ တက်ရောက်ကြပြီး စာပေလေ့လာနေမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက ယခုစာကြည့်တိုက်ဖွင့်လှစ်သည့်နည်းတူ ရွှေပြည်သာမြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှုကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က စာကြည့်တိုက်များရေရှည်တည်တံ့ရေးအတွက် အမြဲတစေကြိုးပမ်းရမည့် အကြောင်းများကို လည်းကောင်း ပြောကြားပြီး တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ စာကြည့်တိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၆၈၄)

လုပ်ငန်း/စီးပွားရေးကြော်ငြာ



Spring Mattress(Single, Queen, King size)
ဟိုတယ်နှင့်အိမ်သုံးရန်အတွက် ဈေးနှုန်းချိုးသာစွာဖြင့်
လက်လီလက်ကားရောင်းချနေပါသည်။
*** ရောင်း/မောင်း အလိုရှိသည်။ လစာကောင်းပေးမည်။**
ဆက်သွယ်ရန် -Ph:09-5112408, 09-5141488



စက်မှုလက်မှုအထက်တန်းကျောင်း
အမှတ်(၂)၊ ရန်ကုန်(ဘောင်ဒရီ)
၂၀၁၄ခုနှစ်၊ နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့်
ကျောင်းသားများတွေ့ဆုံပွဲဖိတ်ကြားလွှာ

စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၂)တွင် ပညာသင်ယူခဲ့ကြသောတပည့်များမှ ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုပူဇော်ကန်တော့ရန်နှင့် ကွဲကွာနေသော ဆရာတပည့်များ ပြန်လည်တွေ့ဆုံနိုင်ရန် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ရိုသေစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၈း၀၀နာရီမှ ၁၀း၃၀ နာရီအထိ
အခမ်းအနားစတင်ချိန် - နံနက် ၈း၃၀ နာရီ
နေရာ - Dolphin Restaurant

မြေပဒေသာကျွန်း၊ နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ရှေ့၊ ဗဟန်းမြို့နယ်။
ကိုခင်ဆွေ(R-72)09-73131957၊ ကိုဇော်ဇော်ထွန်း(BC-94) 09-254043326

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

သုခမ္မသိင်္ဂီဒေါ်နန်းတိုးတိုးရွှေ(ဒါရိုက်တာအောင်စည်းဖိမ်ကျောက်မျက်ကုမ္ပဏီ)၏ခင်ပွန်း **ဦးအောင်ကြီး(မန်နေဂျင်းဒါရိုက်တာ အောင်စည်းဖိမ်ကျောက်မျက်ကုမ္ပဏီ" ကျေးဇူးကြီးလှမိနှင့်ဖ")** သည် ၄-၁-၂၀၁၄ ရက်တွင် နိုင်ငံတော်မှအမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၄ ဖြင့် ချီးမြှင့်သော **"သုဓမ္မမဏိဇောတဓရ"**ဘွဲ့တံဆိပ်အား ထိုက်တန်စွာရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံနှင့်လူမျိုးအကျိုး၊ ဘာသာ/သာသနာအကျိုးအား ယခုထက်အဆပေါင်းများစွာပို၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

(အစ်မ) ဦးခင်မောင်တင့်-ဒေါ်ရီရီမြင့်
"စည်သူ"ကွန်ပျူတာသင်တန်းကျောက်ဆည်

(ညီ) ဦးနေမျိုး-ဒေါ်အေးမြ
မန္တလာမျိုးရောင်းဝယ်ရေးမလွန်

(ညီမ) ဒုရဲအုပ်သူရ-ဒေါ်မိုးမိုးသင်း
မန္တလေးခရိုင်အထူးမှုခင်းနှိမ်နင်းရေးဌာနစိတ်

(အစ်ကို) ဗိုလ်ကြီးထွန်းလွင်မြင့်-ဒေါ်ခင်ကြွေ
ဆအတ(၁)၊သန်လျင်မြို့

(ညီမ) ဦးကိုကိုခိုင်လင်းအောင်-ဒေါ်ယုယုမာ
မန္တလာမျိုးရောင်းဝယ်ရေးပဒါန်း

တူ/တူမများ

ရန်ကုန်တက္ကသိုလ်ဆေးသိပ္ပံမဟာဌာန
၁၉၅၈-၁၉၅၉-၁၉၆၀ ခုနှစ်များတွင် စတင်တက်ရောက်ခဲ့သော
ကျောင်းသား၊ ကျောင်းသူများ၏(ရွှေရတုမိတ်ဆုံစားပွဲ)

စဉ်	နေ့ရက်	အစီအစဉ်	နေရာ	အချိန်
၁။	၁၇-၁-၂၀၁၄(သောကြာနေ့)	အကြိုမိတ်ဆုံညစာစားပွဲ	Orchid Hotel,အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့် ဖုန်း-၀၁-၃၉၉၉၃၀	ညနေ ၆း၀၀ နာရီ
၂။	၁၈-၁-၂၀၁၄ (စနေနေ့)	(က)စုပေါင်းဓာတ်ပုံရိုက်ပွဲ	ဆေးတက္ကသိုလ်(၁)၊လမ်းမတော်။	နံနက် ၁၀း၃၀ နာရီ
		(ခ)မိတ်ဆုံညစာစားပွဲ	Summit Park View Hotel,အလုံလမ်း	ညနေ ၆း၃၀ နာရီ
၃။	၁၉-၁-၂၀၁၄-၂၁-၁-၂၀၁၄	ငွေဆောင်ခရီးစဉ်	စုရပ်။ Orchid Hotel	ထွက်ခွာချိန် နံနက် ၈း၀၀နာရီ
၄။	၂၂-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)	ရန်ကုန်မြစ်တွင်း အပျော်စီးသင်္ဘောခရီးစဉ်	စုရပ်။ Orchid Hotel	ညနေ ၄း၀၀ နာရီ
၅။	၂၃-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့)	နှုတ်ဆက်ညစာစားပွဲ	My Garden Restaurant,အလုံလမ်း၊ Summit Park View Hotel ရှေ့	ညနေ ၆း၃၀ နာရီ

အထက(၁)သဃ်န်းကျွန်း(၁၉၅၄မှ၁၉၇၅/၇၆)
အငြမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

အထက(၁)သဃ်န်းကျွန်းတွင် ၁၉၅၄ ခုနှစ်မှ ၁၉၇၅/၇၆ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအားပူဇော်ကန်တော့ပွဲကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်(စနေနေ့)၊ နံနက် ၈ နာရီတွင်အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ကျောင်းအုပ်ဆရာမကြီး ဖုန်း ၅၆၁၄၁၂/၅၆၅၉၆၆၊ ဦးသိန်းလွင်(မျက်မမြင်များမိတ်သဟာယ) ဖုန်း ၀၉-၅၁၂၃၈၇၃၊ ဒေါ်နီလာမွန် ဖုန်း-၀၉-၇၃၀၁၀၇၈၁၊ ဦးခင်ညိုထွန်း ဖုန်း၀၉-၅၁၄၉၅၅၄၊ ဦးကျင်သိန်း(ထွန်းဘဏ္ဍာလက်ဖက်ရည်ဆိုင်) ဖုန်း-၀၉-၄၉၂၁၇၅၄၅၊ ဦးမွန်ကြိုင်(အေဝမ်းသကြားလုံး၊ မန္တလေး) ဖုန်း ၀၉-၂၀၀၂၀၆၅၊ ဦးခင်လှိုင် ဖုန်း၀၉-၇၃၀၂၂၉၄၉၊ ဒေါ်မော်မော်စိုး ဖုန်း-၀၉-၅၀၉၅၀၀၆၊ ဦးအောင်သင်း ဖုန်း၀၉-၅၀၇၃၀၆၄၊ ဦးဝင်းမြင့် ဖုန်း၀၉-၅၄၁၇၂၉၅၊ ဦးလင်းဦး ဖုန်း၀၉-၇၃၀၀၁၃၂၇၊ ဗိုလ်မှူးကြီးတင်ထွန်းအောင် ဖုန်း၀၉-၅၃၂၀၅၆၄၊ ဦးလှမိုး ဖုန်း၀၉-၅၄၀၁၆၀၁၊ ဦးအေးချစ်(E.E.A.C) ဖုန်း၀၉-၂၅၀၀၂၁၅၉၁၊ ဦးမြင့်အောင် ဖုန်း-၀၉-၄၄၈၀၅၁၁၄၇၊ ဒေါ်ခင်ဆွေဆွေသန်း ဖုန်း-၀၉-၄၉၅၈၁၅၁၇ တို့ထံဆက်သွယ်လျှုဒါန်းနိုင်ကြောင်းနှိုးဆော်အပ်ပါသည်။

ညှိနှိုင်းအစည်းအဝေးပွဲကို ၁၁-၁-၂၀၁၄ရက်(စနေနေ့)နှင့် ၈-၂-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁)သဃ်န်းကျွန်း၊ ကျောင်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသူများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယာဉ်မောင်း(၁)ဦး အလိုရှိသည်

(အိမ်စီးကား) အသက်(၄၀-၅၀)နှစ်ကြား၊ လုပ်သက်အနည်းဆုံး ၅ နှစ် လစာ-တစ်သိန်းခွဲ
Ph:652110, 0973164640

ပါမစ်မြေကွက်ရောင်းမည်

တ/ဒဂုံ(၁၅၃)အတွင်းကွက်၊ ၈၅ သိန်း၊ လမ်းမကွက်၊ ၁၃၅သိန်း၊ ဒဂုံအရှေ့(၁၁၈) ထောင့်ကွက်၊ နေရာကောင်း၊ ၁၆၅ သိန်း
ဖုန်း-၀၉-၅၁၃၄၆၃၀၊ ၀၉-၃၁၅၅၉၇၅၅



ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်-၁၇၁၊ ၄-လွှာနေ ကျွန်မ မခိုင်မာဝင်း[၁၂/အလန(နိုင်)၀၃၄၄၀၃]နှင့် မောင်အောင်သန်း [S/OKA-၀၇၃၇၁၇]တို့သည် နှစ်ဖက်မိဘများ၊ ဆွေမျိုးများ သဘောတူညီချက်အရ ဂုဏ်သရေရှိလူကြီးများရှေ့မှောက်၌ ၁-၁-၂၀၁၄ ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်အောင်သန်း-မခိုင်မာဝင်း



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁အင်န်၊ မြေကွက်အမှတ်-ပဥ္စမတန်းစား-၆၈၊ မြေကွက်တည်နေရာအမှတ်(၁၃/၁၅)၊လမ်း-၁၀၀၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (မတင်ညွန့်နှင့်ဒေါ်ဖွားစိန်)အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ညွန့်နှင့်ဒေါ်ဖွားစိန်ထံမှ GP-၂၀၁၃၉/၁၈-၁၀-၂၀၁၃ ရသူ ဦးခင်မောင်ဦး[၁၂/မဂတ(နိုင်) ၀၅၄၇၄၈]က ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကတိသစ္စာပြုလွှာ တို့ကိုတင်ပြ၍ ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ် ၄၃၃/က၊ မြေကွက်တည်နေရာအမှတ်(၄၃၃/က)၊ ပင်းယလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးမောင်စိန်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်စိန်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမြင့်သိန်း[၁၂/ဥကတ(နိုင်)၀၇၄၁၁၃]က ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/လမုတန်း၊ မြေကွက်အမှတ်-၂၂၀၊ မြေကွက်တည်နေရာအမှတ်(၂၂၀)၊ နဝဒေးလမ်း၊ လမုတန်းရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးစိန်မောင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိန်မောင်ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်စီ[N/OKA-၀၂၄၂၃၀]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ လူနေရပ်ကွက်အမှတ်(၃၀)၊ ဆောင်းပဟမာန်အိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်း(၁၈)အား၊ အမည်ပေါက် ဦးထွန်းကြည်[၉/မနမ(နိုင်)၀၆၉၀၉၃]ထံမှ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်မီသင်းလွင်[၁၂/ပဇတ(နိုင်)၀၀၄၈၃၁]က အဆောက်အအုံနေထိုင်ခွင့်စာချုပ်တင်ပြ၍ တိုက်ခန်းအမည်ပေါက်ပြောင်းလဲပေးပါရန်လျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၃၀၊ လူနေရပ်ကွက်အမှတ်-၃၀၊ ဆောင်းပဟမာန်အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၁) အမည်ပေါက် ဒေါ်မပု[၁၁/မအန(နိုင်)၀၀၂၆၄၂]၊ ဦးကိုလေး[၁၁/မအန(နိုင်)၀၀၀၅၆၀]ထံမှ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကိုလေး[၁၁/မအန(နိုင်)၀၀၀၅၆၀]က အဆောက်အအုံနေထိုင်ခွင့်စာချုပ်တင်ပြ၍ တိုက်ခန်းအမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ငမိုးရိပ်၊ မြေကွက်အမှတ်-၃၆၁၊ မြေကွက်တည်နေရာအမှတ်(၃၆၁)၊ ငမိုးရိပ်(၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်း၊ (ဦးသာဒင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးသာဒင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစန်းချစ်ဦး[၈/ပခက(နိုင်)၁၅၁၈၄၈]က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၅၆၅/ခ၊ မြေကွက်တည်နေရာအမှတ်(၅၆၅/ခ)၊ မာယ(၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးတင်ညိမ်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးတင်ညိမ်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နှင်းဝေဝေလွင်[၃/ဘအန(နိုင်)၂၆၀၄၅၃]က ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ်-၃၂၂၊ မြေကွက်တည်နေရာအမှတ်(၃၂၂)၊ ပုသိမ်လမ်း၊ ရွှေပြည်သာ [ဦးနော်ဘီဟူစိန်(ခ)ဦးမောင်စိန်] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးနော်ဘီဟူစိန်(ခ)ဦးမောင်စိန် (AKB-၂၁၇၉၉၃)ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၀၊ မြေကွက်အမှတ်-၉၈၉၊ မြေကွက်တည်နေရာအမှတ်(၉၈၉)၊ (၈၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဒေါ်ခင်နှင်းမာ)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်နှင်းမာထံမှ အရပ်စာချုပ်ဖြင့် ဒေါ်မိမိစံ[၁၂/ကမတ(နိုင်)၀၄၆၄၀၁]မှဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ်-၂၄၆/က၊ မြေကွက်တည်နေရာအမှတ်(၂၄၆/က)၊ မင်းရဲကျော်စွာလမ်း၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ သဃ်န်းကျွန်း၊ (ဦးထွန်းကြိုင်)[၁၂/သဃက(နိုင်)၁၀၀၈၁၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းကြိုင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ကျင်သီ[၁၂/ သဃက(နိုင်)၁၀၀၈၂၂]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၂၊ မြေကွက်အမှတ်-၂၄ဒီ/၂၊ မြေကွက်တည်နေရာအမှတ်-၄၇၇၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ် (ဒေါ်ခင်ခင်) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်ခင်ကွယ်လွန်သဖြင့် ဦးကျော်မင်း[၁၂/ကမရ(နိုင်)၀၃၃၆၃၂]က ဒေါ်ခင်ခင် ဝယ်ယူထားသည့် အရောင်းအဝယ်စာချုပ်အမှတ် ၆၂၃/၃၁-၅-၆၀ စာချုပ်မိတ္တူမှန်က တရားဝင်ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

WIPO (Switzerland) WIPO (Switzerland)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
သဃ်န်းကျွန်းမြို့နယ်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမကြီးအမှုအမှတ်-၈၃

ဦးစိန်ထွန်း (အခွင့်ရကိုယ်စားလှယ် ဒေါ်ထူးထူးဆွေ) **(တရားလို)**

နှင့်

၁။ ဦးပွတ်စူး
၂။ ဒေါ်သိန်းညွန့် **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၉/မြောက်ရပ်ကွက်၊ ပြည်တော်သာလမ်းသွယ်(၃)လမ်း၊ အမှတ်-၇၀/၇၁/ ၇၂/၇၃ တွင် နေထိုင်သော(ယခုနေရပ်လိပ်စာမသိ) ဦးပွတ်စူးနှင့် ဒေါ်သိန်းညွန့်တို့ သိစေရမည်။

သင်တို့အပေါ်၌ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်)သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(သန်းလွင်)
တွဲဖက်မြို့နယ်တရားသူကြီး
သင်္ဃန်းကျွန်းမြို့နယ်တရားရုံး

အများသိစေရန် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းကျေးရွာ၊ ရော်ဘာနီကုန်းရပ်၊ ကွင်းအမှတ်-၅၉၃၊ ဦးပိုင်အမှတ်(၁၀/က)၊ ဧရိယာ(၀. ၃၀)ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ လူနေအိမ်အပါအဝင် အိမ်ခြံမြေမှာ ကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်ရှုကီလာနှင့် ဦးဝင်းရွှေတို့၏အမည်ဖြင့် မြေခွန် အမည်ပေါက်လျက်ရှိပါသည်။ အဆိုပါအိမ်ခြံမြေမှာ ကျွန်ုပ်၏အမှုသည်များ လက်ဝယ်လက်ရှိ ပိုင်ဆိုင်လျက်ရှိပါသောကြောင့် ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ နှောင့်ယှက်ခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ မည်သူမဆို နှောင့်ယှက်ခြင်းပြုပါက တရားဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းထွန်းငြိမ်း LL.B,D.I.L (အထက်တန်းရှေ့နေ)
အမှတ်-၁၀/၁၂(ပထမထပ်)၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာပုံအိမ်ရာ၊ (၁၀/မြောက်)ရပ်ကွက်၊ ရတနာပုံ(၃)လမ်း၊ အမှတ်(၂၆၂)၊ နှစ်(၆၀)ဂရန်မြေကွက်နှင့်အိမ်ကို အမည်ပေါက်ပိုင်ရှင် ဒေါ်နွဲ့နွဲ့စန်း[၁၂/ပဘတ(နိုင်)၀၀၅၁၇၅]ထံမှ အဆင့်ဆင့်တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးကျော်သူအောင်[၁၃/ကမန(နိုင်)၀၀၁၂၃၈]ထံမှ ဒေါ်သန်းနွဲ့[၁၂/သဃက(နိုင်)၀၆၄၄၈၃]က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလာ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ ၅-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်း၊ မင်္ဂလာဆင်မင်းအဆင့်မြင့်အိမ်ရာ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၆၀၂)၊ ၆လွှာ၊ အကျယ်အဝန်းပေ(၁၅×၆၀)ရှိ တိုက်ခန်းနှင့်တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားရှိသည့် ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ရောင်းချသူ ဒေါ်နန်းအေးမြင့်[၉/မနမ(နိုင်)၀၉၈၄၀၀]ဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူ၍ ရောင်းဖိုးငွေပေးချေပြီး လက်ရောက်နေထိုင်လျက်ရှိကြပါသည်။

ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်တော့်ထံ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးအောင်(၆၉၁၄) B.A,R.L,D.B.L (တရားလွှတ်တော်ရှေ့နေ)
အမှတ်-၁၆၀၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၀၂၆၀၇

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
မောင်ဉာဏ်ထက်မင်း(ခ)Arun Kumar
(၈) နှစ် (၅) လ
Grade (IV)B ရန်ကင်း T.T.C
၈-၁-၂၀၁၃ မှ ၈-၁-၂၀၁၄

ချစ်သားကြီး မိဘနှင့် မိသားစုရင်ခွင်ထဲက ခွဲခွာသွားတာ ဒီနေ့ (၁)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ဖေဖေနဲ့ မေမေ့ရင်ထဲ သားကြီးအမြဲရှိဆဲပါ။ သားကြီးကို တစ်နေ့မှ မေ့မရဘဲ အစဉ်ထာဝရသတိရလျက်ပါ။ သားကြီးအတွက် ရည်စူး၍ နေ့စဉ်လစဉ်ပြုလုပ်သော ကောင်းမှုအစုစုတို့ကို အမျှ-အမျှ-အမျှ ပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓု-သာဓု-သာဓု ခေါ်ဆိုနိုင်ပါစေ ချစ်သားကြီးရေ။

ဖေဖေ - ဦးဘီအာနန်း
မေမေ - ဒေါ်ဘေဘီရာ(ချ်)
ညီလေး - မောင်ကောင်းထက်မင်း(ရန်ကင်း T.T.C)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်လှ (၉၁)နှစ်
(ဗန်းမော်-မြစ်ကြီးနား)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ အမှတ်(၆၄-B၊ ၄လွှာ)နေ မြစ်ကြီးနားအသင်းဝင် ဦးမောင်မောင်လွင်၊ ဦးဝင်းတင့်(ညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)-ဒေါ်ထွေးထွေးလှတို့၏မွေးသမိခင်သည် ၃၁-၁၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၅း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
မြစ်ကြီးနားအသင်း(ရန်ကုန်)

၂၇-၁၂-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ၌ အမေရိကန်နိုင်ငံ Los Angeles အခြေစိုက် Power Music ကုမ္ပဏီ၏ သတိပေးကြေညာချက်ခေါင်းစဉ်ဖြင့် တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုး၏ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မထိုက်ထိုက်အောင်(ခ)Htike Htikeနှင့် မဆုပြည့်မှူးအိမ်(ခ)Cha Cha တို့ပါဝင်သော Me N Ma Girls အဖွဲ့ကို Power Music ကုမ္ပဏီမှ Mr.Daniel Hubbert ဆိုသူကတေးစီးရီး(Album) ထုတ်ပေးမည်ဖြစ်ပြီး၊ရရှိလာသော အကျိုးအမြတ်များကို အချိုးကျခွဲဝေယူကြမည်ဟုပြောဆို၍ ၁၂-၆-၂၀၁၂ ရက်စွဲပါ အင်္ဂလိပ်လိုရေးသားထားသည့်စာချုပ်ကို ကျွန်ုပ်၏မိတ်ဆွေများအား ရှင်းပြပြောဆိုခြင်းမရှိဘဲ တစ်ဖက်သတ်လက်မှတ်ရေးထိုးခိုင်းခဲ့ကြောင်း။ သို့သော် Power Music ကုမ္ပဏီဘက်မှ ယနေ့အချိန်ထိတေးစီးရီး (Album)ဖြစ်မြောက်အောင်ဆောင်ရွက်ပေးခြင်းမရှိဘဲ စာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်နေခြင်းဖြစ်ပြီး၊ကျွန်ုပ်၏ မိတ်ဆွေများက လုံးဝဖောက်ဖျက်မှုမရှိကြောင်း၊သို့ဖြစ်၍Power Music ကုမ္ပဏီ၏သတိပေးကြေညာချက်ပါအချက်အလက်များ လုံးဝမှန်ကန်မှုမရှိကြောင်းနှင့် မထိုက်ထိုက်အောင်နှင့် မဆုပြည့်မှူးအိမ်တို့၏ နာမည်ကောင်းသတင်း၊ အကျင့်သိက္ခာ၊ ဂုဏ်သရေနှင့် အကျိုးစီးပွားထိခိုက်နစ်နာပျက်စီးစေရန် တမင်ပြုလုပ်နေခြင်းဖြစ်၍ အဆိုပါသတင်းစာကြေညာချက်ကို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ၎င်းတို့နှစ်ဦး၏ သဘောတူခွင့်ပြုချက်မရှိဘဲ Me N Ma Girls အမည်ကို အသုံးပြုခွင့်မရှိကြောင်း၊ လိုက်နာခြင်းမရှိပါက Power Music ကုမ္ပဏီအပါအဝင် ပါဝင်ပတ်သက်သူများကို မထိုက်ထိုက်အောင်နှင့် မဆုပြည့်မှူးအိမ်တို့က ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မထိုက်ထိုက်အောင်(ခ)Htike Htike နှင့်မဆုပြည့်မှူးအိမ်(ခ)Cha Chaတို့၏ညွှန်ကြားချက်ဖြင့်-
ဦးခင်မောင်ဦး LL.B.,D.B.L
အထက်တန်းရှေ့နေ(စဉ်-၂၃၇၄၁)
အမှတ်-၅၆၁၊ ပ-ထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်ကြေညာချက်

သန်လျင်မြို့နယ်၊ ထမလုံကျေးရွာကုန်းထိပ်၊ ထန်းပင်ဆိပ်(၈)မအိလမ်းတွင်းရှိ ပေ(၂၆×၆၆) မြေကွက်အား မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ယမင်းစိုးထံမှ နှစ်ဦးသဘောတူစာချုပ်ဖြင့် ကျွန်မ ဒေါ်အေးအေးလွင်[၁၃/တကန(နိုင်)၀၂၄၆၂၂]မှ ၁-၁၁-၂၀၁၃ ရက်တွင် အပြီးအပိုင်အိမ်နှင့်မြေအရောင်းအဝယ်ပြုလုပ်ပြီး ဖြစ်ပါသည်။ အဆိုပါအိမ်နှင့်မြေနှင့်ပတ်သက်၍ ကျွန်မဒေါ်အေးအေးလွင်မသိရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ပါရန် အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်အေးအေးလွင်[၁၃/တကန(နိုင်)၀၂၄၆၂၂]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၄၊ မြေကွက်အမှတ်-၈၇၆၊ ဧရိယာ(၀. ၀၆၈)ဧကရှိ ပါမစ်မြေကွက်ကို ဦးစောဝေါလ်တာခိုင်[၁၂/လမန(နိုင်)၀၁၁၀၃၈]အမည်ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၄၊ မြေကွက်အမှတ်-၈၇၇၊ဧရိယာ(၀. ၀၆၈)ဧကရှိ ပါမစ်မြေကွက်ကို ဦးစောရစ်ချက်ခိုင်[၁၂/ကမတ(နိုင်)၀၄၄၆၇၅]အမည်ဖြင့်လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အခွန်ဌာနခွဲ ရန်ကုန်မြို့တွင်မှတ်သားထားရှိပြီး ၎င်းတို့ထံမှ စာချုပ်ချုပ်ဆိုဝယ်ယူပိုင်ဆိုင်လက်ဝယ်အကျိုးခံစားခွင့်ရလျက်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဒေါ်မာမာဦး(ဘ) ဦးတင်စိန်[၇/ဒဥန(နိုင်)၀၁၁၉၇၆]ထံမှထပ်ဆင့်၍ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးဝေလ (ဘ)ဦးတိတ်ရီ[၁၂/စခန(နိုင်)၀၁၄၀၈၄]နှင့် ဒေါ်မူမူ(ဘ)ဦးကျော်လှိုင်[၁၂/ကမရ(နိုင်)၀၁၆၅၄၈]တို့မှ အပြီးအပိုင်စာချုပ်ချုပ်ဆို၍ တန်ဖိုးငွေအပြေအကျေပေးပြီး လက်ရောက်လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့်ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဥပဒေအရပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်တို့ထံတင်ပြကန့်ကွက်နိုင်ပါသည်။

ညွှန်ကြားချက်အရ-
ဦးစိန်မင်း A.G.T.I(M.T),LL.B(စဉ်-၅၀၆၆)
တရားလွှတ်တော်ရှေ့နေနှင့် ကုမ္ပဏီများ၏အတိုင်ပင်ခံရှေ့နေ

ဒေါ်မေဆုလှိုင်	ဒေါ်ယဉ်ယဉ်အေး	ဒေါ်ယုယုမော်	ဒေါ်သင်းသီရိအောင်
C.B.L,LL.B,LL.M,M.MRes	C.B.L,LLB	C.B.L,LLB	LL.B
စဉ်-၂၅၁၇၈	စဉ်-၂၆၆၉၂	စဉ်-၂၅၂၉၇	စဉ်-၃၉၀၇၃

အထက်တန်းရှေ့နေများ
ရုံး-အခန်း(၃၀၁/၁)၊ တိုက်(၉/၁၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ်-အမှတ်-၃၃၅၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၀၅၆၉၄

ပြင်ဆင်ဖတ်ရှု

ဇန်နဝါရီလ ၃ ရက်နေ့ စာမျက်နှာ ၂၂ ပါ ဝမ်းနည်းဗိုလ်မှူးမြဘူး(လေ-အငြိမ်းစား) အသက်(၇၄)နှစ်ကြော်ငြာတွင် Royal Malikha Luxury Condominium Sustain Construction Co.,Ltd.ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော်သန်းထွန်းဦး[၁၂/လသန(နိုင်)၀၀၂၁၄၃]၏ Passport No.MA 084371 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၁၂၆၃၃၆

ကန့်ကွက်နိုင်ပါသည်

PIONEER LAW FIRM

ဝမ်းနည်းကြေကွဲခြင်း
ဦးဇော်မျိုးထွင့်(ဂီတမှူး)
ထပ်ဆင့်အကယ်ဒမီ၊ မဇ္ဈိမလှိုင်းတေးဂီတ
အသက်(၅၄)နှစ်

ထပ်ဆင့်အကယ်ဒမီ ဦးဇော်မျိုးထွင့် အသက်(၅၄)နှစ်သည် ၅-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ
မြန်မာ့ရုပ်ရှင်လုပ်ငန်း

ဘုရားဒါယကာ
ဦးထွန်းအိ (၈၅)နှစ်
(ဝါးရုံဆိပ်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးတန်းတောင်အနောက်ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၅၄-က)၊ ရှစ်လွှာနေ (ဦးလှကြွယ်-ဒေါ်စိန်ညို)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်နှင်းလှိုင်)တို့၏ သားသမက်၊ (ဒေါ်တင်ရှိန်)၏ ခင်ပွန်း၊ ဒေါက်တာသိန်းထွန်း (ပါမောက္ခ/ဌာနမှူး၊ ရူပဗေဒဌာန၊ တောင်ငူတက္ကသိုလ်)-ဒေါ်သန်းသန်းဌေး၊ (ဦးအေးထွန်း)-ဒေါ်အေးအေးမြင့်၊ ဒေါ်တင်တင်အေး (အလက-၂၊ ဒေါပုံ)၊ (ဦးမြင့်ထွန်း)-ဒေါ်စန်းနွဲ့၊ ဦးသန်းလှထွန်း-ဒေါ်သီတာ၊ (ဦးလှအေး)-ဒေါ်ဝါဝါအေး၊ ဒေါ်နွယ်နီအေး၊ ဦးစိုးမြင့်သန်း (စာတည်း၊ တာဝန်ခံ၊ စာပေဗိမာန်)-ဒေါ်စန္ဒာအေး (ကထိက၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးမင်းရဲထွန်း(မင်းမင်းစိုးကဖီး)-ဒေါ်ခင်ခင်စိုး (ပန်းရွှေစင်အလှပြုပြင်ရေး)၊ ဦးသန်းလွင် [Deputy General Manager (Medical Group) Amtt Co., Ltd.]-ဒေါ်ယုဇနအေးတို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၆-၁-၂၀၁၄(တနင်္လာနေ့) ည ၇း၄၇ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အေးမြရီ (၇၈)နှစ်
(ဗဟိုစာရင်းစစ်ချုပ်ရုံး-ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ သော်တာလမ်း၊ အမှတ်(၆၇၀)နေ ဦးဖိုးဟန်-ဒေါ်လှသွယ်တို့၏သမီး၊ (ဦးဖိုးထွန်း-ဒေါ်စောညွန့်)တို့၏ သမီးချွေးမ၊ (ဦးမောင်မောင်)-ဒေါ်ညွန့်တင်၊ (ဦးကြည်ဟင်)-ဒေါ်စိန်ကြိုင်၊ ဦးအုန်းမောင်၊ (ဦးသောင်းခင်)-ဒေါ်ချိန်းကြည်တို့၏ညီမ၊ ဦးမောင်ကြီး-ဒေါ်သင်းသင်းအေး၊ (ဦးတင်လှိုင်)-ဒေါ်ခင်သောင်းတို့၏အစ်မ၊ ဦးဝင်းတင်(စာရင်းစစ်ချုပ်ရုံး-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်အေးမြရီ (စာရင်းစစ်ချုပ်ရုံး-ငြိမ်း)သည် ၂-၁-၂၀၁၄(ကြာသပတေးနေ့)တွင် အရှေ့အနောက်ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၄(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးတိုက်စိန်(ခ)တန်စုလင်
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ ကျုံးကြီးလမ်း၊ အမှတ်(၁၂၇)နေ ဦးတိုက်စိန်(ခ)တန်စုလင်သည် ၇-၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်တင်သီတာ (၄၈)နှစ်
(ဘိုကလေး)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အမှတ်(၃၈)၊ ကွမ်းရွှံတန်းလမ်းနေ ဦးတင်လှ-(ဒေါ်ခင်ဆွေရီ)တို့၏ သမီး၊ ဦးအောင်မြင့်-ဒေါ်သန်းသန်းတို့၏ သမီးချွေးမ၊ ဗိုလ်ကြီးကိုကိုအောင်(ငြိမ်း)၏ ဇနီး၊ မစန္ဒီကိုကို၊ မခင်မြတ်နိုးကိုကိုတို့၏ မွေးသဖခင်သည် ၆-၁-၂၀၁၄(တနင်္လာနေ့) ည ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားဒါယကာကြီး
ဦးရာမလေး (၉၆)နှစ်
(ကွမ်းခြံကုန်း)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ်(၆၅၄)နေ (ဒေါ်လှသင်)၏ ခင်ပွန်း၊ ဦးမြင့်ဦးသစ်-ဒေါ်မြကြင်၊ ဦးမြင့်ထူး-ဒေါ်ဌေးဌေးအောင်၊ ဦးမြင့်အေး-ဒေါ်သန်းကျင်၊ ဦးမြင့်သိန်း-ဒေါ်စီစီ၊ ဦးမြင့်ဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးမြင့်ခင်-ဒေါ်ခင်နွယ်အေး၊ ဦးမြင့်လွင်-ဒေါ်ကြည်ကြည်ဦး၊ ဦးစိုးဝင်းအောင်- ဒေါ်မြင့်မြင့်ထွေးတို့၏ ဖခင်ကြီး၊ မြေး ၁၇ ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၁-၂၀၁၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်သီ(ခ)တေကင်တီ
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၃၇၄)၊ (ပ)ထပ်၊ ကမ်းနားလမ်းနေ [ဦးချစ်တင်(ခ)ချန်ဘိန်ဝှက်]၏ဇနီး၊ ဒေါ်ခင်အေး၊ ဦးကျော်စိုး-ဒေါ်ရှုလေ၊ ဒေါ်ခင်ဝင်းတို့၏ မိခင်၊ မောင်ဟန်ဝင်းထွန်း၊ မသဥ္ဇာဦးတို့၏အဘွားသည် ၇-၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၉း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာသို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးတင်ထွန်း (၈၄)နှစ်
ကကလှမ်း(ငြိမ်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်(၁၀၂)၊ အခန်း(၃)နေ ဒေါ်ခင်လေး (အလက-၁၊ ရန်ကင်း-ငြိမ်း)၏ ခင်ပွန်း၊ ဦးဌေးအောင်ထွန်း-ဒေါ်စန္ဒာဝင်း၊ ဒေါ်နွယ်နွယ်ထွန်း-ဦးအောင်သန်းစိန်၊ ဒေါ်အေးအေးထွန်း-ဦးအောင်ဇော်မင်း၊ ဒေါ်သိင်္ဂီထွန်း-(ဦးမိုးကျော်သူ)၊ ဒေါ်ချိုချိုဦး-ဦးဌေးအောင်တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၆-၁-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရောဝတီတိုင်းဒေသကြီး
ဆို၊က၊ရေး၊တီး အကဲဖြတ်ဒိုင်
ဦးမိုးကျော်ထွန်း(ခ)တိတ်ဝမ်
အသက်(၇၅)နှစ်
လက်ထောက်ကထိက(ငြိမ်း)
မြောင်းမြပညာရေးကောလိပ်
ကန်တော့ခံဆရာ
အထက(၅) မြောင်းမြ(ငြိမ်း)

မြောင်းမြမြို့၊ (၈)ရပ်ကွက်၊ မန်းစောပုလမ်း၊ အမှတ်(၁)နေ (ဦးမောင်ဟိန်-ဒေါ်ကျင်မြ)တို့၏ သားထွေး၊ (ဦးတင်မောင်-ဒေါ်ပု)တို့၏သားသမက်၊ ဒေါ်တင်တင်ဌေး၏ခင်ပွန်း၊ (ဦးဟုတ်လှိုင်-ဒေါ်ခင်သိန်းမြင့်)၊ ဦးအောင်မျိုး(ခ)ဦးဟုတ်ပို့-ဒေါ်မေသန်း၊ (ဦးဟုတ်ကြိုင်)၊ ဒေါ်ခင်ဝင်းတို့၏ ညီ/မောင်၊ ဦးထွန်းလင်းထက်၊ ဦးနေမျိုးထက်-ဒေါ်ခင်သွယ်ဝင်း၊ ဦးနေမိုးထက်-ဒေါ်ကြူယဉ်၊ ဒေါ်စုမြတ်ထက်တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၆-၁-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရွှေဒါးကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သင်းမေ(မုဒုံ) (၈၉)နှစ်

မုဒုံမြို့၊ ကျောင်းသစ်ရပ်၊ ဓမ္မစေတီလမ်း၊ အမှတ်(၈၂)နေ (ဦးမောင်-ဒေါ်ငွေစိန်)တို့၏သမီးကြီး၊ (ဦးယူးတိတ်)၏ဇနီး၊ ဦးအေးကျော်-ဒေါ်ခင်လှနွဲ့၊ ဦးမျိုးချစ်-ဒေါ်ခင်အေးမူ၊ ဦးဝင်းဆွေ-ဒေါ်ဆွေဇင်မွန်၊ (ဦးတင်မြလှိုင်)-ဒေါ်နီနီထွေးတို့၏ချစ်လှစွာသောမွေးသမိခင်၊ ဗိုလ်မှူးတင်ထွန်း(ငြိမ်း)-ဒေါ်ခိုင်သီတာကျော်၊ ဗိုလ်မှူးအောင်မျိုးကျော်(သသန)-ဒေါ်စန်းဦးထင်၊ ဦးသက်စိုးလှိုင်-ဒေါ်ခင်မျိုးမျိုး (S.A.T၊ အထက-၃၊ မုဒုံ)၊ ဗိုလ်ကြီးကိုကိုဇော်(ငြိမ်း)-ဒေါ်ဆွေသင်းကြူ၊ ဦးသူရ-ဒေါ်အေးအေးမော် (ရွှေကမ္ဘာရောင်းဝယ်ရေး)၊ ဦးလှမိုးအောင် (E/E, C.S T-Hamburg Germany)-ဒေါ်ခိုင်စုစုမွန်၊ မောင်ကျော်ဇောလင်း၊ မဆုမြတ်မွန် (Partner Associates Int'L Co., Ltd.)၊ ဗိုလ်ကြီးအာကာကျော် (တနတ)၊ ဒေါက်တာဇင်လဲ့မွန်၊ မောင်စိုးမြအောင်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၇-၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ဝဝး၁ဝ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် မုဒုံမြို့ ကန်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးဝူရှုကွေး(ခ)ဦးအီးကေ
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် (၁၀၉/၁၁၁)၊ (အီးကေလက်ဖက်ရည်ဆိုင်)နေ (ဦးဝူမိန္နး-ဒေါ်အီမား)တို့၏သား၊ [ဒေါ်ရှော့မွှေး(ခ)ဒေါ်အေး]၏ခင်ပွန်း၊ ဦးဇော်မင်းအောင်-ဒေါ်ချိုချို၊ ဦးမြင့်လွင်-ဒေါ်လှလှ၊ ဦးအောင်မြင့်-ဒေါ်မြမြ၊ ဦးလှဝေ-ဒေါ်မီးမီး၊ ဦးထွန်းထွန်း-ဒေါ်ဖြူဖြူဇင်တို့၏ ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၆-၁-၂၀၁၄ (တနင်္လာနေ့) ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မြေမြှုပ်သဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောအေးဘယ်ဒေးဗစ်
အသက်(၈၁)နှစ်
(အုတ်ကျင်းဂုံနီစက်ရုံ-ငြိမ်း)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၉၃)(ခ)နေ (မန်းဒေးဗစ်-ဂျဲငြိမ်းလှ) တို့၏သား၊ (ဦးခရစ်စတိုဖာကီးယား-ဒေါ်အဲနာကီးယား)တို့၏ သားသမက်၊ ဒေါ်ခင်မြင့်(ခ)ပဂ္ဂီကီးယား၏ ခင်ပွန်း၊ (ဒေါ်မေရီဒေးဗစ်)၊ (ဒေါ်မော်လီဒေးဗစ်)၊ ဦးမူးဒီဒေးဗစ်၊ ဦးအောင်ဒေးဗစ်တို့၏ မောင်/ညီ၊ ဒေါ်အဲလစ်ဒေးဗစ်၊ ဒေါ်ဖလောရင့်ဒေးဒဗစ်တို့၏ အစ်ကို၊ ကိုသန့်ဇင်အောင်-ပက်ထရစ်ရှာဒေးဗစ်၊ အလောရှစ်ဒေးဗစ်-ခရစ်စတီးနား၊ ဦးအောင်ခိုင်-စန္ဒရာဒေးဗစ်၊ အယ်လင်ဒေးဗစ်-အေးသီတာခိုင်တို့၏ဖခင်၊မြေးခြောက်ယောက်တို့၏ အဘိုးသည် ၅-၁-၂၀၁၄ ရက် နံနက် ၅း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၁-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၀ နာရီ ဘုတာရုံလမ်း၊ BOC၊ အင်းစိန်၌ ဝတ်ပြုကိုးကွယ်၍ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု

ဦးဝင်းကြိုင် (၅၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးစိန်ထွန်း-ဒေါ်ငွေတင်)တို့၏ သား၊ (ဦးချိန်ဟုတ်)-ဒေါ်ကြင်စိန်တို့၏ သားသမက်၊ သန်လျင်မြို့၊ ယင်းမာပင်လမ်း၊ အမှတ်(၂၁)၊ အမှုထမ်းရပ်ကွက်နေ ဒေါ်ရှုအင်(စာရင်းစစ်ချုပ်ရုံး-ငြိမ်း)၏ ခင်ပွန်း၊ မယဉ်မျိုးအေး(မြန်မာ့ဆက်သွယ်ရေး၊ မရမ်းကုန်း)၏ဖခင်၊ ဦးမြင့်ထွန်း-ဒေါက်တာဒေါ်ကြည်ကြည်အေး၊ ဒေါ်ခင်မြမူ(ဒေါပုံစာရင်းရုံး)တို့၏မောင်၊ ဒေါ်သီသီနွဲ့(ရွှေဗျိုင်းဖြူ Co., Ltd.)၊ (ဦးစိုးဝင်းဗိုလ်)-ဒေါ်ငွေငွေထွန်း၊ ဦးနိုင်အောင်-ဒေါ်ယဉ်ယဉ်ဝင်း(Summit Park View Hotel)၊ ဦးရဲမျိုးမြင့်တို့၏ အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဘကြီးသည် ၇-၁-၂၀၁၄ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် အမိုးနီသုသာန် (သန်လျင်)၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြတင်(သန်လျင်) (၉၉)နှစ်

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ် (၁၃၂)နေ [ဦးလူသစ်(ခ)စောပျဦးဟုန်]၏ဇနီး၊ (ဦးကင်ဟုတ်-ဒေါ်ခင်သန်းအေး)၊ ဒေါ်မြင့်မြင့်အေး(ခ)ဒေါ်ရှုတီ(ကေကေ)၏ ကျေးဇူးရှင်မွေးသမိခင်၊ ဦးသိန်းဝင်း-ဒေါ်ယုယုခိုင်၊ ဦးမင်းဇော်-ဒေါ်သီသီလွင်၊ ဒေါ်စုစုခိုင်(မြန်မာ့ရွှေဆောင်ဘဏ်)၊ ဒေါ်ဆွေဆွေခိုင်၊ ဦးမျိုးဇော်၊ ဦးသူရဇော်-ဒေါ်မြတ်ကေခိုင်၊ မောင်ဖြိုးဟိန်းထိုက်တို့၏အဘွား၊ မောင်ပြည့်ဖြိုးသော်၊ မနှင်းဦးရည်ရွှန်တို့၏ ဘွားဘွားကြီးသည် ၆-၁-၂၀၁၄ (တနင်္လာနေ့) ညနေ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးထွန်းလှ(ဦးဟုတ်) (၉၅)နှစ်

မန္တလေးမြို့၊ အမှတ်(၁၆၆)၊ (၇၉)လမ်း၊ တရုတ်တန်းရပ်နေ ဒေါ်ယဉ်မေ၊ ဦးစိန်ဝင်း-ဒေါ်မြမြသန်း၊ ဦးမြင့်ဦး-ဒေါ်မို့မို့ ဟန်၊ (ဦးခင်မောင်ပြုံး-ဒေါ်မြစိန်)တို့၏ ဖခင်ကြီး၊ မြေး ၁၀ ယောက်၊ မြစ်သုံးယောက်တို့ဘိုးဘိုးကြီး၊ (ဒေါ်ကြင်မြ)၏ ခင်ပွန်းသည် ၇-၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဆရာကြီးဦးမြသိန်း (၈၅)နှစ်
တပ်ကြပ်ကြီး၊ တပ်မတော်(ရေ)(ငြိမ်း)

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဒေါ်သန်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအုန်းကျော်-ဒေါ်အေးသိန်း၊ ဦးသိန်းထွန်း-ဒေါ်ခင်နှင်းဆီ၊ ဦးအွန်ခမ့်ပေါင်-ဒေါ်စန်းစန်းသိန်း၊ ဦးကျော်ကျော်ထွေး-ဒေါ်လွင်လွင်သိန်းတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၆-၁-၂၀၁၄ (တနင်္လာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ မုခ်ဦး ဒါယကာကြီး
ဦးသိန်းကျော်(နတ္တလင်း) (၈၄)နှစ်
Y.O.C(16)(BC-7846)

နတ္တလင်းမြို့နေ (ဦးမောင်ကလေး-ဒေါ်ဒေါ်ကျန်)တို့၏သား၊ ပေါင်းတည်မြို့နေ (ဦးဘိုးတက်-ဒေါ်သိန်းနွယ်)တို့၏ သားသမက်၊ (ဦးအုန်းမြင့်-ဒေါ်ခင်မေသန်း)၊ ဦးသန်းကျော်-(ဒေါ်ရီ)တို့၏ညီ၊ ဒေါက်တာဦးကြည်-ဒေါ်ခင်သန်း၏ မောင်၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ တိုက် (9/D)၊ အခန်း (3/A)နေ ဒေါ်မာမာနွယ်၏ခင်ပွန်း၊ ဒေါ်နီမာကျော်၊ ဦးအောင်ကျော်စိုး-ဒေါ်ဖြူမာကျော်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မပန်းချီချီလွင်-မသင်းနန္ဒာနွယ်-မောင်ဟိန်းသန့်အောင်တို့၏ချစ်လှစွာသောအဘိုးသည် ၇-၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၄(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်လှဌေး (၇၄)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၅)၊ တိုက်(၉၃)၊ အခန်း(၇)နေ (ဦးဆိတ်-ဒေါ်မြခိုင်)တို့၏သမီး၊ (ဦးအောင်ထွန်းရီ)၏ဇနီး၊ (ဦးသိန်းစိုးအောင်)၊ ဦးညီညီအောင်-ဒေါ်မေဝင်းကြိုင်၊ ဒေါ်သန္တာအောင်(ဒု-ရုံးအဖွဲ့မှူး၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း)တို့၏မိခင်၊ မဖြိုးသဒ္ဒါအောင်(YIE)၊ မပိုးသဒ္ဒါအောင်(UCSY)၊ မောင်ဘုန်းပြည့် (TTC)တို့၏အဘွား သည် ၇-၁-၂၀၁၄ရက် နံနက် ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၃ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်သန်း(မိတ္ထီလာ) အသက်(၇၀)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အောင်ချမ်းသာ(၃)လမ်းနေ (ဦးစက်တင်-ဒေါ်မြရီ)တို့၏ သမီး၊ ဦးကျော်ခင်၏ဇနီး၊ ဦးအေးလွင်-ဒေါ်ကြည်ကြည်မြင့်၊ (ဗိုလ်မှူးမောင်ကို-ဒေါ်ကြည်ကြည်ဝင်း)၊ (ဦးကျော်မြင့်-ဒေါ်သန်းသန်းဦး)၊ (ဦးသက်တင်)-ဒေါ်ဝင်းဝင်းမော်၊ ဦးမြင့်ဌေး-ဒေါ်ချိုချိုမာ၊ ဒေါ်မိုးသီတာ၊ (မခင်ချိုသက်)တို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၆-၁-၂၀၁၄(တနင်္လာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သုဝဏ္ဏနေအိမ်မှကားများ နံနက် ၈နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးအောင်ခင် အသက်(၆၀)
(ယခင် ခေတ်လိုက်ပရိဘောဂ၊ ပုဇွန်တောင်)
(အထက-၃၊ ဗိုလ်တထောင်၊ ကျောင်းသားဟောင်း)

